# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၇)၊ အမှတ် (၀၇၂)


# ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

## ပထမဆု မေသူကျော်၊ ဒုတိယဆု ကြူကြူခိုင်၊ တတိယဆု ဖြူလှ၊ စတုတ္ထဆု Sa Paung ရရှိ





ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ် ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Grand Final ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ည ၈ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ People's Park ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဂီတကိုချစ်မြတ်နိုးသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူရှင် စေတနာရှင်များက လှူဒါန်းလျက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ယှဉ်ပြိုင်**

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ဖြူလှက တေးရေး ကိုင်ဇာ၏ "ဥမကွဲ သိုက်မပျက်" တေးသီချင်းဖြင့် လည်းကောင်း၊ ကြူကြူခိုင်က တေးရေး ရွှေတိုင်ညွန့်၏ "သီရိရတနာ" တေးသီချင်းဖြင့် လည်းကောင်း၊ Sa Paung က တေးရေး ကောင်းဇော်၏ "စစ်မဖြစ်နဲ့"တေးသီချင်းဖြင့် လည်းကောင်း၊ မေသူကျော်က တေးရေးနောင်နောင်(SF)၏ "ခွဲခြားချက်မရှိ"အမည်ရှိ တေးသီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**စုံတွဲသီချင်း ယှဉ်ပြိုင်**

ယင်းနောက် စုံတွဲသီချင်းဖြင့် ဆက်လက်ယှဉ်ပြိုင်ရာတွင် Sa Paung နှင့် မေသူကျော်က တေးရေး မင်းချစ်သူ၏ "ဆေးရောင်ခြယ်ပါ" တေးသီချင်းဖြင့် လည်းကောင်း၊ ဖြူလှနှင့် ကြူကြူခိုင်က တေးရေး မြတ်လေး၏ "ပန်းတိုင်းပွင့်ပါစေ"တေးသီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် တေးရေးဆရာ မင်းချစ်သူ၊ တေးသံရှင် နွဲ့ယဉ်ဝင်း၊ မြန်မာသံတေးသံရှင် တက္ကသိုလ်လဲ့လဲ့နှင့် တေးရေးဆရာ မြင့်မိုးအောင်တို့က ဆောင်ရွက်ကြပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုအပေါ် အမှတ်ပေးရွေးချယ်

စာမျက်နှာ ၃ ကော်လံ ၁ ✻

# ရိတ်သိမ်းပြီးစပါးများ စခန်းသိမ်းလွှဲပြောင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်



စာမျက်နှာ - ၁၀

# လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘင်္ဂလားကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ


AGDBANK

FIXED DEPOSIT +++

(စာရင်းသေအပ်ငွေစာရင်း)

စုဆောင်းငွေများ တိုးပွားပြီးရင်းတိုးပွားစေမယ့်

Fixed Deposit Plus Plus Plus +++

အနာဂတ်ကို ကြိုတင်ပြင်ဆင်ဖို့ AGD ဘဏ်မှာ စာရင်းသေအပ်ငွေဖြင့် သင့်ရဲ့ စီးပွားဥစ္စာများကို တိုးပွားစေလိုက်ပါ။
စာရင်းသေအပ်ငွေစာရင်း (Fixed Deposit+++) အတိုးနှုန်းအသစ်များကို (၂.၁၀.၂၀၁၇) ရက်နေ့မှစတင်၍ မိတ်ဆက်လိုက်ခြင်းကြောင့် စာရင်းသေအပ်ငွေကို မိမိနှစ်သက်ရာလအလိုက် ရွေးချယ်အပ်နှံနိုင်ပြီး ကိုယ်အပ်နှံထားသည့် နောက်ဆုံးလ၏ အတိုးနှုန်းကို ခံစားခွင့်ရရှိနိုင်မှာပါ။

အသေးစိတ်သိရှိလိုပါက ၀၁ ၂၃၉၉၃၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့အလင်း

# စွန့်ဦးတီထွင်သူများ အားကောင်းလာရေး ရေခံမြေခံကောင်းများ ထူထောင်ပေးဖို့လို

**Entrepreneur** ဆိုသည့် အင်္ဂလိပ်ဝေါဟာရကို စွန့်ဦးတီထွင်သူ၊ စွန့်ထွင်ဦးစီးသူ စသည်ဖြင့် မြန်မာပြန်ဆိုကြသည်။ အနက် အဓိပ္ပာယ်ကတော့ စီးပွားရေးလုပ်ငန်းများကို စွန့်စားတီထွင် ဦးစီးဆောင်ရွက်ကြသူများ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် **entrepreneur** တို့သည် အရေးပါကြောင်း၊ နိုင်ငံတစ်ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရာတွင် တဖြည်းဖြည်း တညီတညာ တိုးတက်ခြင်းသဘော မဟုတ်ဘဲ ခုန်ကူးပြောင်းလဲတတ်သည့် ဒိုင်းနမစ်သဘောရှိကြောင်း၊ ယင်းကဲ့သို့သော အပြောင်းအလဲမျိုးကို ဦးဆောင်ဖန်တီးသူများမှာ **enterpreneur** တို့ပင်ဖြစ်ကြောင်း ဩစတြီးယားစီးပွားရေးပညာရှင် တစ်ဦးဖြစ်သည့် ရှွန်းပီတာ **(Joseph A. Schumpeter)** က ဆိုခဲ့သည်။

၎င်းပညာရှင်၏ အဆိုအမိန့်အရ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ခေတ်နောက်ကျနေသည့်အခြေအနေမှ ရုန်းမထွက်နိုင်သည့် သံသရာ စက်ဝန်းသည် သာမန်အတိုင်းဆိုပါက ကရွတ်ကင်းလျှောက်သဖွယ် လှည့်ပတ်နေတတ်ပြီး စွန့်ဦးတီထွင်သူတို့က အတွေးအခေါ်သစ်၊ လုပ်နည်းကိုင်နည်းအသစ်များဖြင့် စီးပွားရေးဝန်းကျင်သစ်ကို ဖန်တီးကာ တည်ဆဲအနေအထားကို ဖောက်ထွက်ခြင်းအားဖြင့် စီးပွားရေးတိုးတက်မှုကို ရရှိစေနိုင်သည်ဟု ဆိုသည်။ စွန့်ဦးတီထွင်သူများ၏ တီထွင်မှုများမှာ အကျိုးအမြတ်ကို ဖြစ်ထွန်းစေသည့် တီထွင်မှု **(profitable innovations)**များ ဖြစ်ပြီး စွန့်ဦးတီထွင်သူများ အားကောင်းခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အမှန်တကယ်လိုအပ်သော ကနဦးအခြေအနေ တစ်ရပ်ဖြစ်သည်ဟုလည်း ဆိုသည်။

စင်စစ်အားဖြင့်ဆိုရပါမူ စွန့်စားခြင်း၊ တီထွင်ခြင်းတို့သည် လူငယ်တို့၏ စရိုက်လက္ခဏာများတွင် ပါဝင်သည်။ ဒီဇင်ဘာ ၉ ရက်ကကျင်းပခဲ့သည့် မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ထိပ်သီးညီလာခံ (၂၀၁၇) တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ အရင်းအမြစ်များဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး နောင်တစ်ခေတ်တွင် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသွားနိုင်ရန်အတွက် လူငယ်များအပေါ် များစွာမူတည်နေကြောင်း၊ အလားတူ မိမိတို့နိုင်ငံ သိက္ခာရှိရှိ၊ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် စီးပွားရေးတိုးတက်မှုက အရေးကြီးလှကြောင်း၊ လူငယ်အင်အားနှင့် စီးပွားရေးအင်အားပေါင်းပြီး မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် မိမိတို့နိုင်ငံတွင် စွန့်ဦးတီထွင် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန်အတွက် အစိုးရပိုင်းအနေဖြင့်လည်း ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီးအစိုးရများကပါ ကိုယ့်တိုင်းဒေသမှာရှိကြသည့် စွန့်ဦးတီထွင်လုပ်ငန်းများကို အားပေးကူညီပံ့ပိုးကြရန်လည်း တိုက်တွန်းခဲ့သည်။

စွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာစေရန်အတွက် ဝန်းကျင်အခြေအနေ လိုအပ်ချက်များမှာ လူတို့၏ စိတ်ပိုင်းဆိုင်ရာများ လွတ်လပ်မှုရှိလာခြင်း၊ လက်တွေ့ကျသော စိတ်ဓာတ် များ လွှမ်းမိုးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲမှုနှင့် တိုးတက်မှုများ ဖြစ်ပေါ်နေသည်ဟူသော အသိစိတ်တို့ လူတိုင်းတွင် ပျံ့နှံ့စိမ့်ဝင်နေခြင်း၊ တရားဥပဒေစိုးမိုးမှု အားကောင်းခြင်း၊ ပြည်သူတစ်ဦးချင်း၏ အခွင့်အရေးနှင့် ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်ခွင့်ကို အခိုင်အမာ အာမခံချက်ပေးထားခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် အစိုးရ၏ စွက်ဖက်မှု နည်းနိုင်သမျှ အနည်းဆုံး ထားရှိခြင်းတို့ဖြစ်သည်ဟု သုတေသီများက တညီတညွတ်တည်း သတ်မှတ်ထားရာ စွန့်ဦးတီထွင်သူ လူငယ်များ အားကောင်းမောင်းသန်ပေါ်ထွန်းလာရေးအတွက် ရေခံမြေခံ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးဖော်ဆောင် ပေးနိုင်ပါစေကြောင်း။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ - ထိုင်း အမျိုးသမီးပွဲများ ထည့်သွင်းကျင်းပမည်

**ဘားအံ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေးကျေးရွာတွင်ကျင်းပမည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲ၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ-ထိုင်း အမျိုးသမီး စိန်ခေါ်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းကတော့ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ မြန်မာ-ထိုင်း အမျိုးသမီးလက်ဝှေ့စိန်ခေါ်ပွဲ ထည့်သွင်းကျင်းပတာမရှိခဲ့ပါဘူး၊ အခု ကရင်အမျိုးသား နှစ်သစ်ကူးနေ့အထိမ်းအမှတ်ပွဲမှာ မှုအဲသိုလ်(မြန်မာ)နဲ့ အဖား (ထိုင်း)၊ စုလှိုင်ဦး (မြန်မာ)နဲ့ ကုန်မာလွတ်ကွတ် (ထိုင်း)၊ နော်ဥမ္မာစိုး(မြန်မာ)နဲ့ ဟုန်ထောင်း(ထိုင်း) တို့၏ တွဲဆိုင်းသုံးဆိုင်းကို အထူးစိန်ခေါ်ပွဲကြီးအဖြစ် ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစောဘခင် က ပြောသည်။

အမျိုးသမီးစိန်ခေါ်ပွဲများအပြင် အမျိုးသား စိန်ခေါ်ပွဲအဖြစ် စောငမန်း(မြန်မာ) နှင့် ခရွန်(ထိုင်း)၊ စောမင်းအောင်(မြန်မာ)နှင့် ဖူထိုင်း(ထိုင်း)၊ ဖျံသွေး(မြန်မာ) နှင့်လေတ(ထိုင်း)၊ ရဲသွေးနီ (မြန်မာ) နှင့်ဖစ်မိုင်(ထိုင်း)တို့၏ ငါးချီအထူးစိန်ခေါ်ပွဲကြီး များလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ (၂၆)ကြိမ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့အထိမ်းအမှတ် အခမ်းအနားကို တောင်ကလေးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်အမှူးပြု၍ ကျင်းပမည်ဖြစ်ပြီး အဆိုပါလက်ဝှေ့စိန်ခေါ် ပွဲကြီးတွင် (မြန်မာ-ထိုင်း)စိန်ခေါ်ပွဲများအပါဝင် ပြည်တွင်း ငါးချီစိန်ခေါ်ပွဲ ၁၄ ပွဲ ၊ လေးချီစိန်ခေါ်ပွဲ ငါးပွဲနှင့် သုံးချီစိန်ခေါ်ပွဲ တစ်ပွဲတို့ ပါဝင်ကြောင်း သိရသည်။

ယင်းမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ တောင်ကလေးကျေးရွာ ဖလုံပညာ့သဝေါင် နှစ်သစ်ကူးကွင်း၌ ညစဉ် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကာ ဝင်ကြေးအခမဲ့သတ်မှတ်ထားပြီး ထိုင်ခုံများသာ ရောင်းချရန် စီစဉ်ထားကြောင်း၊ အထိမ်းအမှတ်နေ့အဖြစ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးများအပြင် ကရင်ရိုးရာအားကစားပြိုင်ပွဲများ၊ ကရင်ဒုံးယိမ်းပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ

**ပင်လောင်း ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဒီဇင်ဘာလပထမပတ်က လိန်းညားကျေးရွာအုပ်စု တောင်လေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် အ.ထ.က (ခွဲ) တောင်လေးကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းတင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းက လွတ်လပ်ရေးနေ့သမိုင်းကြောင်းနှင့် စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။ **မြို့နယ် (ပြန်/ဆက်)**



## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၁၂-၂၀၁၇ (တနင်္လာနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၉း၃၀ | - | **အာရှ-ပစိဖိတ်ဒေသတွင်းဆိုင်ရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** |
| ၁၃း၀၀ | - | သုခုမရင်ခွင့်အငြိမ့်သဘင် **"စန်းဂုဏ်ရောင်အငြိမ့်"** |
| ၁၄း၃၀ | - | ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ထုတ်လွှင့်မှု အစီအစဉ်(ပထမပိုင်း) |
| ၁၆း၄၅ | - | "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ" |
| ၁၉း၁၅ | - | M-150 Cup 2017 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် ဥဇ္ဗက်ကစ္စတန်အသင်း)** |
| | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (တရားရှင်အတုအစစ်၊ အပိုင်း-၃) |

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၀-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၈ | ・၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ | ・၄ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ・၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ | ・၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဆင္ဌသင်္ဂါယနာတင် (၆၄) နှစ်မြောက် အထိမ်းအမှတ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဇဟန်းမြို့နယ် သွေးဆေးကန်ကျောင်းတိုက် အပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလ အမှူးပြုသော လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က ဆဋ္ဌသင်္ဂါယနာတင်(၆၄)နှစ်မြောက် အထိမ်းအမှတ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ အနုပညာဦးစီးဌာနက စောင်းဖြင့်တွဲဖက်၍ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့သုံးပိုဒ်ဖြင့် သီကျူးပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် သွေးဆေးကန်ကျောင်းတိုက် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ ပဓာနနာယက ဆရာတော်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားတော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဇဟန်းမြို့နယ် သွေးဆေးကန်ကျောင်းတိုက် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာပဓာနနာယကဆရာတော်အမှူးပြုသော လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအတွက် ဆေးပဒေသာပင်ငွေကျပ်သိန်း ၂၀၀၊ သုံးထပ်ဆွမ်းစားဆောင်၌ လေအေးပေး စက်တပ်ဆင်ရန် ငွေကျပ်သိန်း ၂၀၀၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) တောင်တန်းဒေသ သာသနာပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော်က အနုမောဒနာရေစက်ချတရားကို ချီးမြှင့်တော်မူပြီး သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ **သတင်းစဉ်**

---

**❋ ရှေ့ဖုံးမှ**

မှုကို ဒိုင်များ၏ ဆုံးဖြတ်ချက်များအပြင် ပရိသတ်များ၏ Voting စနစ်ဖြင့် ရွေးချယ်ခဲ့ရာ ပထမဆုကို မေသူကျော်က လည်းကောင်း၊ ဒုတိယဆုကို ကြူကြူခိုင်က လည်းကောင်း၊ တတိယဆုကို ဖြူလုက လည်းကောင်း၊ စတုတ္ထဆုကို Sa Paung က လည်းကောင်း အသီးသီးရရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း ၁၀၀၊ စတုတ္ထဆု ငွေကျပ် သိန်း ၅၀ တို့ကို ချီးမြှင့်ခဲ့သည့်အပြင် အထူးဆုရရှိသူ ခုနစ်ဦးအတွက် တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၃၀ စီကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

Level -1 အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲများကို မြို့ကြီး ၁၁ မြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ Level -2 အဆင့် ပွဲစဉ်လေးခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို Level- 3 အဆင့်အတွက် ရွေးချယ်ခဲ့သည်။

ထို့နောက် Level-3 အဆင့်ကို ပွဲစဉ်လေးခုခွဲ၍ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပြီး Level- 3 အဆင့်ပြိုင်ပွဲသို့ ရွေးချယ်ခံရသူ ဆန်ခါတင် ၁၁ ဦးအနက်မှ ပြိုင်ပွဲဝင်လေးဦးအား ယနေ့ Grand Final ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ယနေ့ပြိုင်ပွဲတွင် ဧည့်သည်အဆိုတော်များအဖြစ် နိုင်ငံကျော် အဆိုတော်များဖြစ်သည့် မြန်မာမူဂန္ထဝင် အဆိုတော် ရီရီသန့်၊ ဇော်ပိုင်၊ Rဇာနည်၊ အောင်ထက်၊ Acid၊ ဖြူဖြူကျော်သိန်း၊ ရတနာမိုင်၊ ချမ်းချမ်း၊ နီနီခင်ဇော်တို့နှင့်အတူ အထူးဆုရရှိသူ ခုနစ်ဦးတို့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**သတင်း-ဇော်ကြီး၊ မင်းသစ်၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မေသူကျော်အား ဆုချီးမြှင့်စဉ်။



ပထမဆုရရှိခဲ့သည့် မေသူကျော်၏ သီဆိုယှဉ်ပြိုင်စဉ်



ဒုတိယဆုရရှိခဲ့သည့် ကြူကြူခိုင်၏ သီဆိုယှဉ်ပြိုင်စဉ်



တတိယဆုရရှိခဲ့သည့် ဖြူလု၏ သီဆိုယှဉ်ပြိုင်စဉ်



စတုတ္ထဆုရရှိခဲ့သည့် Sa Paung ၏ သီဆိုယှဉ်ပြိုင်စဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နီပေါတပ်မတော်ကြည်း တပ်ဦးစီးချုပ် Gen. Ranjendra Chhetri ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ နီပေါဖက်ဒရေးရှင်းသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ နီပေါတပ်မတော်မှ Chief of Staff ဖြစ်သူ Lt. Gen. Hemanta Raj Kunwar နှင့် ဇနီး၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးထွန်းနေလင်းနှင့် ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် Gen.Ranjendra Chhetri က ခတ္တမန္ဒူမြို့ရှိ နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်ရုံးရှေ့မြက်ခင်းပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး**

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် အစည်းအဝေးခန်းမ၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Army Pavilion, Tundikh ရှိ Bir Smarak သူရဲကောင်းစစ်သည်များ၏ အထိမ်းအမှတ်နေရာသို့ သွားရောက်ပြီး ပန်းခွေချအလေးပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၁၀

**ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ရွှေတံဆိပ်ခန်းမ၌ ဆက်လက်ကျင်းပသည်။** (အောက်ပုံ)




**အနစ်နာခံဆောင်ရွက်**

ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှု၊ ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေး၊ ပညာရေးရည်မှန်းချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အရေးယူဆောင်ရွက်မှု၊ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲမှု၊ သင်ယူမှု၊ သင်ကြားမှု၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ ပညာရေးကဏ္ဍအတွက် ဖြည့်ဆည်းပေးရမည့် အခြေခံလိုအပ်ချက်များ၊ အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍနှင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း အခြေခံပညာတတ် မြောက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှု အောင်မြင်ရန် လိုအပ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု မအောင်မြင်ပါက နိုင်ငံတော်၏ တည်ငြိမ်ချမ်းအေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုမ်းဝေးနေမည်ဖြစ်ပြီး ဆရာ၊ ဆရာမတိုင်း၊ လူတိုင်း မျှော်လင့်သည့် လူမှုဘဝဖူလုံရေးသည် ရောက်လာမည် မဟုတ်ပါကြောင်း၊ အလွတ်ကျက်မှတ်မှု အားကောင်းသော နိုင်ငံဖြစ်ခဲ့သည့်အတွက် စဉ်းစားတွေးခေါ်မှုကို အားပေးရန် အရေးအကြီးပါကြောင်း၊ ကျောင်းများတွင် ကျောင်းသားများ၏ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးအရည်သွေး ကောင်းမွန်စေရန် အားလုံးက တာဝန်ယူ၊ တာဝန်ခံမှုဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပင်ပန်းခံ၊ အနစ်နာခံဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အခက်အခဲများ ဆွေးနွေး**

ယင်းနောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆရာ၊ ဆရာမများက ကျောင်းပြင်ပသို့ ရောက်ရှိသွားသည့် ကလေးများကိစ္စ၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း စာတတ်မြောက်ရေးကိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်၍ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေနှင့် မိမိတို့ဒေသအလိုက် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲ ဒုတိယနေ့၌ ဆွေးနွေးခဲ့ကြသည့် ဆရာ၊ ဆရာမ ခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကိုသာ ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေအတွက်အတိုင်းသာ ရာထူးပြောင်းရွှေ့ ရာထူးတိုး ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သော ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စာသင်ခန်းတွင် သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေးဆောင်ရွက်မှု၊ ပြည်သူ့နီတိ အလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခြေခံပညာ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင် ထိရောက်သော အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းအပေါ် အကြံပြုဆွေးနွေးခြင်း၊ အခြေခံပညာအဆင့် ပညာရေးစစ်ဆေးတိုင်းတာမှုအား လေ့လာသုံးသပ်ခြင်း၊ ကြီးကြပ်အကဲဖြတ်လုပ်ငန်းများ ထိရောက်အောင်မြင်ရေး ဆောင်ရွက်ခြင်း၊ ကျောင်းထွက်သူပပျောက်ရေး၊ မူလတန်းပညာ သင်ယူသူအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လိုအပ်ချက်များ ဖြည့်ဆည်း၍ စီမံကိန်းလုပ်ငန်းများပြုစုရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အလယ်တန်းပညာသင်ယူပြီးမြောက်ပြီး အထက်တန်းပညာ ဆက်လက်ပညာသင်ယူရေး စသည့်ခေါင်းစဉ်များနှင့်ပတ်သက်သည့် ဆွေးနွေးချက်များကို စုစည်းတင်ပြပြီး မှတ်တမ်းတင်ကြသည်။

**ကျင်းပပြီးစီး**

ယင်းနောက် အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**တက်ရောက်**

နှီးနှောဖလှယ်ပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ပညာရေးသုတေသနကိုယ်စားလှယ်များ၊ ကျောင်းသားမိဘကိုယ်စားလှယ်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ အရက်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသားကိုယ်စားလှယ်များနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဈေးနှုန်းမှန်ကန်စွာနဲ့ ဝယ်ယူသုံးစွဲနိုင်တယ်၊ နည်းပညာပိုင်းမှာလည်း အားသာချက်တွေ အများကြီးရှိတယ်၊ အာမခံချက်လည်း ကောင်းလာတယ်၊ အပိုပစ္စည်း အလွယ်တကူ ရနိုင်ပါတယ်၊ ဆားဗစ်ကလည်း အားလုံးလုပ်ပေးတယ်”ဟု ဦးဝင်းမောင်က ပြောသည်။

အဆိုပါပြပွဲကို ညနေ ၃ နာရီမှ စတင်ပြီး ဆိုင်ကယ်စတန့်သရုပ်ပြနှင့် စမ်းသပ်စီးနင်းခြင်း၊ လုံခြုံဘေးကင်းမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဒေစီနှင့် မိုက်တို့၏ သားနှင့်သမီးအား ကျန်းမာကောင်းမွန်စွာ စောင့်ရှောက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် စက်တင်ဘာ ၅ ရက်က ကျားမကြီး ဒေစီနှင့် ကျားထီး မိုက်တို့မှ မွေးဖွားသော သုံးလသားအရွယ် ကျားထီးနှင့် ကျားမလေး နှစ်ကောင်ကို ဒီဇင်ဘာ ၅ ရက်မှစ၍ အများပြည်သူအား ပြသထားရာ ယခုတစ်ကြိမ်တွင် နှစ်ကောင်လုံး အသက်ရှင်ကျန်းမာလျက်ရှိပြီး နူထရီဂျက်နှင့် ကယ်လ်ဆီယံကိုလည်း ပုံမှန်တိုက်ကျွေးလျက်ရှိကာ ကျန်းမာကောင်းမွန်စွာဖြင့် စောင့်ရှောက်ထားလျက်ရှိသည်။

“ကမ္ဘာမှာ ကျားဟာရှားပါးတဲ့ သတ္တဝါပါ၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမှာ ကျား ခုနစ်မျိုးရှိတယ်၊ နှစ်မျိုးက မျိုးသုဉ်းသွားပါပြီ၊ အခု ဒီမှာပြသထားတာက ဘင်္ဂလားကျားဖြစ်တဲ့ ဘန်ဂေါကျားပါ၊ အခြားနိုင်ငံမှာဆိုရင် ဆူမားတြားကျား၊ ဘာလီကျားရှိမယ်၊ မြန်မာနိုင်ငံမှာကတော့ ဘန်ဂေါကျားများပါတယ်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ကျား ၁၄ ကောင်ရှိပါတယ်၊ ဒေစီက ပြီးခဲ့တဲ့နှစ်မှာ နှစ်ကောင်ပေါက်သေးတယ်၊ အမ မီးမီးတစ်ကောင်ပဲရှင်တယ်၊ ဒီနှစ်မှာ အထီး တစ်ကောင်၊ အမတစ်ကောင် မွေးတယ်၊ ကျန်းမာတယ်၊ ကာကွယ်ဆေးထိုးပြီးပါပြီ၊ ၁၃ ရက်မှာ တစ်ကြိမ်ထိုးနှံမှာပါ၊ စောင့်ရှောက်မှုအပိုင်းမှာ နူထရီဂျက်အားဆေးနဲ့ ကယ်လ်ဆီယံ အရိုးအားဆေးကို နေ့စဉ်ကျွေးပါတယ်၊ မိခင်နို့လည်း သောက်တယ်ဆိုတော့ ကြက်သားပြုတ် ၁၅ ကျပ်သား ကျွေးပါတယ်၊ သူ့မိခင်နဲ့ အတူ သဘာဝနဲ့အညီ ထားပါတယ်၊ တစ်နှစ်ခွဲ ဆိုရင် နေရာခွဲပြီး ပြသမှာပါ” ဟု တိရစ္ဆာန်ဥယျာဉ်တာဝန်ခံ ဆရာဝန် ဒေါက်တာထွန်းမြင့်က ပြောသည်။



**သတင်း- သန်းထိုက်၊ ဓာတ်ပုံ - သစ္စာ**

# ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

**ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Rose Garden Hotel ၌ ကျင်းပသည်။** (အောက်ပုံ)

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် နာယက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်တွင် လိုအပ်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများထဲမှ နေရေးလိုအပ်ချက် အိမ်ရာကဏ္ဍသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်လာပြီး အစိုးရ၏ မူဝါဒရေးရာမှာလည်း ဦးစားပေး ဆောင်ရွက်ရမည့် ကဏ္ဍတစ်ခုအဖြစ် မူဝါဒချမှတ်ခဲ့ကြောင်း။

အိမ်ရာကဏ္ဍမှာ မူလရည်ရွယ်ချက် အတိုင်း ဆောက်လုပ်ရေးနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဘဏ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ် နှစ်ခုတို့တွင် ဘဏ်ခွဲပေါင်း ၁၁ ခု ဖွင့်လှစ်နိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုးချဲ့ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း။



### ချိတ်ဆက်ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်း (MCEA)တို့နှင့် ပူးပေါင်း၍ အငြိမ်းစားဝန်ထမ်းများအတွက် အရောင်းအိမ်ရာနှင့် အငှားအိမ်ရာများ တည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီး ပြည်ပရောက် မြန်မာအလုပ်သမားများအနေဖြင့် ပြည်တွင်း၌ရှိသည့် ဝန်ထမ်းအလုပ်သမားများနည်းတူ အိမ်ရာစုဆောင်းငွေများ လစဉ်စုဆောင်းနိုင်စေရန်နှင့် အိမ်ရာဝယ်ယူရန် အရစ်ကျစနစ်ဖြင့် ပေးချေနိုင်မည့် အိမ်ရာချေးငွေ Housing Mortgage Loan ရယူနိုင်ရန်ကိုလည်း ပြည်ပဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်၏ မတည်ရင်းနှီးငွေကို တိုးမြှင့်ထည့်ဝင်သွားမည်ဖြစ်ပြီး တစ်ဖက်ကလည်း ပြည်တွင်း၊ ပြည်ပရှိ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဘဏ်များက Two-Step Loan တိုးမြှင့်ရရှိရေးကိုလည်း ညှိနှိုင်းဆောင်ရွက်နေကြောင်း။

ပြောင်းလဲနေသော ဈေးကွက် အနေအထားများပေါ် မူတည်၍ လိုအပ်ချက်များအတိုင်း ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးမင်းထိန်နှင့် ဒုတိယ ဥက္ကဋ္ဌ ဦးသာဌေးတို့က ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းဇော်က ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းဘုရင့်သမီးတော် မွေးနေ့အထိမ်းအမှတ်အဖြစ်ကျင်းပမည့် ဆိုလာကင်းထောက်ဂျမ်ဘူရီပွဲတော်သို့ တက်ရောက်ရန် မြန်မာကင်းထောက်ကိုယ်စားလှယ်များ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ထိုင်းဘုရင့်သမီးတော်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ အမျိုးသား ကင်းထောက် အဖွဲ့အစည်းမှ ပထမအကြိမ် ကျင်းပသည့် ဆိုလာကင်းထောက်ဂျမ်ဘူရီပွဲတော် (The 1st Solar Scouts Jamboree)သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သီဟ၊ ကင်းထောက်ကြီး ဦးကျော်၊ ဦးတင်မောင်လတ်၊ ဦးမြင့်စိန်၊ ဒေါ်သစ်သစ်ဦးတို့ ဦးဆောင်သော မြန်မာ ကင်းထောက်ကိုယ်စားလှယ် အဖွဲ့ဝင် ၁၂ ဦးသည် ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညိုနှင့် ကင်းထောက်ကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

"ပိုမိုကောင်းမွန်သော ကမ္ဘာကြီး ဖြစ်ရန် စွမ်းအင်ကို စုဆောင်းကြပါစို့" ခေါင်းစဉ်ဖြင့် ပထမအကြိမ် ဆိုလာ ကင်းထောက်ဂျမ်ဘူရီ ပွဲတော်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ ဗာဂျာရာဗူဒါကင်းထောက်စခန်းတွင် ကျင်းပမည်ဖြစ်ရာ ထိုင်းနိုင်ငံမှ ကင်းထောက်အဖွဲ့ဝင် တစ်သောင်းငါးထောင်နှင့် မြန်မာနိုင်ငံ အပါအဝင် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့ ကိုယ်စားလှယ် ၁၀၀ တို့ တက်ရောက်ကြမည် ဖြစ်သည်။

ယင်းပထမအကြိမ် ဆိုလာ ကင်းထောက်ဂျမ်ဘူရီ ပွဲတော်တွင် ဘဝ တစ်သက်တာ ဆိုလာ၊ ကျန်းမာရေး အတွက် ဆိုလာ၊ သဘာဝပတ်ဝန်းကျင် ဆိုလာ၊ ခေါင်းစဉ် သုံးမျိုးကို ကင်းထောက် ကိုယ်စားလှယ်များက ဆွေးနွေးပြီး လက်တွေ့လှုပ်ရှားမှုများ ပြုလုပ်ကာ ထိုင်းဘုရင့်သမီးတော် မွေးနေ့ပွဲ အခမ်းအနားကိုလည်း တက်ရောက်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကင်းထောက် ကိုယ်စားလှယ်အဖွဲ့သည် ဆိုလာ ကင်းထောက် ဂျမ်ဘူရီပွဲတော်သို့ တက်ရောက်ဆွေးနွေးကာ ရရှိလာသော အတွေ့အကြုံများအား မြန်မာနိုင်ငံရှိ ကင်းထောက်လူငယ်များကို ပြည်သူလူထုနှင့်အတူ လူသားအကျိုးပြုမည့် ပိုမိုကောင်းမွန် သော ကမ္ဘာကြီးဖြစ်ရန် စွမ်းအင်ကို စုဆောင်းကြရေးအတွက် စုပေါင်းလှုပ်ရှားမှုများ ပြုလုပ်ရေး စီစဉ်ဆွေးနွေး သွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**



# စာပေညီလာခံ ဂုဏ်ပြု ပန်းချီဈေးပွဲတော်ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

စာပေညီလာခံ ၂၀၁၇ ကို ဂုဏ်ပြုသော ပန်းချီဈေးပွဲတော် ကျင်းပရေးအတွက် ယနေ့ မဟာဗန္ဓုလပန်းခြံ လက်ယာဘက်ခြမ်း၌ ပန်းချီကားများကို ချိတ်ဆွဲပြင်ဆင်လျက်ရှိသည်။

ပန်းချီဈေးပွဲတော်တွင် ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်၊ ဦးလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးကြည်ဝင်း(ရန်ကင်း)၊ ဦးတင်လှဝင်းထင်၊ ဦးပြည်စိုးမြင့်၊ ဒေါက်တာအောင်သိန်း၊ ဦးဌေးအောင်၊ ဦးကျော်ခေါင်၊ ဦးနီပိုဦး၊ ဦးလှထွဏ်းအောင်၊ ဦးဝင်းမြင့်မိုး၊ ဦးခင်မောင်ကျော်ဦး၊ ဒေါ်လွန်းမြမြ၊ ဦးလွန်းသစ်၊ ဦးမာဏ်ဇာဟိန်း၊ အမ်ထွန်းအောင်၊ ဦးမောင်ကျော်သန်း၊ ဦးထွန်းကျော်၊ ဦးသက်ဦး၊ ဦးစောတင့်ဝေ၊ ဦးမြသန်းချစ်၊ ဦးအောင်မောင်း(ဘုတလင်)၊ ဦးစိုးမြင့်ဒွဏ်း၊ ဦးလှမြင့်၊ ဦးခိုင်သင်းတာ၊ ဦးကိုကို မြင့်နှင့် စာပေမြတ်နိုးသော ပန်းချီဆရာ ဆရာမများ ပါဝင်ပြသကြမည်ဖြစ်ပြီး ပြပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကား ခြောက်ကားကိုလည်း ဂုဏ်ပြုပြသထားမည်ဖြစ်သည်။ ဈေးပွဲတော်တွင် ပုံတူပန်းချီ၊ ရုပ်ပြောင်ပန်းချီ၊ ပို့စကတ်ပန်းချီ၊ လက်ပန်းချီနှင့် အောက်ဒိုးပန်းချီကားများကို ဂုဏ်ပြုရေးဆွဲကြမည် ဖြစ်သည်။

စာပေညီလာခံ ၂၀၁၇ ကို ဂုဏ်ပြုသော ပန်းချီဈေးပွဲတော်ကြီးကို ရေဆေးအကြည် လှုပ်ရှားမှုအသင်း(မြန်မာ)၊ အနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းချီဦးသိန်းဝင်း (အခြေခံပန်းချီသင်တန်း)နှင့် သင်တန်းသားများ ပူးပေါင်းပါဝင်၍ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ည ၇ နာရီအထိ ဂုဏ်ပြုရေးဆွဲကြမည်ဖြစ်ကြောင်း သိရသည်။

**ထင်ကျော်(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာလမ်းပြမြေပုံ တစ်ရပ် ရေးဆွဲချမှတ်လျက် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ရည်ရွယ်၍ အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(United Nations Developmet Programme-UNDP) တို့ ပူးပေါင်းအစီအစဉ်အရ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ကိုးဦးသည် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေး ခရီးစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်မှာ ဒီဇင်ဘာ ၁၁ ရက် မှ ၁၅ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ဒီဇင်ဘာလထုတ် သုတပဒေသာ စာစောင်ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၀** - သုတပဒေသာ စာစောင်(ဒီဇင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။ ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာ ဦးဟန်ညွန့်(ဥပဒေ)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ သန်းစော(စီ ပီ အေ)၊ ဒေါက်တာ ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ "လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ" မျက်နှာဖုံးဆောင်းပါးများ၊ အေးဖြူ၊ မောင်ပေါ်ထွန်း၊ ကြည်မင်း၊ ဟိန်းလတ်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ သိပ္ပံနှင့်နည်းပညာနှင့် နိုင်ငံရေးဆိုင်ရာဆောင်းပါးများ၊ အနုပညာဆိုင်ရာဆောင်းပါး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများနှင့် ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။ အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကား မှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁နှင့် ၀၁-၃၈၁၄၄၈တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျွန်တော်နဲ့ အခန်း ၂၀၈



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ရန်ကုန်စီးပွားရေးတက္ကသိုလ်အပေါ်ဆုံးထပ် အခန်း ၂၀၈ ဟာ ကျွန်တော့်အတွက် ထူးခြားလှတဲ့ နေရာတစ်နေရာ ဖြစ်ပါတယ်။ တစ်နေ့က ကျွန်တော်ရောက်ခဲ့တယ်။ ဝါဏိဇ္ဇဗေဒဌာန ဌာနမှူး၊ ပါမောက္ခ ဒေါက်တာဒေါ်စိုးသူနဲ့ ဆရာ ဆရာမတွေက ဆရာကြီး ဆရာမကြီးတွေကို အာစရိယပူဇော်ပွဲလုပ်ခဲ့တာ။ ကံကောင်းတော့ လုပ်မယ့်အချိန်က နံနက် ၈ နာရီ၊ ၁၀ နာရီမှာ အစည်းအဝေးတစ်ခုရှိပြီး ၁၁ နာရီခွဲမှာ နောက်တစ်ခုရှိတော့ ရအောင်သွားခဲ့တယ်။ ပထမအစည်းအဝေးက စောစောပြီးသွားတာမို့ ကျွန်တော်က ကြိုပြီး ရောက်သွားတာ။ အခမ်းအနားကို အခန်း ၂၀၈ မှာ လုပ်ပေမယ့် မစတင်မီ အခန်း ၂၀၆ ဌာနရဲ့ ရုံးခန်းမှာ ကျွန်တော်တို့ကို ဧည့်ခံခဲ့တယ်။ ကျွန်တော်က စောနေတော့ အခမ်းအနားကို ပြင်ဆင်နေတဲ့ ဆရာမတွေနဲ့ စကားပြောဖြစ်တယ်။ နောက်မှ ကန်တော့ခံ ဆရာ ဆရာမတွေက ရောက်လာကြတာ။ ဆရာမကြီး ဒေါ်ရီရီမြင့်၊ ဆရာမကြီး ဒေါ်လှမြင့်၊ သူတို့က ကျွန်တော့်ရဲ့ ဆရာမတွေ။ ပြီးတော့ ကျွန်တော်နဲ့ တစ်နှစ်တည်းနည်းပြဆရာမဖြစ်တဲ့ ဒေါ်စိုးစိုးအောင်၊ သူနဲ့အတူ ခင်ပွန်းဦးသက်ထွန်းနဲ့ သူတို့ရဲ့သားနဲ့ချွေးမလည်း ပါတယ်။ ဦးသက်ထွန်းနဲ့ မတွေ့တာ အတော်လေးကြာမြင့်ခဲ့ပြီး သူတို့မိသားစုကို တွေ့တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကြုံတွေ့ခဲ့ရတဲ့ ဝမ်းနည်းစရာအကြောင်းတစ်ခုကို သွားအမှတ်ရမိတယ်။

အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက်က တက္ကသိုလ်ဝင်တန်းစာမေးပွဲအဖြေလွှာတွေကို စစ်နေကြတယ်။ ကျောင်းပိတ်ရက်အတွင်းဖြစ်တာမို့ ဒေါ်စိုးစိုးအောင်နဲ့အတူ သူ့ရဲ့ သားကြီးလည်း ပါလာတယ်။ နေ့လယ်ရောက်တော့ သူက သူ့အမေနဲ့ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး အင်းလျားကန်ကို ခဏသွားမယ်လို့ ပြောခဲ့တယ်။ ညနေဘက်သူပြန်မလာတာမို့ စိတ်ပူပူနဲ့ ကျွန်တော်တို့ အင်းလျားကန်နံဘေး သွားခဲ့ကြတယ်။ ဦးသက်ထွန်းကလည်း လိုက်လာတယ်။ ကလေးက ရေထဲဆင်းသွားတယ်လို့ အနီးအနားက လူတွေက ပြောတယ်။ ဒါနဲ့ ကျွန်တော်က နည်းပြသူငယ်ချင်း အတန်းတူ ဒေါ်အေးအေးကို အကူအညီတောင်းတယ်။ သူ့ရဲ့ခင်ပွန်းက ရေတပ်မှာ ဗိုလ်မှူး။ ချက်ချင်းပဲ ရေတပ်က ရေငုပ်တဲ့အဖွဲ့တွေ ရောက်လာတယ်။ နောက်တစ်နေ့မှ ကလေးကို ပြန်တွေ့တယ်။ အသက်မရှိတော့ဘူး။ ကျွန်တော်တို့အားလုံး ယူကျုံးမရ ဖြစ်ခဲ့တယ်။ မိဘတွေ ဘယ်လိုခံစားရမယ်ဆိုတာတော့ စဉ်းတောင် မစဉ်းစားရဲဘူး။ ကိုယ့်မျက်စိရှေ့မှာ အမှတ်မထင် ဒီလိုဖြစ်ခဲ့တာကို အခုအထိ မမေ့နိုင်ဘူး။ တရားနဲ့ကြည့်ရင် အနိစ္စတရားပဲ။ ကူညီပေးတဲ့ ရေတပ်ဗိုလ်မှူးက နောက်တော့ ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း။ သူ အကူအညီပေးခဲ့တာကို သူမှတ်မိမလားတော့မသိဘူး။ ကျွန်တော်တို့က သူ့ကျေးဇူးကို အမြဲသတိရနေမိတယ်။

ကျန်တဲ့ ကန်တော့ခံဆရာ ဆရာမတွေက ကျွန်တော့်ထက်ငယ်တဲ့သူတွေ၊ တစ်ယောက်က ဒုတိယဝန်ကြီးဖြစ်ခဲ့တဲ့ ဒေါက်တာစံလွင်၊ တချို့ကတော့ ပါမောက္ခတွေ၊ တစ်ဦးကတော့ ဗဟိုဘဏ်မှာ ဒါရိုက်တာ အဖွဲ့ဝင်။ စုစုပေါင်း ၁၃ ဦး။ အခမ်းအနားစနိုင်ဖို့အတွက် ကျွန်တော်တို့အားလုံး အခန်း ၂၀၈ အရှေ့မှာရှိတဲ့ စင်မြင့်ပေါ်မှာ နေရာယူကြတယ်။ ဒေါက်တာဒေါ်စိုးသူကိုယ်တိုင် အခမ်းအနားမှူး လုပ်တယ်။ ကန်တော့ချီးတိုင်တဲ့သူက ပါမောက္ခ ဒေါက်တာ တင်တင်ထွေး။ ကျွန်တော်တို့ကို လက်ဆောင်ပစ္စည်းနဲ့ ကန်တော့ ကြတယ်။ ပြီးတော့ တစ်ဦးချင်းကို ဩဝါဒပြောစေတယ်။

ပြောတဲ့နေရာမှာ အသက်အရ၊ ဝါအရ ကြီးစဉ်ငယ်လိုက် ပြောကြတာမို့ ဆရာမကြီး ဒေါ်ရီရီမြင့်က စပြောတယ်။ သူက အခုဆို အသက် ၈၀ ရှိပြီ။ ဆရာမကြီးက ရှေးဟောင်းနှောင်းဖြစ်တွေကို ဝေဝေဆာဆာနဲ့ နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းပေးခဲ့တယ်။ ဆရာမကြီးငယ်ငယ်တုန်းက အလွန်နာမည်ကြီးတယ်။ နိုင်ငံခြားပြန် ကိုယ်ပိုင်ကားမောင်းပြီး ကျောင်းကို လာတာ။ သူ့ကို အားလုံးက ငေးကြည့်နေရတာ။ ဆရာမကြီးတို့ မိသားစုနဲ့ ကျွန်တော်က ရင်းနှီးတယ်။ သူ့ခင်ပွန်းက စက်မှုတက္ကသိုလ်က ဆရာကြီးဦးဝင်း။ ဆရာမကြီးရဲ့ညီမက အုန်းတောဆောင်က အဆောင်မှူး ဦးမြတ်သိန်းရဲ့ ဇနီး။ အုန်းတောဆောင်ဟာ ကျွန်တော့်ရဲ့ စားအိမ်သောက်အိမ်။ ဆရာက နောင်တစ်ချိန်မှာ ပါမောက္ခချုပ်ဖြစ်လာတယ်။

ဆရာမကြီး ဒေါ်ရီရီမြင့်ပြောပြီးတော့ ဆရာမကြီး ဒေါ်လှမြင့်က ဩဝါဒပေးခဲ့တယ်။ ဆရာမကြီးက ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ထမ်းဆောင်ပြီး အခုချိန်မှာ မရှိတော့တဲ့ ဆရာ ဆရာမတွေကို သတိရကြောင်း ပြောပါတယ်။ ဝါဏိဇ္ဇဗေဒဌာနရဲ့ ဖခင်ကတော့ ဆရာကြီး ဝီလျံပေါ်။ မြန်မာပြည်မှာ ပထမဆုံး အမ်ဘီအေဘွဲ့ရသူ။ သူ့ရဲ့ဇနီးဖြစ်သူက ဌာနမှာ စီးပွားရေးနဲ့ ပတ်သက်တဲ့ အင်္ဂလိပ်စာကို ပို့ချခဲ့သူ၊ သူတို့နှစ်ဦးစလုံး မရှိတော့ဘူး။ ဆရာကြီးဒေါက်တာခင်မောင်ကြည်၊ ဆရာမကြီး ဒေါ်ခင်သန်းကြွယ်၊ ဆရာမကြီး ဒေါ်ကြည်ဝင်း၊ ဆရာကြီး ဦးတင်ညွှန့်၊ ဆရာကြီး ဦးသိန်းအောင်၊ ဆရာကြီး ဒေါက်တာ ခင်မောင်ကြွယ်၊ ဆရာမကြီး ဒေါ်ငွေတင်၊ ဆရာမကြီး ဒေါ်ညွန့်ညွန့်ရီ၊ ဒေါက်တာဦးမျိုးမြင့်၊ ဒေါ်တင်တင်၊ သူတို့တစ်တွေက ကွယ်လွန်ခဲ့ကြပြီ။ ဒီအထဲမှာ သက်တူရွယ်တူ ဦးတင်သောင်းလည်း ပါတယ်။ ဆရာမကြီး ဒေါ်လှမြင့်ရဲ့ဩဝါဒစကားထဲမှာ ကျွန်တော့်အကြောင်း ထည့်ပြောသွားတယ်။ ကျွန်တော့်ရဲ့ လူပ်ရှားပုံကို ဖော်ပြခဲ့တယ်။ သူပြောသလို စီးပွားရေးတက္ကသိုလ်မှာရှိတဲ့ လှေကားတွေကို တက်တဲ့အခါ ကျွန်တော်က တစ်ထစ်စီမတက်ဘဲ အမြဲပြေးတက်တတ်တာကို သူက ဖော်ပြခဲ့တယ်။ သူပြောသလိုပဲ ကျွန်တော်က စိတ်မရှည်လို့ လှေကားဆို အပြေးတက်ရမှ ကျေနပ်တာ၊ တစ်နေ့ သူ့အခန်းထဲလာပြီး "ကျွန်တော်တို့ နိုင်ငံမှာ အိပ်မက်များများ မက်တတ်တဲ့သူတွေ လိုအပ်ကြောင်း" ပြောခဲ့တယ်လို့ သူက ဖောက်သည်ချခဲ့တယ်။ အိပ်မက်မက်ဖို့ ဆိုတာကို ယနေ့အထိ ကျွန်တော်ခံယူတယ်။ အိပ်မက်ဆိုတာက ကိုယ်ဖြစ်ချင်တာကို မက်နိုင်တာ၊ အဟန့်အတား အတားအဆီးမရှိဘူး။ ဒါကြောင့် အခုချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားအားလုံး အိပ်မက်လှလှတွေ များများမက်ဖို့ လိုအပ်ပါတယ်။ ဟိုတုန်းက လိုသလို အခုပါ လိုမယ်လို့ ထင်မိတယ်။

**"အိပ်မက်မက်ဖို့ ဆိုတာကို ယနေ့အထိ ကျွန်တော်ခံယူတယ်၊ အိပ်မက်ဆိုတာက ကိုယ်ဖြစ်ချင်တာကို မက်နိုင်တာ၊ အဟန့်အတား အတားအဆီးမရှိဘူး၊ ဒါကြောင့် အခုချိန်မှာ ကျွန်တော်နိုင်ငံမှာ နိုင်ငံသားအားလုံး အိပ်မက်လှလှတွေ များများမက်ဖို့ လိုအပ်ပါတယ်၊ ဟိုတုန်းက လိုသလို အခုပါ လိုမယ်လို့ ထင်မိတယ်"**

ကျွန်တော် နည်းပြဆရာ နှစ်နှစ်လုပ်ပြီးမှ အခန်း ၂၀၈ နဲ့စပြီး ရင်းနှီးခဲ့တာ။ နည်းပြဆရာပေါက်စဖြစ်တာမို့ နည်းပြသင်တန်းကိုသာ တာဝန်ပေးခြင်းခံရတာ။ အတန်းသားက ၃၀ ကျော်။ တပည့်တစ်ယောက်ချင်း တစ်ဦးချင်းနဲ့ ရင်းနှီးကြတာ။ ပြောမနာဆိုမနာ။ အသက်ကလည်း သိပ်မကွာလှဘူး။ တချို့ကျောင်းသားတွေဆို ကိုယ့်ထက်တောင် အသက်ကြီးကြတာ။ နှစ်နှစ်လောက် နည်းပြလုပ်ပြီး ပါမောက္ခ ဆရာကြီး ဝီလျံပေါက ကျွန်တော့်ကို နည်းပြသင်တန်းအပြင် ပို့ချမှုတာဝန်ကို စပြီး ပေးခဲ့ပါတယ်။ ကျွန်တော်က စာမေးပွဲနီးတဲ့ကာလမှာ အနီးကပ်သင်တန်းတွေ ပေးခဲ့တယ်။ သင်တန်းတွေကိုတော့ အခန်း ၂၀၈ မှာ လုပ်ခဲ့တာ။ အခန်းက ပြည့်လျှံနေတာပဲ။ ကျွန်တော့်အတန်းတွေကိုကျောင်းသား ကျောင်းသူတွေအလုအယက်တက်ကြတယ်။ ကျွန်တော်လည်း အားရပါးရသင်တော့တာပါပဲ။ စာမေးပွဲကို ဖြေနိုင်ဖို့ သင်ခန်းစာတွေကို လွယ်ကူအောင်၊ နားလည်လွယ်အောင် ပြင်ဆင်ပေးခဲ့တယ်။ ကျောင်းသားတွေဆီက တစ်ဆင့် အင်အားတွေရခဲ့တယ်။ ကျွန်တော်က အတန်းထဲမှာ ရှိတဲ့ ကျောင်းသားတွေအနက်က အညံ့ဆုံးကျောင်းသားတစ်ဦးကို အာရုံပြုပြီး သူနားလည်အောင် လုပ်မယ်လို့ အမြဲစဉ်းစားတာ။ အညံ့ဆုံးကျောင်းသား နားလည်နိုင်ရင် ကျန်တဲ့သူတွေအတွက် ခက်ခဲမှာမဟုတ်ဘူး။ ဒီလိုနဲ့ ကျွန်တော် နာမည်ရလာခဲ့တယ်။ ကျွန်တော့်အတန်းကို အခြားအတန်းက သူတွေလည်း လာတက်ကြပြန်တယ်။ လာတက်တာကို မနှစ်မြို့တာမို့ နည်းအမျိုးမျိုးနဲ့ တားခဲ့ပေမယ့် ထုံးစံအတိုင်း ကျောင်းသားဆိုတာက စည်းကမ်းကို ဘယ်လိုဖောက်ရမလဲဆိုတာကို အမြဲစဉ်းစားတတ်တဲ့အတွက် သူတို့အတွက် အခက်အခဲ မရှိခဲ့ဘူး။

ကျွန်တော် အခုလို ဌာနမှာ ငါးနှစ်တာဝန်ယူပြီး အင်္ဂလန်နိုင်ငံမှာ နိုင်ငံခြားပညာတော်သင်အဖြစ် ခြောက်နှစ်ကြာသွားခဲ့တယ်။ ပြန်ရောက်ရောက်ချင်း ဆရာကြီးဝီလျံပေါက ပြောရှာတယ်။ မင်းက ပါရဂူဘွဲ့ရထားပေမယ့် ရာထူးမတိုးပေးနိုင်သေးဘူး။ ဒါပေမယ့် ဘွဲ့လွန်သင်တန်းတွေကို သင်ဖို့တာဝန်ပေးမယ်။ တတိယနှစ်နဲ့ စတုတ္ထနှစ် အတန်းကြီးတွေကိုလည်း သင်ခွင့်ရမယ်။ ဒါကြောင့် အဲဒီခေတ်က နာမည်ကြီးတဲ့ ဒီအမ်အေ သင်တန်းမှာ စာသင်ခဲ့တယ်။ အခုချိန်မှာ အမ်ဘီအေ အတန်း လူကြိုက်များသလို ဟိုတစ်ချိန်ကတော့ ဒီအမ်အေပဲ ရှိတယ်။ ဒီသင်တန်းမှာ အစိုးရဌာနက အရာရှိကြီးတွေ လာတက်ကြတယ်။ ပူပူနွေးနွေး ပါရဂူဘွဲ့ရထားတာမို့ စိတ်ဓာတ်က အပြည့်။ သင်ပြချင်တာမို့ ကွက်တိပဲ။ တစ်ဖက်မှာလည်း စီမံခန့်ခွဲမှု သိပ္ပံပညာဘာသာကို အခန်း ၂၀၈ မှာ သင်ကြားခဲ့တယ်။ ကျောင်းသားတွေအကြိုက်တွေ့လို့ ထင်ပါရဲ့ အခန်းက အမြဲပြည့်တယ်။ တခြားအတန်းက သူတွေ လာတက်ကြပြန်တယ်။ ပါရဂူဘွဲ့ရထားတဲ့ အကျိုးကျေးဇူးတစ်ခုက သုတေသနပိုး စွဲကပ်လာခဲ့တယ်။ သုတေသနမလုပ်ရင် တက္ကသိုလ်ကျောင်းဆရာတစ်ဦးအနေနဲ့ မပြည့်စုံဘူးဆိုတာ သဘောပေါက်တယ်။ ဒါကြောင့် နည်းပေါင်းစုံမှာ သုတေသနလုပ်ငန်းတွေ လုပ်ခဲ့တယ်။ အထူးသဖြင့် သမဝါယမနဲ့ ပတ်သက်တဲ့ သုတေသနတွေ၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ သုတေသနတွေ လုပ်ခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော့်ကို ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့က သိလာတယ်။ ဟိုခေတ်က သုတေသနစာတမ်းဖတ်ပွဲတွေမှာ စာတမ်းတွေ မျိုးစုံတင်သွင်းဖတ်ကြားခဲ့တယ်။ သုတေသနလုပ်တဲ့အခါ သုတေသနလက်ထောက် ကျောင်းသား ကျောင်းသူတွေနဲ့ ရင်းနှီးခဲ့ပြန်တယ်။ တစ်ဖက်မှာလည်း မဟာဘွဲ့အတွက် ကျမ်းကြီးတွေကို ကြီးကြပ်ခွင့်ရခဲ့တယ်။ ဒီအထဲက ကျောင်းသူတစ်ဦးက အခုတော့ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး ဖြစ်လာတာ။ ကိုယ့်တပည့်တွေ အောင်မြင်တာမြင်ရရင် ပီတိဖြစ်ရတာပါပဲ။

တစ်ဖက်က သင်ကြားမှု သုတေသနတွေ လုပ်ခဲ့ပြီး တစ်ဖက်မှာလည်း အနုပညာအသင်း၊ အားကစားလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးတက္ကသိုလ်ရဲ့ နာမည်ကြီး ခြေလျင်တောင်တက်အသင်းမှာ တာဝန်ယူခွင့်ရခဲ့တယ်။ နယ်တွေဆီ ခရီးကြမ်းတွေ ထွက်ခဲ့တယ်။ လမ်းလျှောက်ပြိုင်ပွဲတွေလည်း ဦးစီးခဲ့တယ်။ ၁၉၈၆ ခုနှစ်မှာ ကျွန်တော် အနောက်ဂျာမနီနိုင်ငံ ပါရဂူဘွဲ့လွန် သုတေသနလုပ်ငန်းတွေ သုံးနှစ်နီးပါး ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ် နှစ်ကုန်ပိုင်းမှာ စီးပွားရေးတက္ကသိုလ်မှာ ပြန်ပြီး တာဝန်ယူခဲ့ပြန်တယ်။ ကျွန်တော့်ကို ကထိက ရာထူးတိုးပေးခဲ့တယ်။ ဒါပေမယ့် ၁၉၈၈ အပြီး ကျောင်းတွေ၊ တက္ကသိုလ်တွေက ပိတ်ထားတာမို့ အလုပ်က မရှိသလောက်ဘဲ။ ရန်ကုန်တက္ကသိုလ်တစ်ခုလုံးကလည်း တစ်ယောက်မှ မရှိတော့ဘဲ ခြောက်သွေ့နေခဲ့တာ။ ဆရာ ဆရာမတွေလည်း တုန်လှုပ်ချောက်ချားနေကြတာ။ ကျွန်တော့်ကို အခုလိုအခြေအနေတွေက ဆွဲထုတ်ခဲ့သူက ကျေးဇူးရှင်ဆရာကြီး ဒေါက်တာဦးဖေသိန်း။ နဝတအစိုးရလက်ထက် သူက တစ်ဦးတည်းသော အရပ်သားဝန်ကြီး။ ပညာရေးနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှစ်ခုကို တွဲကိုင်ထားတာ။ ဆရာကြီးနဲ့ ကျွန်တော်က ကျန်းမာရေးသုတေသနလုပ်စဉ်ကတည်းက ရင်းနှီးခဲ့တာ။ ကျွန်တော်လုပ်တာကိုင်တာ သဘောကျလို့ထင်ပါရဲ့၊ ကျန်းမာရေးဝန်ကြီးဌာနမှာ ဌာနအသစ်တစ်ခု ဖွဲ့မယ်။ စီမံကိန်းနဲ့ စာရင်းအင်းဦးစီးဌာန။ ဒီဌာနမှာ ညွှန်ကြားရေးမှူးချုပ် တာဝန်ယူဖို့ ကမ်းလှမ်းခဲ့တယ်။ ကျွန်တော်က စီးပွားရေးပညာကို လေ့လာခဲ့ပေမယ့် သုတေသနနဲ့ပတ်သက်လာရင် ကျန်းမာရေး၊ သမဝါယမ၊ လူမှုရေးနယ်ပယ်မှာ လုပ်ခဲ့တာမို့ အဆင်သင့်ပဲ။ တစ်ဖက်ကလည်း တက္ကသိုလ်က ပိတ်ထားတော့ ဆရာကြီးရဲ့ ကမ်းလှမ်းချက်ကို လက်ခံခဲ့တယ်။ နေ့ချင်း၊ ညချင်း ကထိကကနေ ညွှန်ချုပ်ဖြစ်မှာမို့ ရာထူးသုံးဆင့် တိုးသွားသော်လည်း ငြင်းဖို့မလွယ်လှဘူး။ ဒါကြောင့်လည်း ကျွန်တော်ဟာ ၂၃ နှစ်ကျော်ကျော် ရင်းနှီးခဲ့တဲ့၊ သံယောဇဉ်ဖြစ်ခဲ့တဲ့ စီးပွားရေးတက္ကသိုလ်ကနေ အပြီးအပိုင်ခွဲခွာခဲ့ရတယ်။

ဒါပေမယ့် ၂၀၀၈ ခုနှစ် မြန်မာပြည် အပြီးအပိုင်ပြန်လာတဲ့အခါ စီးပွားရေးတက္ကသိုလ်မှာ စာသင်ခွင့်ရခဲ့ပြန်တယ်။ ဒါကြောင့်လည်း အခန်း ၂၀၈ နဲ့ ရင်းနှီးခဲ့ပြန်တယ်။ အခန်းကတော့ အရင်လိုမဟုတ်တော့ဘဲ ခေတ်မီတဲ့ ဖွဲ့စည်းမှုနဲ့ လှလှပပ ထည်ထည်ဝါဝါရှိလှတယ်။ ဝါဏိဇ္ဇဗေဒဌာနရဲ့ အာစရိယပူဇော်ပွဲမှာ တက်ရောက်ရင်း အခန်း ၂၀၈ နဲ့ ကျွန်တော့်အကြောင်းကို စဉ်းစားမိခဲ့တယ်။ စဉ်းစားချက်တွေကို မျှဝေပေးချင်တဲ့စိတ်တွေပေါ်လာလို့ အခုလိုရေးလိုက်တာဖြစ်တယ်။ တရားသဘောနဲ့ စဉ်းစားရင် အားလုံးဟာ မမြဲပါဘူး။ သံယောဇဉ်ဆိုတာကလည်း အမှန်တော့ ပူလောင်တဲ့သဘော။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်ရဲ့စီးပွားရေးတက္ကသိုလ်၊ ကျွန်တော့်ရဲ့ အခန်း ၂၀၈ ကို မမေ့နိုင်ပါဘူး။ မရှိသင့်တဲ့၊ မထားသင့်တဲ့ သံယောဇဉ်ကိုတော့ ဖျောက်ဖျက်လို့ ရနိုင်မှာမဟုတ်ပါဘူး။ ။

## မန်းရွှေစက်တော်ဘုရားပွဲကာလအတွက် သန့်စင်ခန်းလုပ်ငန်းများ တင်ဒါခေါ်ယူ



**မင်းဘူး ဒီဇင်ဘာ ၁၀**

၂၀၁၈ ခုနှစ်မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပချိန်တွင် အသုံးပြုရန် သန့်စင်ခန်းလုပ်ငန်းလုပ်ကိုင်လိုသူများအား တင်ဒါခေါ်လျက်ရှိပြီး မင်းဘူးမြို့ရှိ ရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးတွင် တင်ဒါလျှောက်လွှာ တစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ဒီဇင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း မန်းရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

"၂၀၁၈ ခုနှစ်ဘုရားပွဲတော်ကာလအတွင်း သန့်စင်ခန်းလုပ်ငန်းတွေရဲ့ကြမ်းခင်းဈေးနဲ့ စည်းကမ်းချက်တွေကို ကြော်ငြာသင်ပုန်းမှာ ကပ်ထားပြီးဖြစ်ပါတယ်၊ လုပ်ငန်းလုပ်ကိုင်လိုသူတွေဟာ လုပ်ငန်းအလိုက်သတ်မှတ်ထားတဲ့ ကြမ်းခင်းဈေးကို မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးမြို့မှာ ချလန်အမှတ် CF-000296 နဲ့ ပေးသွင်းရမှာဖြစ်ပြီး လုပ်ငန်းတင်ဒါအောင်မြင်ပြီးပါက အဆိုပြုထားတဲ့ တန်ဖိုးကို ဒီဇင်ဘာ ၁၅ ရက်မှာ အကြေပေးသွင်းရမှာပါ၊ အထောက်အထားတင်ပြနိုင်မှသာ မိမိတင်ဒါအောင်မြင်တဲ့ လုပ်ငန်းမှာဝင်ရောက်ပြင်ဆင်မှု ပြုလုပ်ရမှာဖြစ်ပါတယ်။ တင်ဒါလုပ်ငန်းအောင်မြင်သူဟာ လုပ်ငန်းဆောင်ရွက်ရာမှာ ပွဲတော်အစမှ အဆုံးတိုင် ဂေါပကရုံးက ချမှတ်ထားတဲ့ အမိက စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဝင်ဦးဝင်းချိုက ပြောသည်။

ရေလောင်းအိမ်သာလုပ်ကိုင်ခွင့်ရသောသူသည် လူတစ်ဦး၊ တစ်ကြိမ်အသုံးပြုခကို ရိုးရိုးရေလောင်းအိမ်သာ ငွေကျပ် ၁၀၀၊ ဘိုထိုင်အိမ်သာ ငွေကျပ် ၃၀၀ နှုန်းကောက်ခံရမည်ဖြစ်ပြီး အသုံးပြုခကို မြင်သာအောင်ချိတ်ဆွဲထားရမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

တင်ဒါလျှောက်လွှာများကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် မင်းဘူးမြို့ မန်းရွှေစက် တော်ဘုရား ဂေါပကရုံး၌ ဖွင့်ဖောက်ကြော်ငြာမည်ဖြစ်ကြောင်း သိရသည်။ **မေသူလွင် (မကွေးကိုယ်ပွား)**

# စွန့်ဦးတီထွင်လူငယ်တွေကို ပံ့ပိုးပေးပြီး လူငယ်လုပ်ငန်းရှင်တွေပေါ်ထွန်းလာရင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာမှာပါ

**ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၉ ရက်က နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဥက္ကဋ္ဌနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်အချို့၏ အတွေ့အကြုံများကို မျှဝေလိုက်ပါသည်။**


ဦးထွန်းထွန်းနိုင်


ဒေါက်တာသီဂီဝင်း


ကိုပုည

**ဦးထွန်းထွန်းနိုင်**
**မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင် ဥက္ကဋ္ဌ**

ကျွန်တော်တို့အသင်းကတော့ မြန်မာနိုင်ငံမှာ တရားဝင် အသင်းအနေနဲ့ ၂၀၁၂ ခုနှစ် ဇွန်လကလည်းက စပြီးတော့ တည်ထောင်လာတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အခုနောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးကို ကျင့်သုံးလာပြီ ဖြစ်ပါတယ်၊ နောက်ပိုင်းမှာ စွန့်ဦးတီထွင်ယဉ်ကျေးမှုတစ်ခု ဖြစ်လာအောင်ဆိုပြီးတော့ အသင်းရဲ့အဓိက ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ ဖြစ်ပါတယ်၊ နောက်တစ်ခုက မြန်မာနိုင်ငံမှာ လူငယ်လုပ်ငန်းရှင်တွေကို မြေတောင်မြှောက်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအသင်းကိုဖွဲ့တာ ဖြစ်ပါတယ်၊ ဒီလိုအသင်းမျိုးက နိုင်ငံတကာမှာတော့ လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၃၀ လောက်ကတည်းက ရှိပြီးသား ဖြစ်ပါတယ်၊ အာဆီယံမှာလည်း တော်တော်များများ ရှိပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်အသင်းဟာ အာဆီယံအသင်းဝင် အသင်းတစ်သင်းလည်း ဖြစ်ပါတယ်၊ အာဆီယံ စွန့်ဦးတီထွင်လူငယ် လုပ်ငန်းရှင်အသင်းဆိုပြီးတော့ အာဆီယံ ၁၀ နိုင်ငံစလုံးနဲ့ ပေါင်းဖွဲ့ထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

အသင်းစဖွဲ့ကတည်းက မြန်မာနိုင်ငံမှာ စွန့်ဦးတီထွင်လုပ်ငန်းနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာဖို့အတွက် ဆွေးနွေးပွဲတွေလုပ်တယ်၊ ဟောပြောပွဲတွေ လုပ်တယ်၊ နယ်တွေကို လှည့်ပြီးတော့ အလုပ်အကိုင်ပြပွဲတွေ လုပ်တယ်၊ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ပထမဆုံး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင် ထိပ်သီးညီလာခံကို ကျင်းပခဲ့ပါတယ်၊ အဲဒီ ထိပ်သီးညီလာခံကို ကျင်းပတဲ့အခါမှာ စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်တွေအတွက် တကယ်လိုအပ်တဲ့ ဂေဟစနစ် ခြောက်ခုကို တင်ပြခဲ့ပါတယ်၊ အဲဒီ ဂေဟစနစ်ကို အကောင်အထည်ဖော်ဖို့ နှစ်နှစ်စီမံကိန်းနဲ့ ကျွန်တော်တို့ လုပ်နေပါတယ်၊ ဂေဟစနစ်ကို အကောင်အထည်ဖော်တဲ့အခါကျမှ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်လုပ်ငန်းရှင်တွေအတွက်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအတွက် နိုင်ငံတော်က အားပေးမှုတွေရမှာ ဖြစ်တယ်။

ယဉ်ကျေးမှုတစ်ရပ်ဖြစ်ဖို့အတွက် လူများများသိဖို့ လိုပါတယ်၊ ဒီလိုပွဲတွေကို နှစ်စဉ်နှစ်တိုင်းလုပ်တာ ဖြစ်ပါတယ်၊ အစိုးရရဲ့ အသိအမှတ်ပြုမှုကို ခံချင်ပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ လူငယ်လုပ်ငန်းရှင် အသေးလေးတွေကို အစိုးရကနေပြီး အားပေးတယ်၊ ချီးမြှင့်တယ်၊ ချီးမြှောက်တယ်၊ တော်တဲ့သူတွေအတွက် ဂုဏ်ပြုတယ်ဆိုတာတွေ လိုပါတယ်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်တွေအတွက် အတားအဆီးတွေ အများကြီးရှိပါတယ်၊ တချို့အတားအဆီးတွေက အတားအဆီး ဖြစ်ပေါ်စေတဲ့ ပေါ်လစီတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ ပြင်ရမှာ ဖြစ်ပါတယ်၊ တချို့ဆိုရင် နည်းဥပဒေတွေ၊ ဥပဒေတွေ မရှိသေးတဲ့အတွက် အကာအကွယ်မပေးနိုင်ပါဘူး၊ မရှိသေးတဲ့ နည်းဥပဒေတွေ၊ ဥပဒေတွေကို ရေးဆွဲရမှာ ဖြစ်ပါတယ်၊ နံပါတ် ၁ ပြိုင်ဆိုင်မှု ပေါ်လစီဖြစ်ပါတယ်။

ပြိုင်ဆိုင်မှုပေါ်လစီမှာ Open Market အကုန်လုံး တစ်ပြေးညီလို့ ပြောပေမယ့် ဆိတ်နဲ့ ဆင်နဲ့က ပြိုင်လို့ မရပါဘူး၊ ဆိတ်နဲ့ ဆိတ်ချင်းပြိုင် ဆင်နဲ့ ဆင်ချင်းပြိုင်ဆိုတာ ရှိရပါမယ်၊ ငယ်တဲ့သူတွေအတွက် ဘယ်လိုလုပ်ပေးမလဲ၊ အလယ်လတ်တန်းစားတွေအတွက် ဘယ်လိုလုပ်ပေးမလဲ၊ ကြီးတဲ့သူတွေအတွက် ဘယ်လိုလုပ်ပေးမလဲဆိုတဲ့ ပေါ်လစီမျိုးကို ထည့်ဆွဲပေးရမှာ ဖြစ်ပါတယ်၊ အစိုးရဝယ်ယူရေး ပေါ်လစီတွေမှာလည်း လူငယ် လုပ်ငန်းရှင်အသေးလေးတွေဆီကို ဘတ်ဂျက်နည်းနည်း ချပေးပြီး သူတို့ကိုစပြီး အသုံးပြုကြည့်ဖို့လိုပါတယ်၊ အဲဒီလို စမ်းသပ်ကြည့်တဲ့အခါကျမှ သူတို့လည်း တဖြည်းဖြည်းနဲ့ အောင်မြင်လာတဲ့ လုပ်ငန်းရှင်တွေ ဖြစ်ကြမှာပါ။

ကျွန်တော်တို့ စွန့်ဦးတီထွင်လုပ်ငန်းဟာ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်ထုတ်လုပ်ငန်းကဏ္ဍ ၊ ခရီးသွားလုပ်ငန်းတွေမှာလည်း ပါပါတယ်၊ လုပ်ငန်းတိုင်းမှာ ပါတဲ့အတွက်ကြောင့် လိုအပ်တဲ့ ပေါ်လစီ၊ နည်းဥပဒေတွေကို ကျွန်တော်တို့ကနေ လိုအပ်တဲ့ဟာတွေကို လိုအပ်သလိုရေးရမှာ ဖြစ်ပါတယ်၊ အဲဒါ လုပ်ပြီးသွားရင်တော့ မြန်မာနိုင်ငံက စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်တွေကို တကယ်ပံ့ပိုးပေးတဲ့ နိုင်ငံကြီး တစ်နိုင်ငံဖြစ်သွားမှာပါ၊ လူငယ်လုပ်ငန်းရှင်တွေ အများကြီးပေါ်ထွန်းလာတဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့စီးပွားရေးက ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပထဝီအနေအထားအရရော၊ သယံဇာတအရရော ပြည့်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်၊ အိမ်နီးချင်းကောင်းတွေလည်းရှိပါတယ် ၊ အရှေ့ဘက်မှာ တရုတ်နိုင်ငံ၊ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံနဲ့ အာဆီယံဒေသကြီး တစ်ခုလုံးရှိပါတယ်၊ စီးပွားရေးအနေအထားအရ ကမ္ဘာ့ဈေးကွက်ရဲ့ သုံးပုံနှစ်ပုံကို ပိုင်ထားပြီးသား ဖြစ်ပါတယ်၊ တရုတ်ရယ်၊ အိန္ဒိယရယ် အာဆီယံဈေးကွက်က ဈေးကွက်အကြီးကြီးပါ၊ ကျွန်တော်တို့သာ တကယ်တမ်း အသုံးချနိုင်မယ်၊ တကယ်တမ်း အလုပ်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံက အချိန်တိုတိုအတွင်းမှာ တိုးတက်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက နုနယ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ အချိန်ကာလမှာ အဘက်ဘက်ကနေ ဖိအားတွေ ပေးတာရှိပါတယ်၊ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့အမြင်မှာရော၊ နိုင်ငံတကာနဲ့ပတ်သက်ပြီး ဆက်ဆံတဲ့ဟာတွေမှာရော တော်တော်လေးကို လုပ်ငန်းရှင်တွေအတွက် အခက်အခဲတွေ ဖြစ်ပါတယ်၊ အဲဒီအခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မလာပါဘူး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စောင့်မနေဘဲ ကိုယ်ထူးကိုယ်ချွန်လုပ်နိုင်တဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ်၊ မြန်မာပြည်မှာ လူဦးရေ သန်း ၅၀ ကျော် ရှိတယ်၊ ဒီလူဦးရေကို ဘယ်လိုဝန်ဆောင်မှုပေးမလဲ၊ ဘယ်လို ကုန်ပစ္စည်းမျိုးတွေ ရောင်းမလဲဆိုရင်ပဲ တော်တော်အောင်မြင်တဲ့ ဈေးကွက်တစ်ခု ရမှာ ဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်တွေကိုရော၊ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကိုရော အကုန်လုံးကို ပြောချင်တာက ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေးက ကျွန်တော်တို့ ကိုယ်တိုင်လုပ်မှ ရမှာ ဖြစ်ပါတယ်၊ ဘယ်သူ့ကိုမှ အားကိုးလို့ မရပါဘူး၊ အဲဒီအတွက်ကြောင့် ကိုယ်ထူးကိုယ်ချွန်လုပ်ငန်းတွေကို လုပ်ရမှာ ဖြစ်ပါတယ်။

**ဒေါက်တာသီဂီဝင်း**
**Founder and Business development Director**
**Global Assistance Co.,Ltd.**

ကျွန်မတို့ကုမ္ပဏီက ခရီးသွား ကျန်းမာရေးဆိုင်ရာ အထောက်အကူပေးတဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ ပြုလုပ်ပေးတဲ့ ကုမ္ပဏီဖြစ်ပါတယ်၊ ပုဂံမြို့သစ်မှာ ဆေးခန်းအနေနဲ့ နိုင်ငံတကာအဆင့်မီ နိုင်ငံခြားသားတွေအတွက်ရော မြန်မာလူမျိုးတွေအတွက်ပါ ဖွင့်လှစ်ထားပါတယ်၊ ဒါ့အပြင် နောက်ထပ်ဆေးခန်းတွေ ဖွင့်လှစ်သွားဖို့ အစီအစဉ်ရှိပါတယ်၊ အင်းလေးမှာဆိုရင်လည်း နောက်နှစ်တွေမှာ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်၊ အခြားဝန်ဆောင်မှုအနေနဲ့က အရေးပေါ်လူနာတွေကို ဇန်ကောက်-စင်ကာပူ စင်းလုံးငှားလေယာဉ်နဲ့ရော အခြားလေယာဉ်နဲ့ပါ ပို့ဆောင်ပေးပါတယ်။

ကျွန်မဆေးရုံတစ်ခုမှာ လုပ်ခဲ့ပါတယ်၊ ခရီးသွားကျန်းမာရေးနဲ့ပတ်သက်ပြီး လိုအပ်ချက်တွေ အများကြီးတွေ့ရှိခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒီကုမ္ပဏီကို တည်ထောင်ပြီးတော့ ခရီးသွားလာမှုများတဲ့ဒေသတွေမှာ နိုင်ငံတော်ရဲ့ ကျန်းမာရေးကဏ္ဍကို တစ်ထောင့်တစ်နေရာကနေ ကူညီပံ့ပိုးပေးနိုင်မယ်ဆိုပြီး

**“စွန့်ဦးတီထွင်လူငယ်တွေက အသစ်အဆန်းတွေကို ဖန်တီး ရတာဖြစ်တဲ့အတွက် စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်၊ မသေချာမရေရာတဲ့ အခြေအနေမျိုးတွေ ဖြစ်ပါတယ်၊ ကိုယ့်ယုံကြည်ချက်ကို အားမလျှော့ဘဲ အောင်မြင်အောင်လို့ ခိုင်မာတဲ့ ဇွဲရှိဖို့လို”**

ရည်ရွယ်ဖွင့်လှစ်နေတာ ဖြစ်ပါတယ်၊ ဒီဆုကတော့ နှစ်နှစ်အောက် သက်တမ်းရှိတဲ့ လုပ်ငန်းရှင်တွေကို ပေးတာဖြစ်ပါတယ်၊ ကျွန်မရဲ့ ခရီးသွားကျန်းမာရေးဝန်ဆောင်မှုက မြန်မာပြည်မှာ လုပ်တဲ့သူ မရှိသေးပါဘူး၊ ကျွန်မကုမ္ပဏီက ၁၀၀ ရာခိုင်နှုန်း Local Own ဖြစ်ပါတယ်၊ ကျွန်မကုမ္ပဏီရဲ့ Data က International ကုမ္ပဏီဖြစ်တဲ့အပြင် ပုဂံမြို့မှာရှိတဲ့ ဆေးခန်းက အများပြည်သူအတွက် အကျိုးပြုနိုင်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဒီဆုကိုရခဲ့တယ်လို့ ထင်ပါတယ်။

မြန်မာပြည်မှာ စွန့်ဦးတီထွင်တာတွေကိုတော့ လုပ်ချင်ကြပေမယ့် လုပ်ဖို့အတွက်ကျတော့ လုပ်ချင်တဲ့လုပ်ငန်းရှိဖို့ လိုပါတယ်၊ သူတို့လုပ်ငန်းကို အထောက်အကူပြုမယ့် Financial Background လည်းရှိဖို့ လိုပါတယ်၊ Sustainable ဖြစ်ဖို့အတွက်လည်း သူတို့ဘက်ကနေ သေချာကြိုးစားအားထုတ်ဖို့ အများကြီး လိုပါတယ်၊ နှစ်နှစ်တာပတ်ဝန်းကျင်မှာ ကျွန်မရဲ့ ပုဂံဆေးခန်းကို မဆုတ်မနစ်ဘဲ အောင်မြင်အောင်ကြိုးစားခဲ့ပါတယ်၊ မြန်မာမိန်းကလေး တစ်ယောက်ဖြစ်နေတဲ့အတွက်လည်း ကျွန်မအတွက် ပိုပြီးအခက်အခဲတွေ အများကြီးရှိပါတယ်၊ ဒီလုပ်ငန်းကို ဖြစ်ကိုဖြစ်ရမယ်၊ ဘယ်လို အခက်အခဲပဲရှိပါစေ ကျော်လွှားရမယ်ဆိုတာကို စိတ်ထဲမှာ အမြဲထားပြီး လုပ်တဲ့အတွက်ကြောင့် အောင်မြင်တယ်လို့ ယူဆပါတယ်။

**ကိုပုည**
**လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းရှင်**

ကျွန်တော်အရင်တုန်းက လူမှုအကျိုးပြုတီထွင်မှုတစ်ခု လုပ်ခဲ့ပါတယ်၊ စွန့်ပစ်ပစ္စည်းတွေကို အလှူခံတဲ့ အမှိုက်ပုံးတွေ ဖြစ်ပါတယ်၊ အလှူခံလို့ရတဲ့ အမှိုက်တွေကို ရောင်းချပြီးတော့ ကလေးတွေရဲ့ပညာရေးရန်ပုံငွေတွေမှာ ပြန်ပြီးအသုံးပြုခဲ့ပါတယ်၊ ပတ်ဝန်းကျင်အတွက်လည်း အကျိုးရှိတယ်၊ ကလေးတွေအတွက်လည်း ပညာရေးမှာ ရန်ပုံငွေရပါတယ်၊ အကျိုးနှစ်မျိုး ရရှိပါတယ်၊ ကျွန်တော်လုပ်ခဲ့တာက ပရဟိတ စေတနာ့ဝန်ထမ်းတစ်ဦးအနေနဲ့ လုပ်ခဲ့တာ ဖြစ်ပါတယ်၊ ရေရှည်မှာ ဒီအလုပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်နိုင်ဖို့အတွက်ကို စီးပွားရေးနဲ့ လူမှုရေး နှစ်မျိုးသက်ဆိုင်တဲ့ လူမှုအကျိုးပြု စီးပွားရေးကို တီထွင်ပြီးတော့ လုပ်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာ အခုလုပ်နေတာက နည်းပညာအမှိုက်ပုံးတွေကို လုပ်နေပါတယ်၊ ဒီအမှိုက်ပုံးတွေက အိမ်တွေ၊ ရုံးတွေ၊ ကျောင်းတွေမှာ ထားလို့ရမယ်၊ အမှိုက်တွေကိုစုတဲ့ စုဘူးပုံစံမျိုး ဖြစ်ပါတယ်၊ ဒီစုဘူးတွေကိုသိမ်းတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပေးလို့ရအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်၊ အမှိုက်ကို စုတဲ့သူတွေက ဝင်ငွေကိုလည်း ပြန်ပြီးဖန်တီးလို့ရမယ်၊ ဒါမှမဟုတ် လိုအပ်တဲ့နေရာတွေကို လှူဒါန်းနိုင်မယ်၊ သိမ်းတဲ့လူတွေကျတော့လည်း ပိုပြီးအဆင်ပြေပြေနဲ့ လွယ်လွယ်ကူကူနဲ့ သိမ်းသွားလို့ရမယ်၊ ပတ်ဝန်းကျင်မှာ ကျတော့လည်း အမှိုက်တွေ ဘေးထွက်တာ လျော့သွားမှာ ဖြစ်ပါတယ်၊ အဲဒီလို အကျိုးတွေ ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ ပြောင်းလဲဖို့ဆိုရင် သမားရိုးကျမဟုတ်ဘဲ တီထွင်ကြံဆတဲ့ နည်းလမ်းတွေနဲ့ ချဉ်းကပ်မှ ပိုပြီးတော့ အပြောင်းအလဲက မြန်မြန်ဆန်ဆန်နဲ့ ဖြစ်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်၊ သမားရိုးကျအတိုင်းဆိုရင် လူတွေကို ဆွဲဆောင်တဲ့ နေရာရော၊ အလုပ်လုပ်တဲ့နေရာမှာရော ပိုပြီး မြန်မြန်ဆန်ဆန်ဖြစ်မယ်လို့ မထင်ပါဘူး၊ တီထွင်ကြံဆတဲ့ နည်းလမ်းတွေသုံးမှသာ အလုပ်အပြောင်းအလဲတွေ၊ လူမှုရေး ပတ်ဝန်းကျင် အပြောင်းအလဲတွေ၊ ကိုယ့်ရဲ့စီးပွားရေး အပြောင်းအလဲတွေဖြစ်မယ်လို့ ယူဆပါတယ်၊ တီထွင်မှုတွေကိုလည်း ဖန်တီးရတာ ကြိုက်နှစ်သက်လို့ ဒီဟာကို လုပ်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော် ဒီလိုဆုရတယ်ဆိုတာ တီထွင်ဖန်တီးမှုကို MYEA အဖွဲ့ကနေပြီး အသိအမှတ်ပြုတဲ့ သဘောဖြစ်ပါတယ်၊ ဒီလိုအသိအမှတ်ပြုတဲ့အတွက် အလုပ်လုပ်တဲ့နေရာမှာ ခွန်အားတွေလည်း အများကြီးရရှိပါတယ်၊ တီထွင်ခဲ့တဲ့ ဖန်တီးမှုအပေါ်မှာ ဆက်ပြီးတော့ ကြိုးစားပြီး နောက်ထပ်စိတ်ကူးအသစ်တွေ၊ အိုင်ဒီယာအသစ်တွေ ထပ်ဖြည့်ပြီး ပိုပြီးရေရှည်ခံတဲ့၊ စီးပွားရေးအရလည်း လည်ပတ်နိုင်တဲ့ ဆက်ပြီး တွေးတောကြံစည်လုပ်ဆောင်တဲ့အတွက် အသိအမှတ်ပြုခြင်း ခံရတာလည်း ဖြစ်ပါတယ်၊ ရှေ့ဆက်ပြီး ပိုကြိုးစားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စွန့်ဦးတီထွင်လူငယ်တွေက အသစ်အဆန်းတွေကို ဖန်တီးရတာဖြစ်တဲ့အတွက် စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်၊ မသေချာမရေရာတဲ့ အခြေအနေမျိုးတွေ ဖြစ်ပါတယ်၊ ကိုယ့်ယုံကြည်ချက်ကို အားမလျှော့ဘဲ အောင်မြင်အောင်လို့ ခိုင်မာတဲ့ ဇွဲရှိဖို့လိုပါတယ်၊ စွန့်ဦးတီထွင်တာတွေနဲ့ပတ်သက်ပြီး လိုအပ်တဲ့ အရည်အချင်းတွေ ရှိရမှာဖြစ်သလို လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အရှုပ်အရှင်းတွေကင်းပြီး ကိုယ့်ကိုယ်ကိုယ် ကျန်းမာနေဖို့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း အမြဲမပြတ်ဆည်းပူးလေ့လာနေဖို့ လိုပါတယ်၊ ဒါမှ အသစ်အဆန်းတွေကို ဖန်တီးနိုင်မယ်၊ ဒီအလုပ်တွေ လုပ်တဲ့အခါမှာ တခြားလူတွေနဲ့ ပူးပေါင်းတာပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ရင်းနှီးမြှုပ်နှံပြီး လက်တွဲမယ့်သူတွေပဲဖြစ်ဖြစ် ယုံကြည်မှုတွေ ရရှိမှာ ဖြစ်ပါတယ်၊ လူငယ်တွေကို ပြောချင်တာက တီထွင်ကြံဆပါ၊ တီထွင်မှုတွေနဲ့ စွန့်ဦးတီထွင်သူတစ်ယောက်ဖြစ်အောင် ကြိုးစားပါ၊ အောင်မြင်မှုတွေကို ရယူလိုက်ပါလို့ ပြောချင်ပါတယ်။ ။

**သတင်းအဖွဲ့**

# မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

**မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။**





### လုပ်အကျွေး ပြုရန်

အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက နိုင်ငံတော်က စေတနာအပြည့်အဝနှင့် ရည်ရွယ်ချက်ကြီးမားစွာဖြင့် စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိရာ စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ဖြစ်ကြသည့် အောင်လက်မှတ် ရရှိသူများကလည်း နိုင်ငံတော်နှင့် တိုင်းပြည်၏ အကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ ကျေပွန်စွာတုံ့ပြန်ပေးဆပ်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပြောင်းလဲလာသည့် နိုင်ငံတော် အုပ်ချုပ်ပုံစနစ်သစ်နှင့်အညီ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် အခါသမယတွင် နိုင်ငံတော်အတွက် ကျွမ်းကျင်သော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ အထူးလိုအပ်လျက်ရှိရာ အောင်လက်မှတ်ရရှိသူများ အနေဖြင့် နေရာမရွေးလိုအပ်ချက်ကို ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းကြရာတွင် စာရင်းပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စိတ်စေတနာထားကာ စွမ်းအားပြည့်တက်ကြွစွာ အလုပ်အကျွေးပြုရန် တိုက်တွန်းလိုကြောင်းနှင့် အောင်လက်မှတ်ရရှိသူများ အနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်ဝတ်၊ သိက္ခာ၊ စည်းကမ်းများကို တိကျစွာလိုက်နာ၍ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူတို့၏ ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ်တည်ကြည်စွာ ထမ်းရွက်နိုင်ကြပြီး ကိုယ်ကျင့်သီလ ကောင်းမွန်သည့် နိုင်ငံတော်က အားထားရသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ ဖြစ်အောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန် အထူးလိုအပ်ပါကြောင်း မှာကြားသည်။

### အောင်လက်မှတ်ချီးမြှင့်


ထို့နောက် ဆုနှင့် ပညာရေးရန်ပုံငွေလှူဒါန်းခဲ့သည့် အလှူရှင်များအား မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များက စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများနှင့်လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ် စာမေးပွဲ၊ အောင်မြင်သူများအား အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ) ပညာရပ် တတိယဆု၊ စေတုတ္တရာ ချင်းလှထွန်းရေးသားသည့် **"မုန်းချောင်းရေပြာ စေတုတ္တရာ"** စာအုပ်ကို စာအုပ်အသင်း၏ ဒီဇင်ဘာလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။ စာပေဗိမာန်အသင်း ဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁နှင့် ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်များ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ သဘာဝတောတောင်၊ ရေ၊ မြေ၊ ရာသီဥတုသာယာမှု၊ သဘာဝရှုခင်းများ ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးစေတီများ၊ လူမျိုးစုများ၏ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ပေါကြွယ်ဝမှု၊ သာယာလှပသော ကမ်းခြေများ၊ ကျွန်းစုများ၊ သဘာဝ ရေချိုအိုင်ကြီးများနှင့် သဘာဝတောမဲ့တောများနှင့် တောတိရစ္ဆာန်များ စသည့် လေ့လာချင်စရာများ ပေါကြွယ်ဝမှုများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှု များပြားလာခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့ လေ့လာချင်စရာ သဘာဝ အလှတရားများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၂၉၇၆၇၆ ဦး၊ လုပ်ငန်းဗီဇာဖြင့် ၁၅၉၀၉၄ ဦးသာ ရှိခဲ့သော်လည်း အလားတူ ၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၂၉၈၃၉၅ ဦးနှင့် လုပ်ငန်းဗီဇာဖြင့် ၁၆၀၀၇၇ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်၊ လအလိုက် နိုင်ငံခြားသား ဗီဇာဖြင့် ဝင်ရောက်မှုအခြေအနေ နှိုင်းယှဉ်ချက်မှာ-

**အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ် ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်**

| စဉ် | လအမည် | ၂၀၁၆ ခုနှစ်၊ | | ၂၀၁၇ ခုနှစ်၊ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ဧပြီလ | ၂၉၃၇၄ | ၁၈၁၀၉ | ၃၄၃၆၇ | ၁၉၆၀၅ | |
| ၂ | မေလ | ၂၉၀၆၇ | ၂၀၅၄၇ | ၂၈၄၄၆ | ၂၀၅၁၈ | |
| ၃ | ဇွန်လ | ၂၇၅၄၁ | ၁၇၅၁၄ | ၂၆၅၆၅ | ၁၈၀၃၄ | |
| ၄ | ဇူလိုင်လ | ၃၃၄၁၄ | ၂၀၂၃၇ | ၃၃၄၉၈ | ၂၀၆၃၄ | |
| ၅ | ဩဂုတ်လ | ၃၁၄၃၈ | ၁၈၆၉၈ | ၃၄၆၀၄ | ၁၈၉၂၂ | |
| ၆ | စက်တင်ဘာလ | ၃၂၆၄၄ | ၁၉၉၅၀ | ၃၀၆၉၃ | ၁၉၂၈၃ | |
| ၇ | အောက်တိုဘာလ | ၄၈၇၂၈ | ၂၁၉၃၅ | ၄၆၆၉၃ | ၂၁၂၅၃ | |
| ၈ | နိုဝင်ဘာလ | ၆၅၄၃၀ | ၂၂၀၆၄ | ၆၃၅၂၉ | ၂၁၈၂၈ | |
| | စုစုပေါင်း | ၂၉၇၆၇၆ | ၁၅၉၀၉၄ | ၂၉၈၃၉၅ | ၁၆၀၀၇၇ | |

**ညီညီသန်း(နေပြည်တော်)**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၈ ဒီဂရီ စင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖလမ်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၀၁ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ဟားခါးမြို့နှင့် ကန့်ဘလူမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီ၊ ရေဦးမြို့တွင် ၀ ဒသမ ၈၃ လက်မနှင့် တီးတိန်မြို့နှင့် မြောင်းမြမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီတို့ဖြစ်သည်။ **မိုး/ဇလ**

# အရှေ့တောင်အာရှဒေသအတွင်း ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုရရှိခဲ့

ရန်ကုန် ဒီဇင်ဘာ ၁၀

**အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ်ပြိုင်ပွဲ South East Asia PrixJeunesse Video Festival - SEAPJ ( National Level) နှင့် (Regional Level) ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရွေးချယ်ခံခဲ့ရသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုသည့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)တွင် ပြုလုပ်ခဲ့သည်။**

SEAPJ ပြိုင်ပွဲသည် အသက် ရှစ်နှစ်မှ ၁၇ နှစ်ကြားကလေးငယ်များအတွက် အကျိုးပြုစေမည့် ဇာတ်လမ်းများကိုသာ အဓိကထား ရိုက်ကူးရသည့် ပြိုင်ပွဲဖြစ်ပြီး ကလေးငယ်များအားလုံး အသိပညာတိုးတက်လာစေရန်နှင့် ကလေးငယ်များ၏ အနာဂတ်ကောင်းမွန်လာစေရေး ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ အာဆီယံ ၁၀ နိုင်ငံမှ ပြိုင်ပွဲဝင်များ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် မကျော့်နှင်းဆီသည် (သနပ်ခါးပန်းရနံ့လေးမွှေးစေချင်) Video Clip ဖြင့် ဒေသတွင်းအဆင့် (Regional Level) ပြိုင်ပွဲ၏ Professional Video Maker (Fiction) အဆင့်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည်၊

"ဒီပြိုင်ပွဲမှာ သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး မိဘတွေသိသင့်သိထိုက်တာကို documentary ပုံစံရိုက်ကူးတင်ဆက်ခဲ့တာပါ၊ ဒီမှာတုန်းကတော့ ကိုယ့်ကားအလွန်ကောင်းတယ်၊ ဖိလစ်ပိုင်ပါရင်တော့ ကျိန်းသေရွေးချယ်ခံရမှာပဲဆိုပြီး ကြွေးကြော်နေခဲ့တာ တကယ်တမ်း ဖိလစ်ပိုင်ရောက်တော့ ဇာတ်ကားတွေ ထိုးပြတာရင်တောင်တုန်သွားတယ်၊ ဇာတ်ကားတွေက ကိုယ့်ထက်ကောင်းနေတော့ ကျွန်မတို့တိုင်းပြည် ဆုကောရပ့်ါမလားပေ့ါ၊ မရဘဲနဲ့ပြန်လာရင် အရှက်ကွဲတော့မှာပဲဆိုပြီး စိုးရိမ်ခဲ့ရတာ၊ ဆုတစ်ဆုရအောင် ယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်"ဟု မကျော့်နှင်းဆီက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မှသာ ပထမဆုံးသွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကြီးမှူးကာ (SEAPJ) National level အား ပညာရှင်အဆင့်၊ အပျော်တမ်းအဆင့် (အသက် ၁၈ နှစ်အထက်)၊ ကလေး သူငယ်အဆင့် (အသက် ၁၈ နှစ်အောက်) စသည်ဖြင့် အဆင့်သုံးဆင့်ခွဲခြား၍ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးသတ်မှတ်ကာ ပြိုင်ပွဲဝင်များအား ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက ဖိတ်ခေါ်ခဲ့သည်။

ယင်းပြိုင်ပွဲမှ အမျိုးသားအဆင့် (National level) ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးအနက်မှ ကိုးမျိုးတွင် ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်းပြိုင်ပွဲဝင် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၎င်းတို့အနက်မှ ကလေးသူငယ်အဆင့်တွင် ပြိုင်ပွဲဝင်သုံးဦး၊ အပျော်တမ်းအဆင့်တွင် ပြိုင်ပွဲဝင် တစ်ဦးနှင့် ပညာရှင်အဆင့်တွင် ပြိုင်ပွဲဝင် သုံးဦး ပေါ်ထွက်ခဲ့သည်။ အဆိုပါ ဆန်ခါတင်ပြိုင်ပွဲဝင် ခုနစ်ဦး၏ ရုပ်သံအစီအစဉ်များကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိကျင်းပသည့် ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအစီအစဉ်များအနက်မှ ပြိုင်ပွဲဝင် မကျော့်နှင်းဆီရိုက်ကူးတင်ဆက်သည့် " Let Fragrance of ThaNaKha be lasted forever" (သနပ်ခါးပန်းရနံ့လေးမွှေးစေချင်) Video Clip မှ ဒေသတွင်းအဆင့် (Regional level) ပြိုင်ပွဲ၏ Professional Video Maker (Fiction) အဆင့် ပြိုင်ပွဲတွင် ဆုရရှိခဲ့ခြင်း ဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ် ပြိုင်ပွဲ SEAPJ သည် အသက်အရွယ်မရွေး ရုပ်သံအစီအစဉ် ထုတ်လုပ်သူမည်သူမဆို ယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။ ယင်းပြိုင်ပွဲကိုနောက်နှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပသွားမည်ဟု သိရသည်။ **သတင်း-ခင်ဇာလီ**



**သနပ်ခါးပန်းရနံ့လေးမွှေးစေချင် Video Clip ဖြင့် ဒေသတွင်းအဆင့် (Regional Level) ပြိုင်ပွဲ၏ Professional Video Maker (Fiction) အဆင့်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မကျော့်နှင်းဆီအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆုချီးမြှင့်စဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



# ရုပ်ရှင်ညီလာခံကို ကြိုဆိုပါသည်



## တက္ကသိုလ်ယဉ်ယဉ်လဲ့

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများ၏ သင်းလုံးကျွတ်ညီလာခံကြီးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ နေ့တွင် အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပမည်ဖြစ်ပါသည်။

ရုပ်ရှင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ ရုပ်ရှင်အား ချစ်မြတ်နိုးသူများ၊ ရုပ်ရှင်နှင့် ပတ်သက်ဆက်နွှယ်သူများ အားလုံး စိတ်ဝင်တစား တက်တက်ကြွကြွဖြင့် ရုပ်ရှင်လောကသားအားလုံး၏ တိုးတက်ရာတိုးတက်ကြောင်းကို ညီလာခံကြီးတွင် တင်ပြစရာ၊ တောင်းဆိုစရာ၊ ညှိနှိုင်းတိုင်ပင်စရာများဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြမည်ဟု ယုံကြည်ပါသည်။

### နှစ်တစ်ရာ ပြည့်မြောက်တော့မည်

မြန်မာ့ရုပ်ရှင်သမိုင်းအား ပြန်ကြည့်မည်ဆိုလျှင် ၁၉၂၀ ပြည့်နှစ်မှာ မေတ္တာနှင့် သူရာဇာတ်ကားဖြင့် ရုပ်ရှင်ကို စတင်ကြိုးပမ်းရိုက်ကူးခဲ့ကြရာမှ ၂၀၂၀ ပြည့်နှစ်တွင် ရုပ်ရှင်နှစ်တစ်ရာ ပြည့်မြောက်တော့မည် ဖြစ်ပါသည်။

ထိုနှစ်တစ်ရာအတွင်း ရုပ်ရှင်လောက ဘာတွေတိုးတက်ဖွံ့ဖြိုးလာပြီလဲ၊ ယခုလက်ရှိအခြေအနေမှာ ဘာတွေလုပ်ဆောင်သင့်သလဲဆိုတာကိုလည်း ဆန်းစစ်ဖို့ လိုအပ်လာပေပြီ။

ယခင်က ရုပ်ရှင်သမားအများစုက ပြောကြပါသည်။ ပြည်သူပိုင်ရုပ်ရှင်ရုံတွေ ဖြစ်သွားလို့ ရုပ်ရှင်ဇာတ်ကားပြသမှု လုပ်ငန်းကျဆင်းသွားတယ်၊ ဝင်ငွေတွေ လျော့သွားတယ် စသည်ဖြင့်ပေါ့။

မှန်တော့လည်းမှန်ပါသည်။

ရုပ်ရှင်ရုံတွေမှာ လေအေးပေးစက်မရှိ၊ ပန်ကာတွေပျက်၊ ထိုင်ခုံတွေကျိုး၊ ခြင်၊ ကြမ်းပိုးပေါ၊ ညစ်ပတ်၊ ရုပ်ရှင်ရုံထဲမှာ နေထိုင်လို့ မကောင်းအောင် ဖြစ်ကာ၊ ရုပ်ရှင်ကို လူကြည့်နည်းခြင်းဖြစ်ပါသည်တဲ့။

၁၉၈၈ ခုနှစ်နောက်ပိုင်း ပို၍ဆိုးရွားလာသည်။

အရေးအခင်းကြောင့် ရုပ်ရှင်မရိုက်ရသောအခါ ရုပ်ရှင်လုပ်သားများ ကြုံရာကျရာ လုပ်ကိုင်စားကြရသည်။

မင်းသား၊ မင်းသမီးတွေပင် မင်္ဂလာဆောင်၊ အလှူတွေမှာ သီချင်းလိုက်ဆိုရ၊ ပြဇာတ်ကရနှင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။

ထိုအချိန်တွင် သိမ်ကြီးဈေးမှာ မင်္ဂလာရုပ်ရှင်ရုံတစ်ရုံ ပေါ်ထွန်းလာသည်။

### ကြိတ်ကြိတ်တိုး အားပေး

၁၉၉၆ ခုနှစ်မှာ ဦးဇော်မင်း(မင်္ဂလာအုပ်စု) ဦးဆောင်သော အဖွဲ့က ရုပ်ရှင်ရုံများကို နိုင်ငံခြားစံချိန်မီ လေအေးစက်များ၊ ဆိုဖာထိုင်ခုံများဖြင့် ဆောင်ရွက်လာသောအခါ ရုပ်ရှင်ငတ်နေသော မြန်မာရုပ်ရှင်ဝါသနာအိုးတို့ ကြိတ်ကြိတ်တိုး အားပေးခဲ့ကြသည်။

ထို့နောက် မင်္ဂလာအုပ်စုသည် သမ္မတ၊ နေပြည်တော်၊ ရှေ့ဆောင်စသည်ဖြင့် ရုပ်ရှင်ရုံများ တိုးချဲ့လုပ်ကိုင်လာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပြည်သူပိုင်သိမ်းဆည်းခဲ့သော ရုပ်ရှင်ရုံ ၁၈၂ ရုံ၊ နိုင်ငံတော်မှ ထပ်မံတည်ဆောက်သည့် ရုပ်ရှင်ရုံငါးရုံ၊ စုစုပေါင်း ၁၈၇ ရုံရှိခဲ့ရာမှ ပုဂ္ဂလိကသို့ ၁၃၆ ရုံ အပြီးရောင်းချခဲ့ပါသည်။

ထိုအထဲတွင် ရုပ်ရှင်လုပ်ငန်း ပြန်လည်လုပ်ကိုင်ရမည့် ရုပ်ရှင်ရုံ ၉၄ ရုံ ပါဝင်နေသည်။ ယင်းတို့အနက် Digital စနစ်သို့ ပြောင်းလဲပြီး ရုပ်ရှင်ရုံ ၁၄ ရုံနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း အကောင်အထည်ဖော်ရန် ဆောင်ရွက်ဆဲ ရုပ်ရှင်ရုံ ၁၂ ရုံတို့ ရှိနေပါသည်။

### တွန်းအားပေး ဆောင်ရွက်နေ

အခြားလုပ်ငန်းပြောင်းလဲလုပ်ကိုင်သည့် ရုပ်ရှင်ရုံ ၁၄ ရုံတွင်လည်း ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရုပ်ရှင်လုပ်ငန်းနှင့်ပူးတွဲပြီး အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်သည့် ရုပ်ရှင်ရုံ ခုနစ်ရုံ ရှိပါသည်။ ကျန်ရုံများကိုလည်း ရုပ်ရှင်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တွန်းအားပေး ဆောင်ရွက်နေကြောင်း သိရပါသည်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်မှုအတွက် Paradiso Co., Ltd. မှ ရုံတစ်ရာ စီမံကိန်းဖြင့် မြန်မာပြည်အနှံ့ ရုပ်ရှင်ရုံများ ဆောင်ရွက်လျက်ရှိရာ Digital စနစ်ပြောင်းလဲ ဆောင်ရွက်ခဲ့သည်။ Paradiso Cinema ၁၀ ရုံထိ ဆောင်ရွက်ပြီး၍ ရုပ်ရှင်ဇာတ်ကားများ ကျယ်ကျယ်ပြန့်ပြန့် ပြသနိုင်ပြီး ဝင်ငွေတိုးတက်လာမည့် အခြေအနေတစ်ရပ် ရရှိလာပြီဖြစ်ပါသည်။




၂၀၁၃ခုနှစ်တွင် Digital စနစ်သို့ ပြောင်းလဲပြီး ရုပ်ရှင်ရုံ ၁၉ ရုံသာ ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် Digital စနစ်သို့ ပြောင်းလဲပြီးသော ရုံပေါင်း ၉၃ ရုံနှင့် ပိတ်ကားပေါင်း ၁၀၇ အထိ ရှိလာခဲ့ပြီဖြစ်သည်။

သည်တော့ ရုပ်ရှင်ထုတ်လုပ်သူများ ရုံမရှိ၍ မပြသရမည်ကိုပူပန်စရာမလိုတော့ဘဲ ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးနိုင်ဖို့သာ လိုအပ်လျက်ရှိသည်။

### တန်ဖိုးထားတတ်

မြန်မာရုပ်ရှင်ကားကောင်းများ ရိုက်ကူးရာတွင်လည်း စီးပွားရေးတစ်ခုတည်းသာကြည့်သော ရုပ်ရှင်ထုတ်လုပ်မှုများ မဖြစ်သင့်ဘဲ အနုပညာချစ်စိတ်လည်း ရှိဖို့ လိုအပ်မည်ဖြစ်ပါသည်။ တိုင်းပြည်နှင့်လူမျိုး၊ မိမိရိုးရာ ယဉ်ကျေးမှုတို့ကိုလည်း တန်ဖိုးထားတတ်ရပါမည်။

ထုတ်လုပ်သူ ငွေရှင်က ငွေရင်းစိုက်နိုင်သော်လည်း ဇာတ်ကားကောင်း၊ ဇာတ်ညွှန်းကောင်းများကို ရွေးထုတ်ရိုက်ကူးဖို့ လိုအပ်ပါသည်။

ရုပ်ရှင်ပရိသတ်အပေါ် စေတနာထားတတ်သည့် ဒါရိုက်တာများ၏ အခန်းကဏ္ဍလည်း အရေးကြီးပါသည်။

### အဓိကကျ

မြန်မာ့ရုပ်ရှင်လောကတိုးတက်ရေးနှင့် ဖွံ့ဖြိုးရှင်သန်ရေး၊ နိုင်ငံတကာရုပ်ရှင်ဈေးကွက် တိုးချဲ့ရေးအတွက် မြန်မာရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမြင့်မားစွာနှင့် အရည်အသွေးကောင်းမွန်ရေးမှာလည်း အဓိကကျနေသည်။

မြန်မာရုပ်ရှင်ကားများ အရည်အသွေးကျဆင်းနေခြင်းမှာ အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း ထောက်ပြစရာ အများအပြား ရှိနေပါသည်။

ဇာတ်လမ်းဇာတ်ညွှန်းကောင်းများကို အချိန်ယူ ရိုက်ကူးနိုင်သော ဒါရိုက်တာများ ရှိနေလျှင် ဆင်ဆာဆိုသည်မှာလည်း လိုအပ်တော့မည် မထင်ပါ။

### ဆန်းစစ်ကြည့်

ဆင်ဆာကြောင့် ဗီဒီယိုကားတွေ အထွက်နှေးသလား ဆန်းစစ်ကြည့်ပါဦးစို့။

၂၀၁၂ ခုနှစ်တွင် ဗီဒီယိုဇာတ်ကားပေါင်း ၁၅၄၈ ကား ခွင့်ပြုခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ဗီဒီယိုဇာတ်ကားပေါင်း ၁၂၂၀ ကား၊ ၂၀၁၄ ခုနှစ်တွင် ဗီဒီယိုဇာတ်ကားပေါင်း ၁၃၂၀ ကား၊ ၂၀၁၅ ခုနှစ်တွင် ဗီဒီယိုဇာတ် ကားပေါင်း ၁၁၀၈ ကား၊ ၂၀၁၆ ခုနှစ်တွင် ဗီဒီယိုဇာတ်ကားပေါင်း ၉၃၆ ကား၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်ထိ ဗီဒီယိုဇာတ်ကားပေါင်း ၉၄၂ ကား ခွင့်ပြုခဲ့ကြောင်း သိရသည်။

မြန်မာရုပ်ရှင်ကားတွေမှာဆိုလျှင် ၂၀၁၂ ခုနှစ်က ၁၄ ကား၊ ၂၀၁၃ ခုနှစ်မှာ ၁၇ ကား၊ ၂၀၁၄ ခုနှစ်မှာ ကိုးကား ခွင့်ပြုခဲ့ရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလပထမပတ်အထိ ဆင်ဆာကျပြီးကား ၁၄၈ ကားရှိပါသည်။

### နည်းပါးလျက်ရှိ

ရုပ်ရှင်ကားတွေများလာပြီး အပြိုင်အဆိုင် ရိုက်ကြပြီဆိုသော်လည်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များသို့ တင်ပြရန် ရွေးချယ်စရာကားထုတ်ကတော့ နည်းပါးလျက်ရှိ နေပါသေးသည်။

မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပရုပ်ရှင်ပွဲတော်များသို့ သွားရောက်ပြသမှု အခြေအနေကိုလည်း ကြည့်လျှင် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် တစ်ကြိမ်စီ၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ခြောက်ကြိမ်စီနှင့် ၂၀၁၇ ခုနှစ်တွင် ၁၂ ကြိမ် ပြသနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ရုပ်ရှင်ပွဲတော် ၁၂ ခု၊ နိုင်ငံ ၁၀ နိုင်ငံသို့ ၁၂ ကြိမ် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြသည်။

### ဖွံ့ဖြိုးတိုးတက်မှုများဖြစ်

ထိုကဲ့သို့ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ရုပ်ရှင်ကားများ တိုးတက်ရိုက်ကူးလာခြင်း၊ ခေတ်မီ Digital စနစ် ရုပ်ရှင်ရုံများ တိုးပွားလာခြင်း၊ နိုင်ငံခြားရုပ်ရှင်ပွဲတော်များသို့ သွားရောက်လေ့လာနိုင်ခြင်းများသည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပါသည်။

ထို့အပြင် ပြည်ပမှလာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များလည်း ရှိပါသေးသည်။

၂၀၁၇ ခုနှစ်တွင် ဂျပန်၊ ဂျာမနီ၊ တရုတ်၊ ဥရောပ၊ အီတလီ၊ ပြင်သစ်နိုင်ငံများမှ ရုပ်ရှင်ပွဲတော်များ လာရောက်ကျင်းပခြင်း ဖြစ်ပါသည်။

### ပြည်ပသွားရောက်ရိုက်ကူး

ယခုအခါ ပြည်ပသို့ သွားရောက်ပြီးရိုက်ကူးသော မြန်မာဇာတ်ကားများလည်း ရှိလာနေပြီဖြစ်သည်။

ထိုကဲ့သို့ အဆက်အသွယ်ကောင်းများ၊ အခွင့်အရေးကောင်းများ ရရှိလာသောအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုနှင့်အတူ အားလုံးဝိုင်းဝန်း၍ ပြည်ပဈေးကွက်သို့ မြန်မာ့ရုပ်ရှင် ထိုးဖောက်နိုင်ရေးအတွက် ဇာတ်လမ်းကောင်းများရိုက်ကူးရေး၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ မြန်မာနိုင်ငံ၏ ချစ်စရာကောင်းသော သဘာဝအလှရှုခင်းရှုကွက်များ ထုံမွမ်းသည့် မြန်မာရုပ်ရှင်ကားကောင်းများ ထွက်ပေါ်ရန် စည်းရုံးကြိုးပမ်းဆောင်ရွက်သင့်သည်ဟု မြင်ပါသည်။

### ဆော့ပါဝါအဖြစ် ရောက်ရှိ

၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်တွင် ကျင်းပခဲ့သော ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့ခဲ့သည့် သဝဏ်လွှာတွင်-

" စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ သုခုမဆိုတဲ့ အနုပညာတွေဟာ လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ သြဇာသက်ရောက်မှု ကြီးကြီး မားမားရှိနေတဲ့ ပညာရပ်တွေဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်၊ အထူးသဖြင့် ရုပ်ရှင်အနုပညာလက်ရာတွေဟာ နှစ်ပေါင်း များစွာ ဂန္ထဝင်တွင်ရစ်ခဲ့တဲ့အထိ လူတိုင်းရင်ကို စွဲစွဲမက်မက် ဖြစ်စေနိုင်ပါတယ်၊ အခု ၂၁ ရာစု ကမ္ဘာကြီးမှာ ရုပ်ရှင်ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက်မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ဆော့ပါဝါအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်"

"ကိုယ်ရိုက်ကူးထုတ်လုပ်မယ့် ဇာတ်လမ်း ဇာတ်ကောင်စရိုက်ကို ဘယ်လိုပုံစံ ဖြစ်သင့်တယ်ဆိုတာ ရုပ်ရှင်လောကသားတွေ သတိပြုသင့်ပါတယ်"

ထို့အပြင်-

"ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်တွေ၊ စကားလုံးတွေ၊ အမူအရာတွေ၊ သတင်းစကားတွေဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ကြန်အင်လက္ခဏာတွေကို ကိုယ်စားပြုနေပြန်ပါတယ်"

### စိတ်ထဲနစ်ဝင်နေ

"အထူးသဖြင့် လူငယ်လူရွယ်တွေပေါ်မှာ အထူးပဲသြဇာကြီးမား တာကြောင့် ရုပ်ရှင်လောကသားတွေရဲ့ တာဝန်ဟာ အလွန်ပဲကြီးပါတယ်၊ ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်ကောင်တွေဟာ လူငယ်တွေရဲ့ စိတ်ကူးထဲက စံပြပုဂ္ဂိုလ်တွေ ဖြစ်နေတတ်ပါတယ်၊ ဇာတ်ကောင် တစ်ယောက်ရဲ့ သရုပ်ဆောင်ချက်၊ အမူအရာတစ်ကွက်ဆိုရင် လူငယ်တွေရဲ့ စိတ်ထဲစွဲစွဲထင်ထင် နစ်ဝင်နေတတ်ပါတယ်" လို့ ဖော်ပြပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက စီစဉ်ကျင်းပမည့် ရုပ်ရှင်ညီလာခံကြီးမှာ မိမိတို့လိုချင်တာတွေကိုလည်း တောင်းဆို၊ ဆန္ဒပြုကြတာနှင့်အတူ တိုင်းပြည်နှင့်လူမျိုးအတွက်၊ ကျေးဇူးရှင် ရုပ်ရှင်ကြည့်ပရိသတ်အတွက် ဘယ်လိုပေးဆပ်မှုတွေ လုပ်သင့်သလဲဆိုတာကိုလည်း တွေးတော တာဝန်ယူပေးစေချင်ပါတယ်လို့ ဆန္ဒပြုရင်း ယခုဆောင်းပါးဖြင့် ရုပ်ရှင်ညီလာခံကြီးကို ကြိုဆိုပါသည်ရှင့်။

**" စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ သုခုမဆိုတဲ့ အနုပညာတွေဟာ လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ သြဇာသက်ရောက်မှု ကြီးကြီးမားမားရှိနေတဲ့ ပညာရပ်တွေဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်၊ အထူးသဖြင့် ရုပ်ရှင်အနုပညာလက်ရာတွေဟာ နှစ်ပေါင်းများစွာ ဂန္ထဝင်တွင်ရစ်ခဲ့တဲ့အထိ လူတိုင်းရင်ကို စွဲစွဲမက်မက် ဖြစ်စေနိုင်ပါတယ်၊ အခု ၂၁ ရာစု ကမ္ဘာကြီးမှာ ရုပ်ရှင် ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက်မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ဆော့ပါဝါအဖြစ် ရောက်ရှိလာ "**

---

## သီပေါဈေးချိုတော် သမဝါယမအသင်းက နယ်စည်းမခြားပရဟိတအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

**သီပေါ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဈေးချိုတော် ဈေးသမဝါယမအသင်းမှ နယ်စည်းမခြား ပရဟိတ (သီပေါ) အသင်းသို့ အသုံးပြုရန် လိုအပ်နေသော လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီက ဈေးအတွင်းရှိ ဈေးချိုတော် ဈေးသမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးချိုတော် ဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးကျော်က မော်တော်ယာဉ် လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး နယ်စည်းမခြားပရဟိတ အသင်းဥက္ကဋ္ဌ ဦးမျိုးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောသည်။

"ဈေးချိုတော် ဈေးသမဝါယမ အသင်းအနေဖြင့် အသင်းသားများရဲ့ စီးပွားရေးသာမဟုတ်ပဲ အသင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေးအတွက်ပါ အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေတယ်၊ နောက်တစ်ခုက လူမှုရေးရန်ပုံငွေအဖြစ် ငွေတစ်ခါချေးရင် ချေးငွေရဲ့ ငါးပြားနှုန်းကို အယောက်တိုင်းက ထည့်ပေးကြခြင်းဖြစ်ပါတယ်၊ အသင်းသားတွေရဲ့ လူမှုရေးအခက်အခဲများ ဖြစ်တဲ့ နာရေး၊ ဆေးရုံတက်၊ မီးဖွား၊ တက္ကသိုလ်တက်၊ ဘွဲ့ယူစတဲ့ လူမှုရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဈေးချိုတော် ဈေးသမ ဝါယမအသင်းဥက္ကဋ္ဌ ဦးအေးကျော်က ပြောသည်။

ထို့နောက် ဈေးချိုတော်ဈေးသမဝါယမအသင်းဥက္ကဋ္ဌက နယ်စည်းမခြား ပရဟိတ (သီပေါ)အသင်းဥက္ကဋ္ဌထံ မော်တော်ယာဉ် (နှင့် ၎င်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




လှူဒါန်းသည့် မော်တော်ယာဉ်

# ရိတ်သိမ်းပြီးစပါးများ စခန်းသိမ်းလွှဲပြောင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မောင်တော-အင်ဒူမော်လမ်းတစ်လျှောက်ရှိ ရိတ်သိမ်းခြွေလှေ့ရေးစခန်းများသို့ သွားရောက်ကာ ရိတ်သိမ်းပြီးစပါးများ ဝယ်ယူထားသူများထံ အမြန်ဆုံးစခန်းသိမ်းလွှဲပြောင်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။ **(ယာပုံ)**



ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် ချိန်ခါလီကျေးရွာအနီး စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်များဖြင့်ရိတ်သိမ်းပြီး စပါးများကို ဝယ်ယူထားသည့်ကုမ္ပဏီက မော်တော်ယာဉ်ဖြင့် တင်ပို့ရန်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဝန်ချောင်းကျေးရွာ၊ ကျောင်းတောင်ကျေးရွာ၊ ကျောက်ပန္နူကျေးရွာနှင့် အလယ်သံကျော်ကျေးရွာတို့ရှိ ရိတ်သိမ်းပြီးစပါးများ အိတ်သွတ်နေမှုနှင့် ယာဉ်ဖြင့်တင်ပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စပါးများ ဝယ်ယူသူများထံ အမြန်ဆုံးလွှဲပြောင်းပေးရန် တိုက်တွန်းမှာကြားသည်။

မောင်တောခရိုင်အတွင်း နေရပ်စွန့်ခွာသူများ၏ မိုးစပါးများကို စက်မှုလယ်ယာဦးစီးဌာနက စက်ကြီးများဖြင့် ရိတ်သိမ်းပေးပြီး စိုက်ပျိုးရေးဦးစီးဌာနက အိတ်သွတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးကာ၊ဝယ်ယူသည့် ရခိုင်ဆန်စပါးကုမ္ပဏီသို့ လွှဲပြောင်းနေခြင်းဖြစ်ပြီး ယခုအခါ စပါးတင်း ၅၀၀၀၀ ကျော် ရောင်းချထားပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများ လုပ်ကိုင်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ဇေယျာမြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

# မောင်တောမြို့အား ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်နေ

မောင်တော ဒီဇင်ဘာ ၁၀

**ရခိုင်ပြည်နယ် မောင်တောမြို့၌ လာမည့်နှစ်တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး၏ ပြောပြချက်အရ သိရသည်။**

လက်ရှိအခြေအနေတွင် မောင်တောမြို့ပေါ်၌ အိမ်ထောင်စု ၄၀၀၀ ကျော်အနက် အိမ်ထောင်စု ၁၇၂ စုအား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ် ဖြန့်ဖြူးပေးလျက်ရှိပြီး နောက်ပိုင်းတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါက အိမ်ထောင်စုအားလုံးအား လျှပ်စစ်မီးပေးနိုင်မည်ဟု သိရသည်။



မောင်တောမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့် မီးစက်ကို တွေ့ရစဉ်။

“လက်ရှိလည်ပတ်နေတာက 1000 KVA ဒီဇယ်ဂျင်နရေတာရယ်၊ 500 KVA ဒီဇယ်ဂျင်နရေတာရယ် ဒီနှစ်လုံးနဲ့ ဖြစ်ပါတယ်၊ အရန်အဖြစ်ကတော့ 500 KVA တစ်လုံး၊ 400 KVA တစ်လုံး၊ 300 KVA တစ်လုံးထားရှိထားပါတယ်”ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။



ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်း

မောင်တောမြို့တွင် ယခင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လေးနာရီနှင့် မီးလင်းရေးအဖွဲ့အစီအစဉ်ဖြင့် တစ်နာရီ စုစုပေါင်း ငါးနာရီ ပေးဝေနေရာမှ ၂၀၁၆ ခုနှစ် အောက်တိုဘာဖြစ်စဉ်နောက်ပိုင်းတွင် ကိုးနာရီထိ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်းတွင် ညနေ ၆ နာရီမှ နံနက် ၆ နာရီထိ တစ်နေ့လျှင် ၁၂ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိနေပြီ ဖြစ်သည်။ မြို့ပေါ်ရပ်ကွက်မဟုတ်သည့် နတလ ကျေးရွာများနှင့် အခြားတိုင်းရင်းသား ကျေးရွာ ၃၃ ရွာကို တစ်နေ့လျှင် နှစ်နာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးဝေလျက်ရှိသည်။

မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ “၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေစပြီး တင်ဒါခေါ်ခဲ့ပါတယ်၊ မောင်တောမြို့နယ်မှာဆိုရင် ကျေးရွာပေါင်း ၁၅ ရွာနဲ့ ဘူးသီးတောင်မြို့နယ်ထဲမှာဆိုရင် ကျေးရွာပေါင်း ၁၁ ရွာ စုစုပေါင်း ၂၆ ရွာကို မဟာဓာတ်အားစနစ်က လျှပ်စစ်ဓာတ်အားရရှိတာနဲ့ တစ်ပြိုင်နက် လျှပ်စစ်မီးပေးနိုင်အောင်လို့ ဆောင်ရွက်နေပါတယ်၊ အခု လုပ်ငန်းတွေကစနေပါပြီ”ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။ မောင်တောမြို့၌ လက်ရှိမီးပေးရာတွင် တစ်ရက်လျှင် ဒီဇယ်ဆီဂါလန် ၄၀၀ ကျော် ကုန်ကျပြီး ဝယ်ယူမှုအပိုင်းတွင် ဌာနသတ်မှတ်ပေးသည့် စျေးနှုန်းအတိုင်း ဝယ်ယူရကြောင်း သိရသည်။

မောင်တောခရိုင်တစ်ခုလုံး မီးလင်းရန် ဓာတ်အားစနစ်ရရှိရေးအတွက် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီအေ ဓာတ်အားလိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ လာမည့် ၂၀၁၈ ခုနှစ် မတ်လတွင် ရသေ့တောင်မြို့၌ လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး ဘူးသီးတောင်မြို့တွင် ဇွန်လကုန်၊ မောင်တောမြို့တွင် ဒီဇင်ဘာလအမီ လျှပ်စစ်မီးများ ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နေဝင်းထွန်း၊ ဟန်လင်းနိုင်**

# ဘူးသီးတောင်မြို့၌ မြတ်ဆရာပရဟိတအသင်းက ကြီးမှူးကျင်းပသော (စတုတ္ထအကြိမ်မြောက်) စာပေဟောပြောပွဲ ကျင်းပ

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မြတ်ဆရာပရဟိတအသင်းက ကြီးမှူးကျင်းပသော (စတုတ္ထအကြိမ်မြောက်) စာပေဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

“ကျောင်းသား ကျောင်းသူ တွေအတွက် ဗဟုသုတရအောင် ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်က “စိတ်၏အာဟာရ” ခေါင်းစဉ်နဲ့ဟောပြောခဲ့ပါတယ်၊ အဓိကပေးချင်တဲ့ မက်ဆေ့ကတော့ လူငယ်တွေကို စာဖတ်ကြအောင်၊ ဗဟုသုတရအောင်အတွက် အဲဒီခေါင်းစဉ်နဲ့ ဟောပြောရခြင်းဖြစ်ပါတယ်၊ ပညာရှိတွေရဲ့လျှောက်ထုံးတွေကို ဟောပြောခဲ့ပါတယ်”ဟု စာပေဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့သူ စာရေးဆရာ ဗဂျီးကျော်ကပြောသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဗဂျီးကျော်(စစ်တွေ)၊ ဆရာ ဝေဟင်အောင်၊ ဆရာသားလှ (ရသေ့တောင်) တို့က ဟောပြော ခဲ့ကြပြီး ဘူးသီးတောင်မြို့ပေါ်က စာပေစိတ်ဝင်စားသူ မြို့မိမြို့ဖတွေနဲ့ ကျောင်းသား ကျောင်းသူ လူဦးရေ သုံးရာကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

“အဓိကပြောသွားတာကတော့ လူငယ်တွေစာဖတ်ကြဖို့ အကြောင်းအရာတွေကို ပုံပြင်တွေနဲ့ ရောပြီးပြောသွားပါတယ်၊ စာပေဟောပြောပွဲလုပ်တော့ ကိုယ်မသိတာတွေ သိရတယ်၊ စာရေးဆရာတွေရဲ့ အသိအမြင်တွေကို ဝေမျှနားထောင်ခွင့်ရခဲ့ပါတယ်၊ စာပေဟောပြောပွဲလုပ်တော့ ကိုယ်မသိတာတွေ သိရတယ်၊ ကျောင်းသား လူငယ်တွေကိုလည်း အသိပညာပေးပြီးသားဖြစ်သွားတယ်၊ ကျောင်းတွေမှာ စာပေဟောပြောပွဲ များများလုပ်ပေးစေချင်ပါတယ်”ဟု စာပေဟောပြောပွဲသို့ တက်ရောက်နားထောင်ခဲ့သူ ဘူးသီးတောင်မြို့မှ ကျောင်းဆရာမ အေးအေးမြတ်က ပြောသည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



# တနင်္သာရီမြို့နယ်-ပဝကျေးရွာကမ်းပြိုမှုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံဆောင်ရွက်



**တနင်္သာရီ ဒီဇင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု-ပဝကျေးရွာ အရှေ့မျက်နှာစာကမ်းပါး တစ်လျှောက် ကမ်းပြိုမှုကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီနံရံလုပ်ငန်းများမှ မြေနေရာရှင်းလင်းခြင်း၊ မြေကြီးတူးခြင်း လုပ်ငန်းများအား တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒီဇင်ဘာ ၉ ရက်မှစ၍ တည်ဆောက်ရေးလုပ်ငန်းအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ **(ယာပုံ)**

ယင်း ပဝကျေးရွာအရှေ့မျက်နှာသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က မြစ်ရေကြီးခြင်းနှင့် ပဝကျေးရွာအနီးတွင် မြစ်ကြောင်းနှစ်ခုခွဲထွက်ကာ ရေဦးထိုးတိုက်စားခြင်းတို့ကြောင့် တစ်နှစ်လျှင် ပျမ်းမျှ ၁၀ ပေခန့် ရေတိုက်စားခြင်းခံရ၍ မြစ်ကမ်းနံဘေးတွင် နေထိုင်သူမိသားစုဝင်များ နှစ်စဉ်လိုလို ရွှေ့ပြောင်းနေခဲ့ရပြီး စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေကြသဖြင့် မြစ်ကမ်းနံဘေးရှိ လက်ရှိနေထိုင်ကြသည့်မိသားစုဝင်များ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်မှုပြုနိုင်ရန်နှင့် ဒေသခံများ အဓိကကိုးကွယ်ကြသည့် ရန်အောင်မြင်စေတီတော် ကိုလည်း ကြိုတင်ကာကွယ်နိုင်ရန်နှင့် ပဝကျေးရွာရှိကမ်းပါး၌ မြေဆီလွှာစမ်းသပ်ချက် အဖြေအရ သဲဆန်သော မြေများရှိနေခြင်းကြောင့် ဆက်လက်ကမ်းပါးပြိုနိုင်သဖြင့် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံကို ဦးစားပေးတည်ဆောက်ပေးခြင်းဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ-၂ ဦးနောင်နောင်ဇော်လေး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကျောက်စီနံရံလုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေသန်း ၁၁၅၀ ဖြင့် ပဝကျေးရွာ အရှေ့မျက်နှာစာတစ်လျှောက် ပေ ၂၂၂၀ အတွင်း ကျောက်စီနံရံအခြေပြုဘိုးပိုင်၏ အချင်းမှာ (၀ ဒသမ ၅၆ မီတာ)နှင့် မြေအဝင်အနက် ပေ ၂၀ ဖြစ်ပြီး ကျောက်စီနံရံအရှေ့တွင် မျှောကရစ်ကွက်များအား ကျောက်ကြီးများဖြည့်ကာ တည်ဆောက်ခြင်းနှင့် မျှောကရစ်ကွက်များအရှေ့တွင် သဲမွေ့ရာများ ချထားပေးခြင်းစသည့် လုပ်ငန်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးမျိုးကိုကို လက်ထောက်ညွှန်ကြားရေးမှူး(ရေဘက်/မြို့ပြ)မှ ဦးဆောင်လျက် ဦးနောင်နောင်ဇော်လေး အငယ်တန်းအင်ဂျင်နီယာ-၂ (ရေဘက်/မြို့ပြ)က ကြီးကြပ်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ ထိန်ဝင်း(ပြန်/ဆက်)**

**ဓာတ်ပုံ-နောင်နောင်**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထားရှိမည့် ပန်းတောင်းပန်းခြံနေရာအစား ဥသျှစ်ပင် ပုသိမ်-မုံရွာ(၄)လမ်းဆုံတွင် ထားရှိရန် ပြည်သူများလိုလား

**ပန်းတောင်း ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဗိုလ်ချုပ်ရုပ်တုဖြစ်မြောက်ရေးကော်မတီမှ ရုပ်တုအား ပန်းတောင်းမြို့စည်ပင်သာယာ ပန်းခြံတွင်ထားရှိရန် ယာယီရွေးချယ်ထားမှုအပေါ် ဥသျှစ်ပင်မြို့ပုသိမ်-မုံရွာနှင့် ပြည်- တောင်ကုတ်အဝေးပြေးလမ်းမကြီး လေးလမ်းလေးတိုင်ဆုံသည့် လမ်းဆုံတွင် **(အောက်ပုံ)** ထားရှိရန် အများပြည်သူများ လိုလားလျက်ရှိနေကြောင်း သိရသည်။

“ ပန်းတောင်းမြို့ နှစ်စဉ်ရေကြီးရေလျှံတယ်၊ ယခုနှစ် အာဇာနည်နေ့ကလည်း ရေခါးတစ်ဝက်မြုပ်ပြီး ပန်းခွေချရတယ်၊ သူတို့ထားမယ့် ပန်းခြံက ကျဉ်းကျဉ်းလေးလေ၊ ဥသျှစ်ပင် ပုသိမ်-မုံရွာ/ပြည်-တောင်ကုတ်လေးလမ်းဆုံက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ဆုံတဲ့နေရာလေ၊ ပြည်မြို့လိုမြင်းစီးကျောက်ရုပ်လုပ်လိုက်ရင် မြို့နယ်အတွက် ဂုဏ်ယူစရာပဲ၊ မြို့နယ်တစ်ခုလုံးမှာ ဥသျှစ်ပင်က အလယ်ဗဟိုကျတာ၊ စီးပွားရေးမြို့ဆိုတော့ မြို့နယ်လိုအပ်ချက်တွေကို ဖြည့်နေတာ၊ ဗိုလ်ချုပ်ရုပ်တု ရန်ပုံငွေဆိုလည်း လှူမယ့် အလှူရှင်တွေကအဆင်သင့်လေ၊ ပန်းတောင်းက အဲလိုမရှိဘူး၊ အမျိုးသားခေါင်းဆောင်ကြီးရုပ်တုမို့ ဖြစ်ချင်တာထက်ဖြစ်သင့်တဲ့နေရာကို ဦးစားပေးဆောင်ရွက်စေချင်တယ်၊ ကော်မတီကိုလည်း မြို့နယ်ကိုယ်စားပြု ကျေးလက်တွေပါ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စေချင်တယ်” ဟု ဥသျှစ်ပင်မြို့မှ ရပ်မိရပ်ဖ ဦးသန်းထွန်းက ပြောသည်။

ဗိုလ်ချုပ်ရုပ်တု ဖြစ်မြောက်ရေးကော်မတီဝင် ဦးညွှန့်ဝေက“ ဥသျှစ်ပင်မြို့ပုသိမ်-မုံရွာ/ပြည်-တောင်ကုတ်လေးလမ်းဆုံလေးတိုင်ဆုံနေရာတွင် ထားရှိပါက အများပြည်သူများနှင့် နိုင်ငံတော်အကြီးအကဲများ သွားလာရာတွင် တွေ့မြင်ရသဖြင့်ပန်းတောင်းမြို့နယ်၏ ဂုဏ်ကိုဆောင်နိုင်မယ်၊ တစ်မြို့နယ်လုံး အများပြည်သူတွေလည်း လိုလားနေကြရာ ပုသိမ်-မုံရွာလေးလမ်းဆုံသာ သင့်တော်ပါတယ်” ဟု ကော်မတီသို့ တရားဝင်ရုံးစာဖြင့် တင်ပြထားပါကြောင်း ပြောပြသည်။

**အောင်မြင့်(ပန်းတောင်း)**



# ရေစကြို၌ အခါမဲ့မိုးရွာသွန်းမှုကြောင့် ကုလားပဲခင်းများပိုးကျ

**ရေစကြို ဒီဇင်ဘာ ၁၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နိုဝင်ဘာလကုန်ရက်အတွင်းက အခါမဲ့မိုးရွာသွန်းခဲ့ပြီး ယခုအချိန်တွင်လည်း အခါမဲ့မိုးများ ရွာသွန်းလျက်ရှိသဖြင့် မြို့နယ်တွင်းရှိ ကုလားပဲစိုက်ခင်းများ ပိုးမွှားကျမှုကြောင့် စိုက်ခင်းများ ဖျက်သိမ်းရလျက်ရှိသည်ဟု သိရသည်။

“ကျွန်တော်တို့ ရေယှားကျေးရွာနဲ့ အနီးဝန်းကျင်က ရွာတွေမှာ ကုလားပဲ စိုက်ခင်းတွေနဲ့ cp စိုက်ခင်းတွေမှာပိုးတွေ ကျနေတယ်၊ ကုလားပဲခင်းတွေဆိုရင် ပိုးတွေမနိုင်တော့လို့ ဖျက်နေရတယ်၊ cp စိုက်ခင်းပိုးကျတာကမှ တော်သေးတယ်၊ ကုလားပဲခင်းက မိုးအုံ့တာမကြိုက်ဘူး၊ မိုးအုံ့တော့ ပိုးတွေကျတယ်၊ ဘယ်လိုမှမနိုင်တော့လို့ အကုန်ဖျက်ပြီး အသစ်ပြန်စိုက် နေကြရတယ်”ဟု ရေယှားကျေးရွာမှတောင်သူ ဦးထွန်းနိုင်ဦးက ပြောသည်။

ကုလားပဲစိုက်ခင်းများမှာ တစ်လခွဲသား အပင်များဖြစ်ပြီး ပိုးမွှားကျရောက်မှုကြောင့် ကုလားပဲစိုက်ခင်းများ ဖျက်သိမ်းရလျက်ရှိကြောင်း သိရသည်။

“ဒီနှစ်က အခါမဲ့မိုးရွာတော့ ကုလားပဲခင်းတွေ မိုးမိကုန်တယ်၊ မိုးကရွာ၊ မိုးကအုံ့နဲ့ အပင်တွေပိုးကျလို့ အကုန်ပျက်စီးကုန်တယ်၊ ဘာမှကိုမကျန်ဘူး၊ ဒါနဲ့ အကုန်ဖျက်ပြီး ပုံထားရတယ်၊ ထယ်ပြန်ထိုးပြီးတော့ ကုလားပဲအသစ်ပြန်ကြဲထားရတယ်၊ ကုလားပဲက ပြန်စိုက်ဖို့ အချိန်ရာသီမီသေးတယ်၊ ဦးလေးတို့ရွာက ကုလားပဲခင်း အတော်များများကတော့ ပိုးကျတာတွေဖျက်ပြီးတော့ ထယ်ထိုးမြေပြင်ပြီး အသစ်ပြန်စိုက်နေကြတယ်၊ ပြန်စိုက်ရတော့ ထွန်ယက်ခ၊ မြေပြင်ခတွေ ထပ်ကုန်တော့တာပေ့ါ၊ မျိုးဖိုးလည်း နှစ်ခါကုန်တာပေ့ါ”ဟု မိုးကွဲကျေးရွာမှ တောင်သူ ဦးတင်အေးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**



# အားကစားမြင့်မားရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် မိုင် ၅၀ ကျော်ခရီးကို စက်ဘီးစီးနင်း

**ပြည် ဒီဇင်ဘာ ၁၀**

မြန်မာ့အားကစားမြင့်မားရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် အပျော်တမ်းစက်ဘီးစီးအဖွဲ့မှ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက မိုင် ၅၀ ကျော် ခရီးကို စက်ဘီးစီးနင်းခဲ့ကြောင်း သိရသည်။ အဆိုပါ စက်ဘီးစီးနင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့မှစတင်၍ နံနက် ၅ နာရီက နတ်တလင်း၊ ပေါင်းတည်၊ အင်းမ၊ ရွှေတောင်မြို့များသို့ ဖြတ်သန်း၍ စီးနင်းခဲ့ရာ ပြည်မြို့သို့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိခဲ့သည်။

“ကျွန်တော်တို့ စက်ဘီးစီးရတဲ့ ရည်ရွယ်ချက်က အဓိကသုံးချက်ပေ့ါ၊ အခုစီးတဲ့ ကလေးတွေအားလုံးက အပျော်တမ်းစီးတာပဲလေ၊ ကျွန်တော်တို့နိုင်ငံမှာ အားကစားက အားလျော့နေတယ်၊ လူငယ်တွေအကုန်လုံးက အခြားဘက်တွေမှာ ဥပမာ-ဂိမ်းတွေတို့၊ အခြားဘီယာဆိုင်တွေတို့ အဲဒီလို နေရာတွေမှာ အများကြီးသွားပြီး အားပါနေတယ်၊ အဲဒီတော့ လူငယ်တွေ တော်တော်များများ စက်ဘီးပြန်စီး စေချင်တယ်၊ အဲဒီရည်ရွယ်ချက်ပါ၊ ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်း ရောက်တယ်၊ နောက်တစ်ခုက နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အားကစားကို မြှင့်ပေးချင်တယ်၊ နောက်တစ်ခုက တော်တော်များများမြို့တွေမှာ အားကစားကွင်းမရှိဘူး၊ အဲဒီလိုအားကစားလုပ်ဖို့လမ်းကြောင်းတွေမရှိတဲ့အခါ တခြားသော မူးယစ်ဆေးဝါးဘက်ကို ရောက်ရောက်သွားတယ်၊ အဲဒါတွေကို ပပျောက်သွားစေချင်တယ်၊ အဲဒါကြောင့် ကျွန်တော်တို့ လက်လှမ်းမီသလောက် လုပ်ရတာပါ” ဟု အဖွဲ့ခေါင်းဆောင် ကိုထိုက်က ပြောသည်။

အပျော်တမ်းစက်ဘီးစီးအဖွဲ့တွင် အခြေခံပညာ ကျောင်းသားလေးများ၊ လူငယ်လေးများ အပါအဝင် ၁၁ ဦးပါဝင်ပြီး နောက်ပိုင်းတွင် ဝါသနာတူစက်ဘီးစီးလူငယ်လေးများဖြင့် တိုးချဲ့ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှု နေ့စဉ်ပြုလုပ်သွားမည်ဖြစ်

**မြစ်ငယ် ဒီဇင်ဘာ ၁၀**

အမရပူရမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မြစ်ငယ်ကားလမ်းအဆင်းတွင် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ည ၈ နာရီမှ ၁၂ နာရီအထိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ကြောင်းနှင့် ပူးပေါင်းပါဝင်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ နေ့စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# စစ်တောင်းစက္ကူစက်ရုံဝန်ထမ်းဟောင်းများ ဆန္ဒထုတ်ဖော်

**ကျိုက်ထို ဒီဇင်ဘာ ၁၀**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ စစ်တောင်းစက္ကူစက်ရုံ ဝန်ထမ်းဟောင်းများ ဆန္ဒထုတ်ဖော်ပွဲကို ဒီဇင်ဘာ ၉ ရက်နံနက် ၈ နာရီတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲအား သိမ်ဇရပ်ကျေးရွာ အမှတ် ၃၄ အရာရှိကြီးဝင်း ပတ္တမြားရပ်နေသူ ဒေါ်တင်အုန်းကြည် ဒုတိယစက်ရုံမှူးဟောင်းနှင့်အတူ ဝန်ထမ်းဟောင်း ၂၄၀ ခန့်တို့က စစ်တောင်းစက္ကူစက်ရုံရှေ့မှ စုဝေးထွက်ခွာပြီး ဗိုလ်တေဇလမ်းမှ နဝရတ်ဘောလုံးကွင်းထိ ဆိုင်းဘုတ်များကိုင်ဆောင်ကာ သံပြိုင်ကြွေးကြော်၍ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ဆန္ဒထုတ်ဖော်ရာတွင် အချက် ၁၄ ချက်ပါ ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဒေသအလုပ်အကိုင်ရရှိရေး၊ လစာမပြတ်ရရှိရေး၊ ရွှေသံလွင်ကုမ္ပဏီ၏ ပျက်ကွက်မှုအား အရေးယူရေးဟုကြွေးကြော်ဆန္ဒထုတ်ဖော်ကြပြီး နဝရတ်ဘောလုံးကွင်းတွင် စစ်တောင်းစက္ကူစက်ရုံ ဝန်ထမ်းဟောင်း ဦးဇော်ဝင်းနှင့် ဦးဆန်းဝင်းတို့က စစ်တောင်းစက္ကူစက်ရုံဝန်ထမ်းဟောင်းများ နစ်နာဆုံးရှုံးမှုအပေါ် တောင်းဆိုမှုများကို ဟောပြောခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ရေပူစစ်ဆေးရေးအဖွဲ့ စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ဆိုလာပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၉၉၀၊ သွင်းကုန် ၉၇၈ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး ၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၆၇၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၁၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၁၈၇ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၉ ရက်က မန္တလေးမြို့သို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Ta Ta Eco Solar (1 × 10) (10) Pkgs၊ Energy Solar (1×5)(20) Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။




တရားမဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Ta Ta Eco Solar နှင့် Energy Solar များကိုတွေ့ရစဉ်။

**သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များရောင်းချသူ လေးဦးအား သန်းခေါင်အချိန်တွင် ဝင်ရောက်ဖမ်းဆီးရမိ

**ဒလ ဒီဇင်ဘာ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မှော်စက်ရပ်ကွက် ကျောက်စိမ်းလမ်းရှိ နေအိမ်တစ်အိမ်၌ ဒီဇင်ဘာ ၉ ရက် နံနက် ၁ နာရီ သန်းခေါင်အချိန်က သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ရောင်းချရရှိသောငွေတို့နှင့်အတူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဒလမြို့မရဲစခန်းမှ ဒုရဲအုပ်ကြည်ဇော်ထွေးနှင့် တပ်ဖွဲ့ဝင်များသည် အဆိုပါရပ်ကွက်အတွင်းရှိ နေမျိုးဝင်းနှင့် မသီရိရွှေတို့၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း နေမျိုးဝင်း(၃၂နှစ်)၊ မသီရိရွှေ (၃၁နှစ်)တို့ ဇနီးမောင်နှံနှင့် ဇော်လင်းထွန်း(၃၀နှစ်)၊ မခိုင်လေးတို့ လေးဦးကို တွေ့ရှိ ခဲ့ပြီး အိမ်ခေါင်မိုး ထရံကြားနှင့် ၎င်းတို့အနီးတစ်ဝိုက်မှ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း၊ ဆေးခြောက်ထုပ်ငါးထုပ် အလေးချိန် ၃ ဒသမ ၆၆ ဂရမ်ခန့်ကို လည်းကောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသော ငွေစက္ကူရောရာ ငွေကျပ် ၄၆၃၅၀ နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းခဲ့သည်။ ၎င်းတို့အား ဒလမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းငွေး(ဒလ)**

# ထိုင်းတွင် နယ်စပ်အနီး ပစ်ခတ်မှုဖြစ်ပွားရာ ငါးဦးသေဆုံး၊ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းကိုးသိန်း ဖမ်းမိ

**ချင်းရိုင် ဒီဇင်ဘာ ၁၀**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်မြို့နယ် မယ့်ဖားလွမ်ကျလောကျေးရွာအနီး၌ ဒီဇင်ဘာ ၁၀ ရက်နေ့ နံနက် ၅ နာရီခွဲခန့်က ထိုင်းနယ်ခြားစောင့်တပ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်သည့် လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်မှုဖြစ်ပွားရာ ငါးဦး သေဆုံးပြီး ဆေးပြား တစ်သန်းကိုးသိန်း ဖမ်းဆီးရမိကြောင်း သိရသည်။

နှစ်ကုန်ပိုင်း၊ ခရစ္စမတ်ကာလအတွင်း ထိုင်းနိုင်ငံအတွင်းသို့ စိတ်ကြွရူးသွပ်ဆေးပြားများ အလုံးအရင်းနှင့် သယ်ဆောင်လာမည့် သတင်းကို ထိုင်းနယ်ခြားစောင့်တပ်က ကြိုတင်သတင်းရထားကြောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်မြို့နယ် မယ့်ဖားလွမ်ကျလောကျေးရွာအနီး၌ ထိုင်းနယ်ခြားစောင့်တပ်များက အထူးတပ်ဖွဲ့ဝင်များဖြင့် ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ နေ့ညမပြတ်သုံးရက်ကြာ စောင့်ကြည့်ခဲ့ကြောင်း၊ ညပိုင်းတွင် အမှောင်ထုအတွင်း လှုပ်ရှားမှုများအား ညကြည့်ကင်မရာများ တပ်ဆင်၍ စောင့်ကြည့်နေခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲတွင် အင်အား ၂၀ ကျော်ရှိသည့် လက်နက်ကိုင်အုပ်စုများကို ထိုင်းနယ်စပ်အတွင်း ကျလောကျေးရွာ၌ ထိုင်းနယ်ခြားစောင့်တပ်က ရပ်တန့်ခိုင်းခဲ့ရာမှ မူးယစ်ဆေးဝါးသယ်ဆောင်သူများနှင့် ထိုင်းနယ်ခြားစောင့်တပ်တို့ ၁၅ မိနစ်ကြာ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြသည်။

ထိုင်းနိုင်ငံတာဝန်ရှိသူများက ပစ်ခတ်မှုဖြစ်ပွားခဲ့သော ကျလောကျေးရွာအနီးသို့ သွားရောက်စစ်ဆေးခဲ့ရာ လက်နက်ကိုင်အင်အားစုများသည် ထွက်ပြေးသွားခဲ့ကြောင်း၊ သေနတ်ဒဏ်ရာဖြင့် သေဆုံးသူ အလောင်း ငါးလောင်းအပြင် အထုပ်၁၉ ထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းကိုးသိန်းကို တွေ့ရှိခဲ့ကြောင်း ထိုင်းသတင်းတစ်ရပ်အရ သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# နောင်ချိုမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နောင်ချို ဒီဇင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု ၂၄ မှ ဒုရဲအုပ် သန်းနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ် ဌေးလွင်ဖြိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာလ ပထမပတ်က နောင်ချို မြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ် လားရှိုးဘက်မှ မန္တလေးဘက်သို့ ထွယ်အောင်မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးကြရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၀၀ တန်ဖိုးငွေကျပ် ၄၄၈ သိန်း ကို ရှာဖွေသိမ်း ဆည်းရမိသည်။

စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်လာသူ ထွယ်အောင် (၂၂ နှစ်) လားရှိုးမြို့နေသူကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေး ယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးရှိသစ်ပင်ကို ဝင်တိုက်၊ ယာဉ်ပေါ်ပါသူ နှစ်ဦး သေဆုံး



**ဒိုက်ဦး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အကြောင်ခင်တန်းကျေးရွာတံတားအနီး၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၄ နာရီခန့်က ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးရှိ ကုက္ကိုလ်ပင်ကို ဝင်တိုက်မိပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းဟောင်းအတိုင်း တောင်မှမြောက်သို့ အမည်၊ နေရပ်စုံစမ်းဆဲ မောင်းနှင်ပြီး နောက်ခန်းတွင် ကိုအေးကျော်ဆိုသူ လိုက်ပါလာသော YGN-2P/------ ကုန်တင်ယာဉ်သည် မိုင်တိုင် ၈၂/၂ နှင့် ၃ အကြားတွင် အရှိန်လွန်ပြီး လမ်းအရှေ့ဘက်ရှိ ကုက္ကိုလ်ပင်ကြီးအား ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင်သူနှင့် လိုက်ပါလာသူနှစ်ဦးစလုံး ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့၍ ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယူသူအား ဝိုင်းဝန်းဖမ်းဆီး

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းညွန့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၌ အရှိန်ဖြင့် ၆၂ လမ်းအတိုင်းမောင်းနှင်လာသော ၄ယ/---- စူပါကပ်ဆိုင်ကယ်ကို မသင်္ကာသဖြင့် ပြည်သူများနှင့်အတူ ပူးပေါင်းစစ်ဆေးရာ ဆိုင်ကယ်မောင်းလာသူမှာ စိုးသူ(ခ) စိုးသွင် (၃၁နှစ်) ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ပြီး ၎င်းထံမှတွေ့ရှိသည့် ပိုက်ဆံအိတ်နှင့် ငွေကျပ် ၁၀၀၀၀မှာ ဆိုင်ကယ်စီး အမျိုးသမီးနှစ်ဦးထံမှ ဆိုင်ကယ်ချင်းကပ်လျက် လုယူလာသော ပစ္စည်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပြည်ကြီးတံခွန် မြို့မရဲစခန်းတွင် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယာဉ်တစ်စီးက မော်တော်ဆိုင်ကယ်ကိုတိုက်ပြီး ထွက်ပြေး၊ ဆိုင်ကယ်စီးနင်းသူနှစ်ဦး သေဆုံး

**ပန်းတောင်း ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မကျည်းထုံးကျေးရွာအုပ်စု မကျည်းထုံးကျေးရွာအနီး ပြည်-တောင်ကုတ်ကားလမ်းပေါ်၌ ည ၈ နာရီ ၁၅ မိနစ်ခန့်က ယာဉ်တိုက်မှု ဖြစ်ပွားရာ နှစ်ဦး သေဆုံးကြောင်း သိရသည်။

မကျည်းထုံးကျေးရွာအုပ်စု မကျည်းထုံးကျေးရွာအနီး ပြည်-တောင်ကုတ် ကားလမ်း၌ ဒီဇင်ဘာ ၈ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က ပြည်ဘက်မှ တောင်ကုတ်ဘက်သို့ ဦးဟန်စိန် (၆၀ နှစ်) ပန်းတောင်းမြို့နေသူ မောင်းနှင်ပြီး သားဖြစ်သူ မင်းမင်းထွန်း (၃၅ နှစ်) နောက်မှလိုက်ပါလာသော ၂၅ ယ/---- ဆိုင်ကယ်ကို မျက်နှာချင်းဆိုင်မောင်းနှင်လာသောယာဉ်က ရှေ့မှ ဝင်ရောက်တိုက်မိပြီး ထွက်ပြေးမောင်းနှင်သွားခဲ့သဖြင့် ဦးဟန်စိန်နှင့် မင်းမင်းထွန်းတို့နှစ်ဦးမှာ အခင်းဖြစ်ရာနေရာ၌ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# စလင်းမြို့၌ လူငယ်သုံးဦး အရက်သောက်ရာမှ ဓားထိုးမှုဖြစ်၊ တစ်ဦးသေဆုံး

**စလင်း ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုရွာအနီး၌ ဒီဇင်ဘာ ၆ ရက် ည ၉ နာရီခန့်က ဓားထိုးမှုဖြစ်ပွားကာ လူငယ်တစ်ဦး သေဆုံးခဲ့သည်။

စလင်းမြို့နယ် မကျီးပင်ပုကျေးရွာနေ မျိုးနိုင်ဦး(၂၅ နှစ်) သည် အဖော်ဖြစ်သူ ငွေတောင်ကျေးရွာနေ စိုးသူရ (၂၈ နှစ်) နှင့် သေဆုံးသူ ကျော်မင်းထွန်း (၃၅ နှစ်) တို့သည် ဘော်လီဘောပွတ်ရာမှ အတူတွေ့ပြီး ၎င်းတို့သုံးဦး ငွေတောင်ကျေးရွာ၌ အရက်အတူသောက်ကြ၍ ငွေတောင်ကျေးရွာမှ ည ၉ နာရီခန့်တွင် မကျီးပင်ပုရွာသို့ ကျော်မင်းထွန်းကို ပြန်လည်ပို့ဆောင်ပေးရာ ဖောင်းလင်းရွာသွားလမ်းနှင့် မကျီးပင်ပုရွာအဝင် လမ်းဆုံအရောက်တွင် ကျော်မင်းထွန်းက အရက်ဆက်သောက်ချင်သေးကြောင်း ပြောရာမှ စကားများရန်ဖြစ်ကြပြီး မျိုးနိုင်ဦးက ကျော်မင်းထွန်း၏ ခါးကြားတွင် ထိုးထားသော ဓားမြှောင်ကိုလုယူကာ ကျော်မင်းထွန်း အား တစ်ချက်ထိုးပြီး ငွေတောင်ကျေးရွာသို့ ၎င်းတို့နှစ်ဦး ပြန်ခဲ့ကြောင်း၊ ဓားထိုးခံရသူ ကျော်မင်းထွန်းမှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သဖြင့် စလင်းရဲစခန်းက ဓားဖြင့်ထိုးသူ မျိုးနိုင်ဦးနှင့် စိုးသူရတို့ကို အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# တရားမဝင်သယ်ဆောင်လာသော ကျွဲများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မိုင်းရှူး-မိုင်းစံကားလမ်း မိုင်တိုင်အမှတ်(၅၄/၄)အရောက်တွင် ကျွဲ ၂၆ ကောင်နှင့် မသင်္ကာဖွယ်တွေ့ရှိသူ မော်မေ့ကျေးရွာနေ စိုင်းကျော်လှ(၂၁နှစ်)၊ ပန်စွဲကျေးရွာနေ စိုင်းလှူ(၄၀နှစ်)၊ စိုင်းမွန်(၄၀နှစ်)၊ အိုက်လော့(၂၀နှစ်)၊ လုံးခမ်း(၄၆နှစ်)၊ ဝန်းဆာကျေးရွာနေ စိုင်းထွန်းစိန်(၂၀ နှစ်) နှင့် ကွန်ဟိန်းမြို့နယ်၊ ဝမ်မိုင်ကျေးရွာနေ လုံးပိ(၄၁နှစ်) တို့ ခုနစ်ဦးကို စစ်ဆေးခဲ့ရာ အဆိုပါကျွဲ ၂၆ ကောင်အား ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမပါဘဲ တရားမဝင်သယ်ဆောင်လာကြောင်း သိရသဖြင့် ၎င်းတို့ခုနစ်ဦးကို မိုင်းရှူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

◆ *ကျောဖုံးမှ*

ရိုးရာလက်ဝှေ့အထာသိနေသော ဒေ့ဗ်က ခေါင်းတစ်လုံးပစ်သွင်းပြီး ညာတံတောင်တစ်ချက်ဝင် ရိုက်လိုက်သဖြင့် ကော်တန်ဘယ်မျက်ခုံးအပေါ်ဘက် အနည်းငယ်ကွဲရှ ဒဏ်ရာရခဲ့သည်။ ဒုတိယအချီဆက်လက်ယှဉ်ပြိုင် ထိုးသတ်ရင်း နှစ်ယောက်အပူးတွင် ဒေ့ဗ်က ယင်းဒဏ်ရာနေရာကိုပင် ညာတံတောင်တစ်ချက် ရိုက်သွင်းခဲ့သဖြင့် ကော်တန်ဘယ်မျက်ခုံးမှ သွေးဖြိုင်ဖြိုင် ကျဆင်းခဲ့၍ ဆရာဝန်ထံ ဆေးစစ်ဆေးမှုခံယူရန် ကြိုးဝိုင်းဒိုင်က ခိုင်းစေခဲ့သည်။ ယင်းသို့ဖြင့် ငါးချီပြည့်သည်အထိ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ထိုးသတ်မှုထက် လုံးထွေးမှုကပိုများလာသဖြင့် ယှဉ်ပြိုင်ထိုးသတ်ရန် ကြိုးဝိုင်းဒိုင်က အသိပေးခဲ့သည်အထိ ပွဲအေးခဲ့သည်။

ဒုတိယ ပွဲကောင်းတစ်ပွဲဖြစ်သော မကျေပွဲပြန်နွှဲကြသည့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စောဂေါ်မူဒို(သတ္တိ) တို့ပွဲတွင် ပထမအချီ၌ တစ်ဖက်နှင့်တစ်ဖက် အကဲစမ်းကြရင်း အထိနာမှုမရှိဘဲ ဒုတိယအချီမှစတင်ကာ ငါးချီပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ရေချိန်မြင့်လာပြီး ယခင် တိုက်စစ်ထိုးကွက်သုံးသော စောဂေါ်မူဒိုက ကောင်တာဘက်သို့ ပြောင်းလဲသုံးကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သဖြင့် ဖျံသွေး အတင်းဝင်၊ အတင်းထွက် ပါဝါအပြည့်ဖြင့် ပင့်၊ ထောက်၊ ဝိုက်လက်သီးတွဲလုံးများကို ပွဲစဉ်တစ်လျှောက်လုံး သုံးခဲ့သော်လည်း နောက်ဆုံးပွဲအပြီးတွင် အရှုံး၊ အနိုင်မပေါ်ဘဲ သရေဖြင့် ကျေနပ်လိုက်ရသည်။



**စောဂေါ်မူဒို(သတ္တိ)၏ ညာလက်သီးကို ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး) ရှောင်တိမ်းကာကွယ်စဉ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တခြား ပွဲစဉ်များဖြစ်သည့် အောင်ပိုင် (မြန်မာ)နှင့် အို့(ဖ်)စ်တို့ပွဲတွင် ဒုတိယအချီ၌ အို့(ဖ်)စ် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့သဖြင့် အောင်ပိုင် အနိုင်ရခဲ့သည်။ အလားတူ လမ်းမယူ(ရာမည‌အားမာန်)နှင့် စောဒါဝိတ်(တောင်ကလေး) တို့ပွဲတွင်လည်း လေးချီအထိ အသည်းအသန် ဇွဲနပဲဖြင့် ပါဝါအပြည့်သုံးကာ လိုက်လံယှဉ်ပြိုင်ထိုးသတ်ခဲ့သော လမ်းမယူ လေးချီမြောက်တွင် သမ္မာရင့်လက်ဝှေ့သမား စောဒါဝိတ်ကို အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ထက်အောင်ဦး(မြန်မာ) နှင့် ဒိုင်ခိခနဲကို(ဂျပန်)တို့ပွဲတွင် ထင်မှတ်မထားသော ခနဲကိုက သမ္မာရင့် လက်ဝှေ့ကျော် ထက်အောင်ဦးကို ပထမအချီ၌ပင် အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး စောမင်းအောင်(မြန်မာ)နှင့် တိုခဲရှိ(ဂျပန်)တို့ပွဲတွင် သရေရလဒ်ပိုင်ဆိုင်ခဲ့သဖြင့် ယနေ့ယှဉ်ပြိုင်ထိုးသတ်သော ဂျပန်လက်ဝှေ့သမား တွဲဆိုင်းနှစ်ဆိုင်းတွင် တစ်ဦး အနိုင်ရခဲ့ပြီး တစ်ဦး သရေကျခဲ့သည်။

ယနေ့ကျင်းပသော Air KBZ ရွှေအောင်လံလုပွဲတွင် အထူးအမျိုးသမီး စိန်ခေါ်ပွဲအဖြစ် ရွှေကိုလေး(ပဲခူး)နှင့် လင်းယုန်မေ (လင်းယုန်ကလပ်)တို့ပွဲတွင် နှစ်မိနစ်ထိုး၊ နှစ်မိနစ်နား လေးချီရေကုန်ရေခန်း တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## ဆောက်သမ်တန်နှင့် အာဆင်နယ်သရေကျပြီး လီဗာပူးနှင့် အဲဗာတန်တို့ပွဲလည်း တစ်မှတ်စီခွဲယူ



ပရီမီယာလိဂ်ပွဲစဉ်(၁၆) တနင်္ဂနွေနေ့ ပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ယင်းပွဲတွင် ပွဲအစ သုံးမိနစ်တွင် ဆောက်သမ်တန်မှ အော်စတင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်တို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဆောက်သမ်တန်တို့က ခံစစ်ကောင်းကောင်းဖြင့် တုံ့ပြန်နိုင်ခဲ့သည်။ အာဆင်နယ်တို့ တစ်ဂိုးအရှုံးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ပွဲချိန် ၈၈ မိနစ်တွင် အာဆင်နယ်မှ ဂျီရုဒ်က ချေပဂိုး ပြန်သွင်းနိုင်မှုကြောင့် တစ်ဂိုးစီ သရေဖြင့် ပွဲပြီးဆုံးခဲ့သည်။

ယခုပွဲအပြီး အာဆင်နယ်က ရမှတ် ၂၉ မှတ်ဖြင့် အဆင့်ငါး၌ ရပ်တည်နေကာ ဆောက်သမ်တန်က ၁၈မှတ်ဖြင့် အဆင့် (၁၁)၌ ရပ်တည်နေသည်။

လီဗာပူးနှင့် အဲဗာတန်တို့ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ လီဗာပူးအတွက် ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် ဆလတ်က သွင်းယူပေးသည်။ အဲဗာတန်အတွက် ဂိုးကို ၇၇ မိနစ်တွင် ရွန်းနီက သွင်းယူပေးသည်။ ယခုပွဲအပြီးတွင် လီဗာပူးက ရမှတ် ၃၀၊ အဆင့်(၄)၌ ရပ်တည်နေပြီး အဲဗာတန်က ၁၉ မှတ်၊ အဆင့် (၁၀)၌ ရပ်တည်နေသည်။ **သီဟ**

## တရုတ်-အာဆီယံ ပိုးလမ်းမဗလား စားပွဲတင် တင်းနစ်ပြိုင်ပွဲသို့ မြန်မာစားပွဲတင်တင်းနစ်အားကစားသမားများထွက်ခွာ




**ရန်ကုန် ဒီဇင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပိုင်ဆက်မြို့ ကျင့်ရှီးမြို့နယ်၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ပိုးလမ်းမဗလား တရုတ်-အာဆီယံစားပွဲတင် တင်းနစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာစားပွဲတင် တင်းနစ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး မင်းထွဋ်၊ တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)နှင့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က သွားရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့အား အားပေးစကားပြောကြားပြီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


### အထက(၁)ဗဟန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (ဒသမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ပညာသင်နှစ်အားလုံး

အထက(၁)ဗဟန်း ကျောင်းတော်ကြီး၏ မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပညာသင်နှစ်အားလုံး၏ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရင်း သူငယ်ချင်းများ ခင်မင်ရင်းနှီးစွာပြန်လည်တွေ့ဆုံနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်။** ။ ၁၄-၁-၂၀၁၈(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်။** ။ နံနက် ၉နာရီမှ ၁၀း၃၀နာရီအထိ၊ (ပထမပိုင်း)
နံနက် ၁၀း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ၊ (ဒုတိယပိုင်း)
**ကျင်းပမည့်နေရာ။** ။ အထက(၁)ဗဟန်း(မိုးဦးပန်းခန်းမ)
**လှူဒါန်းနိုင်ရန်။** ။ ၀၀၄၈၂၀၂၀၁၀၀၉၀၂၆၆(ရောဝတီဘဏ်)ရွှေဂုံတိုင်ဘဏ်ခွဲ

**၁။ ဒေါက်တာမောင်မောင်-ဖုန်း-၀၉-၇၃၁၈၅၁၉၂၊**
**၂။ ဦးသိန်းဦး-ဖုန်း-၀၉-၇၃၁၆၄၉၀၆**
**၃။ ဦးကျော်စိုးမိုး-ဖုန်း-၀၉-၂၅၄၁၁၆၂၆၇**
**၄။ ဦးဝင်းအောင်သူ ဖုန်း-၀၉-၂၆၀၃၃၃၉၅၅**
**၅။ ဦးအေးလင်း-ဖုန်း-၀၉-၇၃၀၁၆၅၉၆**
**၆။ ဦးလှထွန်းအောင်-ဖုန်း-၀၉-၄၂၃၇၄၅၁၈၉**
**၇။ ဒေါ်သန္တာစိုး-ဖုန်း-၀၉-၃၁၁၁၈၃၆၆**
**၈။ ဦးကျော်နေဝင်း-ဖုန်း-၀၉-၇၉၉၉၀၀၇၉၀**
**၉။ ဒေါ်အေးအေးမျိုး-ဖုန်း-၀၉-၄၂၀၀၀၈၅၅၃**
**၁၀။ ဦးအောင်ထိုက်-ဖုန်း-၀၉-၇၉၅၂၇၉၂၈၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကဝမြို့နယ်၊ သံဒင်းကျေးရွာနေ ဦးစိုးဝင်း ၇/ကဝန(နိုင်)၀၁၅၁၁၂၏ သမီး၊ ပဲခူးတက္ကသိုလ် ဒုတိယနှစ် ရက္ခဗေဒမှ မသန္တာစိုးနှင့် မခင်စန္ဒာစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသန္တာစိုး(ခ) မခင်စန္ဒာစိုး**

### အိမ်အရောက်ကွန်ပျူတာ ပြုပြင်ဝန်ဆောင်မှုလုပ်ငန်း

ကွန်ပျူတာပြုပြင်ပေးခြင်း-(Window, Software & Games)တင်ချင်လိုပါက ၅၀၀၀ ကျပ်။ ဖုန်းဆက်လိုက်ရုံဖြင့် အိမ်တိုင်ရာရောက် လိုက်လံပြုပြင်ပေးနေပါသည်။

**Ph : 09 264808212-VB**

### Khayann Treasure Land Co.,Ltd.
**Construction & Home Decoration**
KTL

အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့်အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက်ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
အခန်းဖွဲ့ခြင်းလုပ်ငန်းများ အုတ် Partition ၊ အလူမီနီယံ၊ မှန်၊ Composite P.V.C များဖြင့် အခန်းဖွဲ့ပေးခြင်း၊ Celing မျက်နှာကြက်များဖြင့် အလှဆင်ပေးခြင်း၊ အိမ်အတွင်းအပြင် ဆေးသုတ်ခြင်းလုပ်ငန်း၊ ကြွေပြားကပ်ခြင်း/ခင်းခြင်း၊ ပါကေးခင်းခြင်း၊ အလူမီနယံများ Composite များ Deisign များဖြင့် အလှဆင်ခြင်း။ အလူမီနီယံ Slide Door ၊ သံပန်း၊ Sunshade ၊ စတီးလ်၊ လိတ်တံခါးများ တပ်ဆင်ခြင်း။
No.42, 94 Street, Mingalar Taung Nyunt Township,Yangon, Myanmar.Tel : 09-73242372, 09-420127578, 09-421126097


### ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန မြစ်ကြီးနားမြို့
### သံပေါင်နှင့်ဆက်စပ်ပစ္စည်းများ တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘေလီတံတားတစ်စင်းအတွက် လိုအပ်လျက်ရှိသော ဘေလီသံပေါင်နှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့)
**နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၁၀-၁-၂၀၁၈(ဗုဒ္ဓဟူးနေ့)
**အချိန်၊ နာရီ** - မွန်းတည့် ၁၂နာရီ
**နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၅၂၂၃၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ဒေါ်သက်သက်မြိုင်(၁၂/ဥကတ(နိုင်)၁၈၁၄၁၇) ၊ JudeJude Family, Thint Myat Public Holding Company ဒါရိုက်တာအဖွဲ့ဝင်များနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်နိုင်နိုင်မွန်(၁၂/သဃက(နိုင်)၁၆၃၈၃၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်သက်သက်မြိုင်သည် facebook စာမျက်နှာမှ အမြတ်ရရှိမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ရှယ်ယာခေါ်ယူခဲ့မှုအပေါ် ယုံကြည်စိတ်ဖြင့် ၄င်းထံသို့ ဒေါ်နိုင်နိုင်မွန်မှ ငွေကျပ်သိန်း(၇၀) ထည့်ဝင်အပ်နှံခဲ့ပါသည်။ ထို့ပြင် Project အမည်ဖြင့်လည်း ရက်အနည်းငယ်ဖြင့် အရင်းနှင့်အမြတ် ရရှိမည်ဟု ထပ်မံမက်လုံးပေးမဲဆွယ်၍ ဒေါ်နိုင်နိုင်မွန်ထံမှ ငွေကျပ်သိန်း(၁၀၀) ထပ်မံရယူထားပြီး အကျိုးအမြတ်မပေးသည့်အပြင် ထည့်ဝင်အပ်နှံထားသည့်ငွေများကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက် ဒေါ်နိုင်နိုင်မွန်အဖို့ များစွာထိခိုက်နစ်နာလျက်ရှိပါသည်။

ထို့ပြင် ဒေါ်သက်သက်မြိုင်၏ ရုံးခန်းသို့ သွားရောက်ပြောဆိုရာတွင်လည်း ဦးထက်ဦးလွင် အပါအဝင် ကျန်အပေါင်းအပါများမှ ဒေါ်သက်သက်မြိုင်သည် ယုံကြည်ရကြောင်း၊ ပြန်လည်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ဒေါ်သက်သက်မြိုင်မှ ယနေ့အချိန်ထိ ဒေါ်နိုင်နိုင်မွန်၏ ငွေကြေးများကိုပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ဒေါ်သက်သက်မြိုင်သည် ယနေ့အချိန်တွင်လည်း တိမ်းရှောင်နေကြောင်း၊ တရားဝင်လိုင်စင်မရှိဘဲ ရှယ်ယာငွေအပ်နှံခြင်းကိုလက်ခံခြင်းဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည့်အပြင် ဒေါ်သက်သက်မြိုင်ထံသို့ငွေထည့်ဝင်စေရန် ပူးပေါင်းကူညီသူများလည်းရှိကြောင်း ဒေါ်နိုင်နိုင်မွန် မှတစ်ဆင့် သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်သက်သက်မြိုင်(ခ)ဂျူးဂျူးအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ဒေါ်နိုင်နိုင်မွန်ထံမှ တရားဝင်လိုင်စင်မရှိဘဲ လက်ခံရယူထားသည့်ငွေကြေးများကို ဒေါ်နိုင်နိုင်မွန်ထံသို့ ပြန်လည်ပေးအပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိပါက ဒေါ်သက်သက်မြိုင်နှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးနေစည်သူဇော်
(LL,B)၊ အထက်တန်းရှေ့နေ

ရန်ကုန်ရုံးခန်းလိပ်စာ > အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြို့ပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခန်းလိပ်စာ > ၉၉-၂၀/၁၇၊ အောင်သစ္စာလမ်း၊ ၅၁လမ်း x ၅၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉ ၂၆၅၀၂၅၂၁၉

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၉**

ဒေါ်ချိုချိုသဲ(ခ)အကြီးမ **နှင့်** ၁။ ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဆုမွန်အောင်
၂။ ဦးချစ်သိန်း

**တရားလို** **တရားပြိုင်များ**

အမှတ် ၅၂၁၊ အောင်သိဒ္ဓိ(၅)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ (၁)တရားပြိုင် ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဆုမွန်အောင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အတိုးမဲ့ချေးငွေကျပ်သိန်း(၄၅၀)ပြန်ရလိုမှု"ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာ တမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**ဒုတိယခရိုင်တရားသူကြီး (၁၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၃၇၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/4508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ် ၅၄၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်နေထိုင်သူ ဒေါ်ချောယယ်ယယ်ချစ် ၁၂/အလန(နိုင်)၀၄၂၂၉၃ ကိုင်ဆောင်သူမှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွံတန်းလမ်း၊ အမှတ် ၄၃၊ မြေညီထပ်(ခြေရင်းခန်း)ကို ဒေါ်သိန်းသိန်းကြည် ၈/ပခက(နိုင်)၁၁၄၀၈၃ ကိုင်ဆောင်သူမှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ ၎င်းပိုင်ဆိုင်ကြောင်း တာဝန်ခံလျက် ရောင်းချရန် ကျွန်မ ဒေါ်ချောယယ်ယယ်ချစ်ကို ကမ်းလှမ်းသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။

သို့ပါ၍အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ယခုအရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောယယ်ယယ်ချစ် ၁၂/အလန(နိုင်)၀၄၂၂၉၃**
**၀၉-၉၅၇၃၇၂၄၄၇၊၀၉-၄၃၁၇၃၆၅၀**

# ယီမင်ဈေးနှစ်ခုကို ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ခြောက်ဦးသေဆုံး

**ဆာနား ဒီဇင်ဘာ ၁၀**

ဆော်ဒီဦးဆောင်သည့် မဟာမိတ်စစ်လေယာဉ်များသည် ယီမင်ရှိ အထင်ကရ ဈေးနှစ်ခုကို လေကြောင်း တိုက်ခိုက်မှုများ သီးခြားစီ လုပ်ဆောင်ခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသခံများနှင့် ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

တိုက်ခိုက်ခံခဲ့ရသည့် ဈေးနှစ်ခုအနက် ခါလာခက်ဈေးသည် သူပုန်များ ထိန်းချုပ်ထားသည့် ဆာနားမြို့တော်၏ အရှေ့မြောက်ဘက်မှ ကီလိုမီတာ ၃၀ အကွာခန့်ရှိ Nehm ဒေသတွင် တည်ရှိသည်။ အဆိုပါဈေးအား လေကြောင်းတိုက်ခိုက်ခဲ့မှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ပြီး ဈေးဝယ်သူ အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ ကားသုံးစီးမီးလောင်ခဲ့ကြောင်း Nehm ဒေသရှိ ဆေးကုသမှုအဖွဲ့က ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်သည် ၂၀ ကျော်ခန့်ရှိကြောင်း ဆေးအဖွဲ့က ဆင်ဟွာသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ညနေခင်းအချိန်သည် လူစည်ကားချိန်ဖြစ်ကြောင်း ဒေသခံများက ပြောပြခဲ့သည်။

ဆော်ဒီမဟာမိတ်စစ်လေယာဉ်များ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် နောက်ထပ်ဈေးတစ်ခုမှာ ဟိုဒီဒက်ဆိပ်ကမ်းမြို့တောင်ပိုင်း ဇာဘစ်ဒေသတွင် တည်ရှိသည်။ အဆိုပါဈေးတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ဆေးအဖွဲ့က ပြောကြားခဲ့သည်။ တိုက်ခိုက်မှုကို ညနေခင်းအချိန်တွင် လုပ်ဆောင်ခဲ့သည်ဟု ဆေးအဖွဲ့က ဆိုသည်။

လေကြောင်းတိုက်ခိုက်မှုများအတွင်း ဈေးဆိုင်များစွာ ပျက်စီးခဲ့ရသည်။ ယင်းနေ့အစောပိုင်းက ဆာနားရှိ ယီမင်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနချုပ်ကို ညသန်းခေါင်တွင် လေကြောင်းတိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ရာ ဂျာနယ်လစ်လေးဦး သေဆုံးပြီး ဌာနချုပ်ဂိတ်ပေါက်ရှိ အစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီသူပုန်တို့ ထိန်းချုပ်ထားသည့် ဆာဘာသတင်းအေဂျင်စီနှင့် ဒေသခံများက ပြောကြားခဲ့သည်။ ရုပ်မြင်သံကြားဌာန အဆောက်အအုံအစိတ်အပိုင်းအချို့လည်း ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုများသည် ဆော်ဒီဦးဆောင်သည့် မဟာမိတ်များက နှစ်နှစ်ကျော်ကြာမြင့်သည့် စစ်ပွဲအတွင်း ဟူသီသူပုန်များအား နောက်ဆုံးပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်သည်။ ဟူသီသူပုန်များက ယီမင် သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေအား သတ်ဖြတ်ခဲ့ပြီး ခြောက်ရက်အကြာတွင် စစ်မက်ဖြစ်ပွားမှုအသစ်များ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဟူသီသူပုန်များက ဆာနားမြို့ကို အပြည့်အဝထိန်းချုပ်လိုက်ပြီး ဆာလေကို ထောက်ခံသည့် လက်နက်ကိုင်အဖွဲ့များအား အနိုင်ရရှိခဲ့ပြီးနောက်တွင် လုံခြုံရေးဆိုင်ရာ အခြေအနေများ ငြိမ်သက်သွားခဲ့သည်။ **ရိုက်တာ**



# အိုင်အက်စ်တို့လက်မှ လုံးဝ လွတ်မြောက်သွားပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် ကြေညာ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၀**

အီရတ်အင်အားစုများသည် အိုင်အက်စ် အစွန်းရောက် စစ်သွေးကြွအုပ်စုများက သိမ်းယူခဲ့သည့် ဧရိယာများအားလုံးကို ပြန်လည်ရယူနိုင်ခဲ့ပြီးနောက်တွင် အီရတ်ဝန်ကြီးချုပ်က အီရတ်နိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများလက်မှ အပြီးလွတ်မြောက်သွားပြီဖြစ်သည်ဟု စနေနေ့က ကြေညာခဲ့ကြောင်း သိရသည်။

နောက်ဆုံးခံစစ်နေရာသို့ ကျွန်ုပ်တို့၏ အင်အားစုများ ရောက်ရှိခဲ့ပြီး အိုင်အက်စ်တို့ နောက်ဆုံးထိန်းချုပ်ထားခဲ့သည့် အနောက်အန်ဘာဧရိယာကို အီရတ်အလံလွှင့်ထူနိုင်ခဲ့ပြီး ဖြစ်ကြောင်းကို အီရတ်ပြည်သူများနှင့် တစ်ကမ္ဘာလုံးကို ကြေညာကြောင်း အီရတ်ဝန်ကြီးချုပ် အဘာဒီက ပြောကြားခဲ့သည်။




အဝေးဆုံးဖြစ်သည့် နယ်စပ်နေရာကို ကျော်လွန်ကာ အီရတ်အလံကို ယနေ့ လွှင့်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း အဘာဒီက ပြောကြားသည်။ အိုင်အက်စ်တို့ကို အပြီးနှိမ်နင်းနိုင်ခဲ့သည့်အတွက် အီရတ်အင်အားစုများနှင့် အီရတ်ပြည်သူများ၏ အောင်ပွဲကို အဘာဒီက ချီးကျူးဂုဏ်ပြုခဲ့သည်။

ဝန်ကြီးချုပ် အဘာဒီသည် အီရတ်နိုင်ငံသားများကို စည်းလုံးညီညွတ်ကြရန် တိုက်တွန်းခဲ့ပြီး ထိုသို့ စည်းလုံးညီညွတ်မှုက အိုင်အက်စ်တို့ကို ရင်ဆိုင်ကျော်လွှားနိုင်မည့် လက်နက်ပင်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် တာဝန်ကျရာ အခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ထမ်းဆောင်ကြရန်အတွက်လည်း အီရတ်နိုင်ငံရေးလှုပ်ရှားသူများကို ဝန်ကြီးချုပ် အဘာဒီက တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# မြောက်ကိုရီးယားအရေး တင်းမာနေချိန်တွင် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ ဒုံးကျည်ခြေရာခံသည့် စစ်ရေးလေ့ကျင့်မှု ဆင်နွှဲမည်

**တိုကျို ဒီဇင်ဘာ ၁၀**

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် တနင်္လာနေ့တွင် ဒုံးကျည်ခြေရာခံမည့် နှစ်ရက်ကြာစစ်ရေးလေ့ကျင့်မှုကို ပူးပေါင်း ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားက နျူကလီးယားလက်နက်ဖွံ့ဖြိုးရေး ကြိုးပမ်းနေမှုနှင့် ပတ်သက်၍ ဒေသတွင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ထိုသို့ စစ်ရေးလေ့ကျင့်မည့် အစီအစဉ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့သည် ပြီးခဲ့သည့် ရက်သတ္တပတ်က ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အကြီးအကျယ် ပြုလုပ်ခဲ့ကြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက စစ်ပွဲဖြစ်ပွားအောင် ရန်စနေသည့် လေ့ကျင့်မှုအဖြစ် ဝေဖန်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများနှင့် နိုင်ငံတကာ၏ ဝေဖန်မှုများကို ဖီဆန်သည့်အနေဖြင့် နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ဒုံးကျည်များကို အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ ဂျပန်ပင်လယ်ကို ကျော်ဖြတ်ကာ ဒုံးကျည်နှစ်စင်းကို ပစ်လွှတ်ခဲ့သည်။

နိုဝင်ဘာ ၂၉ ရက်က မြောက်ကိုရီးယားသည် နည်းပညာပိုင်းဆိုင်ရာ အစွမ်းကုန် အဆင့်မြှင့်တင်ထားသည့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ယင်းဒုံးကျည်သည် အမေရိကန်ကုန်းမြေအထိ ရောက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ယခုပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုသည် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယား သုံးနိုင်ငံအတွင်း တိုက်ချင်းပစ်ဒုံးကျည်ဆိုင်ရာ ခြေရာခံမှုတွင် သတင်းအချက်အလက်များ မျှဝေပေးနိုင်မည့် လေ့ကျင့်မှုဖြစ်ကြောင်း ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

သို့သော် ယင်းစစ်ရေးလေ့ကျင့်မှုတွင် အငြင်းပွားဖွယ် THAAD ဒုံးကျည်စနစ်ပါဝင်ခြင်း ရှိ မရှိကိုမူ ဂျပန်ရေကြောင်းကာကွယ်ရေးအင်အားစုက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ် (THAAD) ကို တောင်ကိုရီးယား၌ ဖြန့်ကြက်မှုက တရုတ်နိုင်ငံကို ဒေါသထွက်စေခဲ့သည်။ **ရိုက်တာ**

# ဂျေရုဆလင်အရေးကြောင့် ပဋိပက္ခများကို ဆွေးနွေးရန် ရုရှားသမ္မတ ဗလာဒီမာ ပူတင် တူရကီသို့ သွားရောက်မည်

**အန်ကာရာ ဒီဇင်ဘာ ၁၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တနင်္လာနေ့တွင် အီဂျစ်သို့ သွားရောက်မည်ဖြစ်ပြီး အဆိုပါနေ့ရက်၌ပင် ဂျေရုဆလင်အရေးနှင့် ဆီးရီးယားတွင် ဖြစ်ပွားနေသည့် အခြေအနေများကို တူရကီသမ္မတ ယီဆက်တေယစ်အာဒိုဂန်နှင့် တွေ့ဆုံကာ ဆွေးနွေးအဖြေရှာရန်အတွက် တူရကီသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သမ္မတပူတင်နှင့် သမ္မတအာဒိုဂန်တို့သည် စွမ်းအင်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်သွားကြရေးသာမက ဆီးရီးယားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသည့် အခြေအနေများအပါအဝင် နှစ်နိုင်ငံအကြောင်းအရာများကို ဆွေးနွေးသွားကြရန်အတွက်လည်း စီစဉ်ထားကြောင်း ကရင်မလင်နန်းတော်မှ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အမေရိကန်သမ္မတ ဒေါနယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်သည့် ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်လာသည့် တင်းမာမှုများနှင့် ယင်းမှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် အထိအခိုက်မခံသည့် ဒေသတွင်း၌ အကျိုးသက်ရောက်လာမှုများကို ဆွေးနွေးသွားကြဖွယ်ရှိကြောင်း ဖော်ပြထားသည်။ အီဂျစ်၊ တူရကီနှင့် ရုရှားနိုင်ငံ သုံးနိုင်ငံလုံးသည် ထရန့်၏ ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ဝေဖန်ရှုတ်ချခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံရှိ ပညာရေးအလိမ်အညာ အဖွဲ့တစ်ဖွဲ့ ဖမ်းဆီးခံရ

**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံနယူးဒေလီမြို့ရှိ ပညာရေး အလိမ်အညာအဖွဲ့တစ်ဖွဲ့အား ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၈ ရက်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ရာ သံသယရှိသူ ခြောက်ဦးအဖမ်းခံခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စွပ်စွဲခံရသူများသည် ရှာဒါရာ နယ်မြေတွင် ပညာရေးအဖွဲ့အစည်းအဖြစ် ၂၀၁၂ ခုနှစ်ကတည်းက လိမ်လည်လုပ်ဆောင်ခဲ့ကြောင်း ဒေလီရဲတပ်ဖွဲ့ ဒုတိယရဲမင်းကြီး နူပါပရာဆတ်က မီဒီယာသို့ ပြောကြားခဲ့ သည်။ ရဲတပ်ဖွဲ့က ၎င်းတို့ပိုင်ဆိုင်သော အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ပညာရေးအဖွဲ့နှင့် တက္ကသိုလ် ၁၇ ခု၏ ပညာရေးကြော်ငြာချက် ၁၅၀၀၀ ခုကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကျောင်းသားများထံမှ ငွေကြေးများအား လိမ်လည်ရယူခဲ့သည်ဆိုသော တိုင်ကြားစာများကို ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့ကြောင်း ပြောခဲ့သည်။

လတ်တလောတွင် အိန္ဒိယနိုင်ငံ၌ ပညာရေးအလိမ်အညာအဖွဲ့ကဲ့သို့သော အဖွဲ့များ၏ ကျောင်းသားလူငယ်များအပေါ် လိမ်လည်မှုများအား ဆန့်ကျင်တိုက်ဖျက်ရမည်ဟု စည်းကမ်းတင်းကျပ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

### အာဖဂန်နစ္စတန်၌ လုံခြုံရေးတပ်ဖွဲ့နှင့် တာလီဘန်တို့ ထိတွေ့မှုဖြစ်ပွား

**ဂါဇာနီ ဒီဇင်ဘာ ၁၀**

အာဖဂန်နစ္စတန် ဂါ့ဟ်နီဒေသ လိုင်ဝါနာဘာဇားနယ်မြေ၌ ဖြစ်ပွားသော ပဋိပက္ခအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် အနည်းဆုံး သုံးဦးနှင့် တာလီဘန်အကြမ်းဖက်စစ်သွေးကြွရှစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် အာရစ်နောရီက ဒီဇင်ဘာ ၉ ရက်က ပြောခဲ့သည်။

သောင်းကျန်းသူများက လုံခြုံရေးကင်းစခန်းများကို တိုက်ခိုက်မှုပြုပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ ယခုကဲ့သို့ ပြင်းထန်သော ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နောက်ဆုံးတွင် သောင်းကျန်းသူများဘက်မှ ရှစ်ဦးကျဆုံးကာ သောင်းကျန်းသူများ ဆုတ်ခွာသွားကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့များနှင့် သောင်းကျန်းသူတို့ကြား ထိတွေ့မှုဖြစ်ပွားခြင်းသည် နာရီအနည်းငယ်ကြာခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်သုံးဦးမှာ နိုင်ငံအတွက် အသက်ပေးခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောခဲ့သည်။ ထို့အပြင် ထိတွေ့မှုအတွင်း သောင်းကျန်းသူများဘက်မှ ဒဏ်ရာရရှိသူ ၁၂ ဦးရှိခဲ့ကြောင်း သိရသည်။ တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ်က သောင်းကျန်းသူများသည် ကင်းစခန်းနှစ်ခုကို သိမ်းနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အတော်များများကို သုတ်သင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# ဂျေရုဆလင်အရေးကြောင့် ဆန္ဒပြပွဲတွေ အကြီးအကျယ် ပေါ်ပေါက်လာ

**ကလျာမိုးမြင့်**



အစ္စရေးနိုင်ငံဟာ ဒုံးကျည်နဲ့ ပစ်ခတ်ခံရမှုကို လက်တုံ့ပြန်တဲ့အနေနဲ့ ဟားမားစ် စစ်သွေးကြွအုပ်စုတွေပိုင်ဆိုင်တဲ့ နေရာအမြောက်အမြားကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိတယ်လို့ အစ္စရေးနိုင်ငံက ပြောကြားခဲ့ပါတယ်။

အစ္စရေးတပ်မတော်က ၎င်းဟာ စနေနေ့အစောပိုင်းက လက်နက်သိုလှောင်ရုံနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေရှိတဲ့နေရာတွေကို ပစ်ခတ်ထိမှန်စေခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်တွေအတွင်းမှာ ဂါဇာဒေသကနေ အစ္စရေးကို ဒုံးကျည်သုံးစင်း ပစ်ခတ်ခဲ့ပါတယ်။ သုံးစင်းအနက်မှာ တစ်စင်းက တောင်ပိုင်း Sderot မြို့ကို ကျရောက်ထိမှန်ခဲ့ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ကြေညာလိုက်ချိန်ကစပြီး အစ္စရေးနဲ့ ပါလက်စတိုင်းအကြား တင်းမာမှုတွေဟာ ပိုပြီး အရှိန်အဟုန်ကြီးမားလာခဲ့ပါတယ်။

အမေရိကန်အနေနဲ့ သမိုင်းကြောင်း တစ်လျှောက် အစ္စရေးနဲ့ပတ်သက်ပြီး ထားရှိလာခဲ့တဲ့ရပ်တည်ချက်သဘောထားကို ဗုဒ္ဓဟူးနေ့က ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်က အပြောင်းလဲကြီး ပြောင်းလဲစေလိုက်တာပါပဲ။

ဒီဆုံးဖြတ်ချက်က အစ္စရေးနဲ့ ပါလက်စတိုင်း ပဋိပက္ခကို ပိုဆိုးရွားလာအောင် မီးမွှေးလိုက်တဲ့ ထင်မှတ်မထားသော ဆုံးဖြတ်ချက်ဖြစ်နေပါတယ်။ ကမ္ဘာ့ခေါင်းဆောင်အများစုကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ထရန့်ကို တော်တော်လေး ဝေဖန် ပုတ်ခတ်ခဲ့ကြပါတယ်။

အစ္စရေးကတော့ ဂျေရုဆလင်ကို အစ္စရေးမြို့တော်လို့ သတ်မှတ်လာခဲ့တာ အခုမှမဟုတ်ပါဘူး။ ရှေးယခင်အချိန်ကတည်းက သတ်မှတ်လာခဲ့တာပါ။ အဲဒီအချိန်တွေမှာ ပါလက်စတိုင်းကတော့ ၁၉၆၇ ခုနှစ်မှာဖြစ်ပွားတဲ့ စစ်ပွဲအတွင်းမှာ အစ္စရေးက သိမ်းယူခဲ့တဲ့ ဂျေရုဆလင်အရှေ့ပိုင်းကို အနာဂတ်ပါလက်စတိုင်းမြို့တော်လို့ ခံယူထားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ဖြစ်ပွားခဲ့တဲ့ ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုတွေအတွင်း အစ္စရေးတပ်ဖွဲ့ဝင်တွေက ဂါဇာဒေသမှာရှိတဲ့ လူအုပ်ထဲကို သေနတ်ပစ်ခတ်ခဲ့တဲ့အတွက် ပါလက်စတိုင်းအမျိုးသားနှစ်ဦး သေဆုံးသွားခဲ့ရပါတယ်။ အစ္စရေးဘက်က ပြောကြားချက်အရ ဒုံးကျည်တစ်စင်း အစ္စရေးကို ကျရောက်လာခဲ့ပြီး နောက်တစ်စင်းကို စွန့်ပစ်မြေပေါ်မှာ တွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။

နောက်ထပ်တစ်စင်းကတော့ သောကြာနေ့နှောင်းပိုင်းမှာ Sderot မြို့ထဲကို ကျရောက်လာခဲ့တယ်လို့ ဆိုထားပါတယ်။ အသေအပျောက်အကျအဆုံးရှိတယ်ဆိုတဲ့ ဖော်ပြချက်မျိုးတော့ မတွေ့ရပါဘူး။

အစ္စရေးလေတပ်အင်အားစုဟာ ပြီးခဲ့တဲ့သောကြာနေ့က ဟားမားစ်အဖွဲ့ကို စီးနင်းတိုက်ခိုက်မှုတွေ အမြောက်အမြားပြုလုပ်ခဲ့တယ်လို့ ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အေအက်ဖ်ပီသတင်းဌာနသို့ပြောပြခဲ့ပါတယ်။ ဒီစီးနင်းတိုက်ခိုက်မှုတွေအတွင်းမှာ ဒဏ်ရာရတဲ့သူ ၂၅ ဦးရှိခဲ့ပါတယ်။

Sderot မြို့ကို ဒုံးကျည်ကျရောက်ခဲ့ပြီး နာရီအနည်းငယ်အကြာမှာ လေကြောင်း စီးနင်းတိုက်ခိုက်မှုအများစုကို စနေနေ့အစောပိုင်းမှာ ပြုလုပ်လာခဲ့တာဖြစ်ပါတယ်။ ထိခိုက်ပျက်စီးမှုတွေနဲ့ ပတ်သက်ပြီးတော့ အတိအလင်းဖော်ပြထားမှု မရှိသေးပါဘူး။

ဟားမားစ်အဖွဲ့ရဲ့ အကြီးတန်းခေါင်းဆောင် ဖက်တီဟာမက်က ၎င်းတို့ရဲ့သံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းဖို့ ကြိုးစားတဲ့သူမှန်သမျှ ပါလက်စတိုင်းပြည်သူတွေရဲ့ရန်သူတွေပဲလို့ သောကြာနေ့ အစောပိုင်းမှာ ကြုံးဝါးခဲ့ပါတယ်။ သောကြာနေ့က ကုလသမဂ္ဂမှာ စကားမပြောဆိုမီမှာ အမေရိကန်ဆိုင်ရာ ကုလသမဂ္ဂသံတမန် နစ်ကီဟာလေက အမေရိကန်ဟာ ဂျေရုဆလင်ကို အစ္စရေးရဲ့မြို့တော်အဖြစ်အထင်အရှား သတ်မှတ်လိုက်ပြီလို့ ပြောခဲ့ပါတယ်။

အဲဒီနောက် နစ်ကီဟာလေက အမေရိကန်ဟာ အချိန်ကြာမြင့်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေး သဘောတူညီချက်ကို အောင်မြင်ဖြစ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပြီး ကုလသမဂ္ဂဟာ အစ္စရေးနိုင်ငံအပေါ်ရန်လိုတဲ့သူတွေထဲမှာ အရက်စက်ဆုံးပြုမူဆက်ဆံတဲ့ အချက်အချာဌာနတစ်ခုဖြစ်ခဲ့တယ်လို့ စွပ်စွဲပြောကြားခဲ့ပါတယ်။

ပြီးတော့ အစ္စရေးနိုင်ငံဟာ ဘယ်သောအခါမှ ၎င်းရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး အဖက်မလုပ်ခဲ့တဲ့ နိုင်ငံအစုအဝေး သို့မဟုတ် ကုလသမဂ္ဂအဖွဲ့က အင်အားသုံးဖိနှိပ်ပြီး သဘောတူညီချက်ထဲကိုဆွဲသွင်းတာကို အဖြစ်မခံသင့်ဘူးလို့လည်း နစ်ကီက ပြောကြားခဲ့ပါတယ်။

ပါလက်စတိုင်းခေါင်းဆောင်တွေက သောကြာနေ့မှာ ဆန္ဒပြချီတက်မှုတွေ ပြုလုပ်ကြဖို့ တိုက်တွန်းခဲ့ပြီးနောက်မှာ အစ္စရေးဟာ ပဋိပက္ခဖြစ်ပွားလာနိုင်တဲ့ အခြေအနေကို ကြိုတင်မှန်းဆ ပြင်ဆင်တဲ့အနေနဲ့ အနောက်ဘက်ကမ်းဆီကို တပ်ဖွဲ့ဝင်တွေ အပိုချထားခဲ့ပါတယ်။ အရှေ့ဂျေရုဆလင်နဲ့ အနောက်ဘက်ကမ်းမှာဖြစ်ပွားတဲ့ နှစ်ဖက်ထိပ်တိုက်ရင်ဆိုင်ဖြစ်ပွားမှုတွေမှာ ပါလက်စတိုင်းပြည်သူ ၂၁၇ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ ပါလက်စတိုင်း ဆေးဝါးကုသမှုအဖွဲ့က ပြောကြားခဲ့ပါတယ်။

ဘာပဲပြောပြော သမ္မတထရန့်ရဲ့ ကြေညာချက်ကို ကန့်ကွက်တဲ့ ဆန္ဒထုတ်ဖော်မှုတွေကတော့ ပျံ့နှံ့လို့လာနေပါပြီ။ ပါလက်စတိုင်းကိုထောက်ခံတဲ့ ဆန္ဒပြသူထောင်ပေါင်းများစွာတို့ဟာ ဂျော်ဒန်၊ အီဂျစ်၊ အီရတ်၊တူရကီ၊ တူနီးရှားနဲ့ အီရန်နိုင်ငံတွေမှာ ဆန္ဒပြပွဲတွေ အကြီးအကျယ်ဆင်နွှဲနေကြပါတယ်။

ဒါတင်မကသေးပါဘူး။ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊အိန္ဒိယထိန်းချုပ်ထားတဲ့ ကက်ရှ်မီးယားနဲ့ ကမ္ဘာ့အစ္စလာမ်ဘာသာဝင်အများဆုံးနိုင်ငံတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာလည်း ဆန္ဒထုတ်ဖော်စုဝေးချီတက်မှုတွေ ပြုလုပ်နေကြပါတယ်။

တကယ်တော့ ဂျေရုဆလင်ဟာ အစ္စရေးအတွက်ရော ပါလက်စတိုင်းအတွက်ပါ လုံးဝအရေးကြီးတဲ့ အချက်အချာတစ်ခု ဖြစ်ပါတယ်။ ဂျူးဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ခရစ်ယာန်ဘာသာကြီးသုံးခုတို့ကို ကိုးကွယ်ယုံကြည်တဲ့ သူတွေအတွက် အရေးပါတဲ့ ဘာသာရေး အထိမ်းအမှတ်နေရာတွေ ရှိနေတဲ့နေရာလည်း ဖြစ်ပါတယ်။

ဂျေရုဆလင်အရှေ့ပိုင်းကို ၁၉၆၇မှာ ဂျော်ဒန်က သိမ်းပိုက်ခဲ့ပြီး နောက်မှာ အစ္စရေးက သိမ်းပိုက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ ၁၉၈၀ မှာ ကျူးကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် ဒီကျူးကျော်မှုကို နိုင်ငံတကာက ဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့ပါဘူး။

ဂျေရုဆလင် အရှေ့ပိုင်းမှာ ပါလက်စတိုင်းပြည်သူ သုံးသိန်းကျော်နေထိုင်ပြီး အစ္စရေးနိုင်ငံသားဂျူးလူမျိုး နှစ်သိန်းခန့် အဲဒီနေရာမှာ အခြေချနေထိုင်ခဲ့ကြပါတယ်။ ဒီလိုအခြေချနေထိုင်မှုတွေကို နိုင်ငံတကာစည်းမျဉ်းဥပဒေတွေက တရားမဝင်ဘူးလို့ ထည့်သွင်းစဉ်းစားခဲ့ပေမယ့် အစ္စရေးကတော့ ဒါကိုအခြေချနေထိုင်မှုအဖြစ် သတ်မှတ်ယူဆခဲ့ခြင်း မရှိပါဘူး။

ဒါပေမယ့် အိမ်နီးချင်းတွေအဖြစ် တရားဝင်သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၃ မှာ ချုပ်ဆိုခဲ့တဲ့ အစ္စရေး - ပါလက်စတိုင်း ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ ဂျေရုဆလင်ကို နောက်ဆုံးအဆင့်သတ်မှတ်မှုဟာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အဆင့်ဆင့်တွေကနေ ဆွေးနွေးဆုံးဖြတ်သွားဖို့ ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။

အစ္စရေးနဲ့ ပါလက်စတိုင်း နောက်ဆုံးအကျော့ ဆွေးနွေးပွဲတွေဟာ ၂၀၁၄ ခုနှစ်မှာ ပျက်ပြယ်ခဲ့ရပြီး ဒီအချိန်မှာ အမေရိကန်ဟာ ကမ်းလှမ်းမှုအသစ်တွေ ပြုလုပ်ဖို့ နည်းလမ်းတွေ ရှာဖွေနေပါတယ်။

ပါလက်စတိုင်း အာဏာပိုင်တွေကတော့ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ကြောင်း ထရန့်ရဲ့ကြေညာချက်ဟာ အနာဂတ်ညှိနှိုင်းဆွေးနွေးပွဲတွေကို ကိုယ်စားလှယ်အဖြစ် အာမခံပေးဖို့အတွက် အမေရိကန်အနေနဲ့ အရည်အချင်းပြည့်မီခြင်း မရှိတော့ဘူးဆိုတဲ့ အချက်ကို ဖော်ပြလိုက်တာပဲလို့ ပြောဆိုခဲ့ကြပါတယ်။ ။

**ရိုက်တာ၊ ဘီဘီစီ**

> **"အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ကြေညာလိုက်ချိန်ကစပြီး အစ္စရေးနဲ့ ပါလက်စတိုင်းအကြား တင်းမာမှုတွေဟာ ပိုပြီး အရှိန်အဟုန်ကြီးမားလာခဲ့ပါတယ်"**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**ပဋိညာဉ်စာချုပ်များနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်း**

၂၉။ (က) ပဋိညာဉ်စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် သီးခြားလုပ်ထုံးလုပ်နည်းတစ်ရပ်ပါရှိသော ဥပဒေတစ်ရပ်ရပ်ကိုလိုက်နာလျက် ကုမ္ပဏီက ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများပြုလုပ်ခွင့်ကို ကုမ္ပဏီမှ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာ အပ်နှင်းခံရပြီး ကုမ္ပဏီကိုယ်စားဆောင်ရွက်ခွင့်ရှိသူတစ်ဦးဦးက ကျင့်သုံး ဆောင်ရွက်နိုင်သည်။ အဆိုပါအခွင့်အာဏာကို ရုံးတံဆိပ်ခတ်နှိပ်ခြင်းမပြုဘဲ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စာချုပ်စာတမ်းအား အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့လျှင် ကုမ္ပဏီသည် ရုံးတံဆိပ်ခတ်နှိပ်ရန်မလိုဘဲ စာချုပ်စာတမ်းတစ်ရပ်အား ချုပ်ဆိုနိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဂ) ကုမ္ပဏီတစ်ခုသည် စာချုပ်စာတမ်းတစ်ခုအား ရုံးတံဆိပ်ခတ်နှိပ်ပြီး ထိုသို့ ရုံးတံဆိပ်ခတ်နှိပ်ခြင်းကို အောက်ပါပုဂ္ဂိုလ်တို့က သက်သေပြုခြင်းဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဃ) ကုမ္ပဏီတစ်ခုသည် ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုကို တရားဝင် သဘောတူစာချုပ်အဖြစ်ချုပ်ဆိုမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြပြီး ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ ချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုအား တရားဝင်သဘောတူ စာချုပ်တစ်ခုအဖြစ် ချုပ်ဆိုနိုင်သည်။

(င) ဤပုဒ်မသည် ကုမ္ပဏီတစ်ခုက တရားဝင်သဘောတူစာချုပ် အပါအဝင် စာချုပ်စာတမ်းတစ်ခုကို ဤဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများအပါအဝင်စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ကန့်သတ်ထားခြင်း မရှိစေရ။

**ကုမ္ပဏီတစ်ခုနှင့် အခြားပုဂ္ဂိုလ်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်း**

၃၀။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ပုဒ်မ ၃၁ တွင် ဖော်ပြမှတ်ယူခြင်းများကို အသုံးပြုနိုင်သည်။ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအား အာမခံသူတစ်ဦးဦးသည်ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါမှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ၊

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီထံမှ ပစ္စည်းတစ်စုံတစ်ရာကို ရရှိသူ သို့မဟုတ် ရထိုက်ခွင့်ရှိသူတစ်ဦးဦးနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုမ္ပဏီနှင့်အခြားပုဂ္ဂိုလ်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါမှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ၊

(ဂ) ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက လိမ်လည်လှည့်ဖြား၍ပြုမူခဲ့ခြင်း သို့မဟုတ် စာချုပ်စာတမ်းတစ်ခုကို လိမ်လည်အတုပြုခဲ့ခြင်းများရှိခဲ့လျှင်ပင် အဆိုပါမှတ်ယူရမည့်အချက်များကိုကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်သူများသည် အထောက်အထားပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုသည့်အချိန်တွင် အောက်ပါအချက်အလက်များကို သိရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ၎င်းအနေဖြင့် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်မည်မဟုတ်-

(၁) မှတ်ယူရမည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်သည် လိမ်လည်လှည့်ဖြားဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ်

(၃) သက်ဆိုင်ရာစာရွက်စာတမ်းသည် လိမ်လည်အတုပြုလုပ်ထားခြင်းဖြစ်ကြောင်း သို့မဟုတ်

(၄) ဖော်ပြပါကိစ္စရပ်သည် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်လျက်ရှိခဲ့ကြောင်း။

**ကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များက အထောက်အထားပြုနိုင်သည့် မှတ်ယူနိုင်သည့် အချက်များ**

၃၁။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်စာအုပ်၌ ရေးသားဖော်ပြထားသော အချက်အလက်များတွင်ပါရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးဖြစ်သူတစ်ဦးအပေါ် အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင်ခန့်အပ်တာဝန်ပေးထားသည်ဟု ၎င်းအပြင်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးရှိခဲ့လျှင် ထိုတစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးကို အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု ၎င်းအပြင်

(၂) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်က သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးဆောင်ရွက်ခွင့်မရှိသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ်ကိုယ်စားလှယ်တစ်ဦးဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးဦးသည် အဆိုပါလုပ်ပိုင်ခွင့်အား ကျင့်သုံးရန် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည်ဟု မှတ်ယူနိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး၊ အခြားအရာရှိများနှင့် ကိုယ်စားလှယ်များက ကုမ္ပဏီနှင့်သက်ဆိုင်သော ၎င်းတို့၏ တာဝန်များကို လျော်ကန်စွာ ဆောင်ရွက်ကြောင်း မှတ်ယူနိုင်မည်။

(စ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ) နှင့်အညီ လက်မှတ်ရေးထိုးဆောင်ရွက်ထားလျှင် အဆိုပါစာချုပ်စာတမ်းအား ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ဂ) နှင့်အညီ စာချုပ်စာတမ်းတွင် ကုမ္ပဏီ၏ ရုံးတံဆိပ်ကို ခတ်နှိပ်ထားခြင်းနှင့် ထိုသို့ ရုံးတံဆိပ်ခတ်နှိပ်ခြင်းအား သက်သေပြုခြင်းဆောင်ရွက်ထားလျှင် ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတစ်ခုခု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ မိတ္တူမှန်ကို ထုတ်ပေးရန် အခွင့်အာဏာရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးသည် အဆိုပါစာရွက်စာတမ်းမှာ အစစ်အမှန်ဖြစ်ကြောင်း သို့မဟုတ် မိတ္တူမှန်ဖြစ်ကြောင်း အာမခံနိုင်သည့် အခွင့်အာဏာလည်းရှိသည်ဟု မှတ်ယူနိုင်မည်။

## အခန်း (၈)
## ကုမ္ပဏီမှတ်ပုံတင်ခြင်းမပြုမီက ဆောင်ရွက်ချက်များ

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမတိုင်မီ ကုန်ကျစရိတ်များ**

၃၂။ ဤအခန်းတွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအား တည်ထောင်မှတ်ပုံတင်ခြင်းမတိုင်မီ အမှန်ကုန်ကျခဲ့သည့်စရိတ်များကို ရရန်ပိုင်ခွင့်များမှ ကျခံပေးချေနိုင်သည်။

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များ

၃၃။ (က) ဤပုဒ်မနှင့် ပုဒ်မ ၃၄ မှ ၃၆ အထိ ပါရှိသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ဟူသည် အောက်ပါတို့ကိုဆိုသည်-

(၁) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ကုမ္ပဏီအနေဖြင့် ရည်ရွယ်ပြီး ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် သို့မဟုတ်

(၂) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန် စဉ်းစားသုံးသပ်နေသည့်အချိန်တို့တွင် ကုမ္ပဏီကိုယ်စား လူတစ်ဦးက ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

(ခ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကိုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ ဖော်ပြပါရှိခြင်းမရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီသည် အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်သည် ယင်းအားချုပ်ဆိုစဉ်က ကုမ္ပဏီသည် စာချုပ်ဝင်တစ်ဦးဖြစ်ဘိသကဲ့သို့ တရားဝင် အကျိုးသက်ရောက်သည်။

(ဃ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကိုအကျိုးသက်ရောက်စေရန်အတွက် ဒါရိုက်တာများက ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၂၉ အရ ပဋိညာဉ်စာချုပ်တစ်ရပ်အား ကုမ္ပဏီကိုယ်စား ချုပ်ဆိုနိုင်သည့် အခြားသောနည်းလမ်းများအတိုင်းသော်လည်းကောင်း ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

(င) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ထိုကုမ္ပဏီက အတည်မပြုနိုင်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၃၅ အရ တရားရုံးက တရားဝင်ကြောင်းမသတ်မှတ်ခဲ့လျှင် ကုမ္ပဏီသည် အဆိုပါ ပဋိညာဉ်စာချုပ်အား အတည်ပြုခြင်း သို့မဟုတ် အဆိုပါပဋိညာဉ်စာချုပ်မှ အကျိုးခံစားခွင့်တစ်စုံတစ်ရာကို ရယူခံစားခြင်း မပြုရ။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့်ပဋိညာဉ်စာချုပ်ပါ သဘောသက်ရောက်သော အာမခံချက်များ**

၃၄။ (က) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်းဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှတစ်ပါး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ပြုလုပ်ထားသည့် ပုဂ္ဂိုလ်က သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို အောက်ပါအတိုင်းထားရှိရာရောက်သည်-

(၁) ကုမ္ပဏီအား ပဋိညာဉ်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်ကာလတစ်ရပ်ရပ်အတွင်းသို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်းမရှိခဲ့လျှင် စာချုပ်ချုပ်ဆိုပြီးနောက် သင့်လျော်သည့်ကာလအတွင်း ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်မည်ဟုလည်းကောင်း၊

(၂) ကုမ္ပဏီသည်ပဋိညာဉ်စာချုပ်ကို စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်းမရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့်ကာလအတွင်း အတည်ပြုဆောင်ရွက်မည်ဟုလည်းကောင်း။

(ခ) ပုဒ်မခွဲ (က) အရ သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကိုချိုးဖောက်ခြင်းအတွက် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်တွင် ရရှိထိုက်သော နစ်နာကြေးပမာဏသည်ပဋိညာဉ်စာချုပ်အား အတည်ပြုပြီးနောက် ပယ်ဖျက်သကဲ့သို့ စာချုပ်အရတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုခဲ့သည့်အတွက် ကုမ္ပဏီ၏ချိုးဖောက်မှုအပေါ်နစ်နာကြေးတောင်းဆိုသည့် တရားစွဲဆိုမှုတွင် ရရှိထိုက်သော နစ်နာကြေးပမာဏအတိုင်း ဖြစ်စေရမည်။

(ဂ) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ပုဒ်မ ၃၃ အရ ကုမ္ပဏီမှ အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်မှတစ်ပါး ကုမ္ပဏီသည်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ အလားတူစည်းကမ်းချက်များဖြင့် သို့မဟုတ် အစားထိုးပြင်ဆင်ဖော်ပြထားသည့် စည်းကမ်းချက်များဖြင့် ပဋိညာဉ်စာချုပ်တစ်ရပ်ကိုချုပ်ဆိုခဲ့လျှင် သက်ဆိုင်သောပုဂ္ဂိုလ်၏ တာဝန်ရှိမှုသည် ပုဒ်မခွဲ(က)အရ နစ်နာမှုအတွက် လျော်ကြေးပေးရန် တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်အရ တာဝန်ရှိမှု အပါအဝင် ကင်းလွတ်ခွင့်ပြုရမည်။

**အတည်ပြုရန် ပျက်ကွက်ခြင်း**

၃၅။ (က) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင်ကုမ္ပဏီက အတည်မပြုသော ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် အပေါ် စာချုပ်ဝင်တစ်ဦးသည် တရားရုံးသို့တင်ပြ၍ အောက်ပါတို့နှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည် -

(၁) ပဋိညာဉ်စာချုပ်အရ မြေပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေရရှိထားသည့်ပစ္စည်းများကို အဆိုပါစာချုပ်ဝင်ထံသို့ပြန်ပေးစေရန် ကုမ္ပဏီသို့ ညွှန်ကြားခြင်း သို့မဟုတ်

(၂) အဆိုပါပစ္စည်း သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်သက်ဆိုင်သည့် စာချုပ်ဝင်အား ခံစားခွင့်ပြုသည့် အခြားသက်သာခွင့်များ သို့မဟုတ်

(၃) ပဋိညာဉ်စာချုပ်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတည်ပြုခြင်း။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)နှင့်အညီ အမိန့်တစ်ရပ်အား ချမှတ်ပြီးသည်ဖြစ်စေ၊ မပြီးသည် ဖြစ်စေ တရားရုံးသည် သင့်လျော်မျှတသည်ဟုယူဆလျှင် ၎င်းမှ သင့်သည်ထင်မြင်သည့်အမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်သာခွင့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ချမှတ်ဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်ခြင်း**

၃၆။ ကုမ္ပဏီက အတည်ပြုထားသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်မှုအတွက် ကုမ္ပဏီအပေါ်ပြုလုပ်သည့် တရားစွဲဆိုမှုတွင် တရားရုံးသည်ကုမ္ပဏီ၊ တရားစွဲဆိုမှုတွင်ပါဝင်သည့် အခြားစာချုပ်ဝင်များ၏ လျှောက်ထားချက် သို့မဟုတ် ၎င်းကိုယ်တိုင်တွေ့ရှိချက်များအပေါ်အခြေခံ၍ လျော်ကြေးပေးစေရန်ကိုသော်လည်းကောင်း၊ တရားရုံးကသင့်သည်ထင်မြင်သည့် အခြားသက်သာခွင့်ပေးစေရန်ကိုသော်လည်းကောင်း ချမှတ်နိုင်သည့်အပြင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့သည့် ပုဂ္ဂိုလ်အပေါ်တွင်လည်းကောင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

## အခန်း(၉)
## ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများ
## နိုင်ငံတော်အတွင်းအာဏာတည်လျက်ရှိသော အခြားသောဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းများ

**မှတ်ပုံတင်ဆောင်ရွက်နိုင်သည့် ကော်ပိုရေးရှင်းများ**

၃၇။ (က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ခြွင်းချက်များနှင့် ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ နိုင်ငံတော်အတွင်းအာဏာတည်သည့် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ သို့မဟုတ် အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုခုအဖြစ် မှတ်ပုံတင်နိုင်သည်။ အဆိုပါအဖွဲ့အစည်းကို ဖျက်သိမ်းရန်ရည်ရွယ်၍ မှတ်ပုံတင်ခြင်းသည် တရားမဝင်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

(ခ) အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယခင်ဥပဒေမတိုင်မီက အာဏာတည်လျက်ရှိသည့် ကုမ္ပဏီအက်ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသည့် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ တည်ရှိသော ကော်ပိုရေးရှင်းများအားလုံးသည် အစုရှယ်ယာအားဖြင့်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအဖြစ် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီ ဤဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါပြဋ္ဌာန်းချက်များသည်ပြည်ပကော်ပိုရေးရှင်းများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

**ကော်ပိုရေးရှင်း၏အမည်တွင် "လီမိတက်" စာသားအား ဖြည့်စွက်ခြင်း**

၃၈။ ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ တာဝန်ကန့်သတ်ထားရှိပြီး မှတ်ပုံတင်သည့်အခါ "လီမိတက်" သို့မဟုတ် "အများပိုင်ကုမ္ပဏီလီမိတက်" သို့မဟုတ် အခန်း(၆) တွင်ဖော်ပြထားသည့် အလားတူစကားရပ်များကို ကော်ပိုရေးရှင်းအမည်တွင် ထည့်သွင်းလျက် မှတ်ပုံတင်ရမည်။

**တည်ဆဲကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်**

၃၉။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာကြေးများကို ပေးသွင်းသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကော်ပိုရေးရှင်းကို ဤဥပဒေအရ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။ ထိုသို့ဆောင်ရွက်ပြီးနောက် အဆိုပါ ကော်ပိုရေးရှင်းသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ ၎င်းအပြင် အဆိုပါ ကော်ပိုရေးရှင်းသည် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့်ရှိစေရမည်ဖြစ်ပြီး လိုအပ်လျှင် ရုံးတံဆိပ်ထားရှိနိုင်သည်။

## စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ

**အသင်းအဖွဲ့များအတွက် ကန့်သတ်တားမြစ်ချက်များ**

၄၀။ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ -

(က) အသင်းအဖွဲ့ကို ယင်းအသင်းအဖွဲ့ကသော်လည်းကောင်း၊ ယင်းတို့၏အဖွဲ့ဝင်များကသော်လည်းကောင်း အကျိုးအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းခြင်းမပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်ဆိပ်ကမ်းအသီးသီးတွင် ပြည်ပ တင်ပို့မည့် ဆန်တင်သင်္ဘောများ ကုန်တင်ကုန်ချပြုလုပ်နေ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာ့ဆန်ဝယ်ယူထားသည့် နိုင်ငံများဆီသို့ ပင်လယ်ရေကြောင်းမှ ဆန်များ တင်ပို့နိုင်ရန် ရန်ကုန်ဆိပ်ကမ်းအသီးသီးတွင် နိုင်ငံခြား ဆန်တင်သင်္ဘောလေးစင်း ကုန်တင်ကုန်ချပြုလုပ်နေပြီး သတ်မှတ်အချိန်မီ ထွက်ခွာနိုင်ရေး ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါဆန်တင်သင်္ဘောများမှာ ပုဂ္ဂလိကချင်း ချိတ်ဆက်မှုဖြင့်သော်လည်းကောင်း၊ အစိုးရချင်းချိတ်ဆက်မှုဖြင့်သော်လည်းကောင်း ဆန်များလာရောက်တင်ဆောင်ရန်ဖြစ်ကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းအသီးသီး၌ နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်မှုများနေပြီး ထိုအထဲမှ ကုန်တင်ကုန်ချဆဲ ဆန်တင်သင်္ဘောများမှာ ဆူးလေဆိပ်ကမ်း(၁)တွင် ဆန်တန်ချိန် ၁၅၀၀၀၊ ဆူးလေဆိပ်ကမ်း(၂)တွင် ဆန်တန်ချိန် ၂၀၀၀၀၊ ဆူးလေဆိပ်ကမ်း(၅)တွင် ဆန်တန်ချိန် ၂၄၅၀၀၊ ဆူးလေဆိပ်ကမ်း(၇)တွင် ဆန်တန်ချိန် ၂၂၀၀၀ တို့ကို အသီးသီး ကုန်တင်ကုန်ချပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်က "ဆန်တင်သင်္ဘောကြီးလေးစင်းကcargo တင်ချိန် နည်းနည်းခက်နေတာကလွဲရင် ဆန်ဈေးခပ်အေးအေးနဲ့ လည်ပတ်နေတယ်"ဟုပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အစိုးရချင်းသဘောတူညီမှုဖြင့် ဝယ်ယူခဲ့သည့် ဆန်တန်ချိန်တစ်သိန်းအတွက် ဈေးနှုန်းသတ်မှတ်ချက်သည် ပြည်တွင်းဆန်ကုန်သည်များအတွက် အကျိုးအမြတ်နည်းကြောင်းလည်း ၎င်းက ဆက်ပြောသည်။

လက်ရှိတွင် သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဆန်အမှာများပြားခဲ့ခြင်းနှင့်အတူ မြန်မာ့ဆန်ကုန်သည်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အနေဖြင့် ယခုနှစ်ထဲတွင် ဆန်ဈေးကွက်သစ်နိုင်ငံများ ပိုမိုရရှိခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ကုန်ပစ္စည်းပြတ်လပ်သည်အထိ ကြုံတွေ့နေရကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် နှစ်ဆန်းမှ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် နှစ်သန်းကျော် တင်ပို့ထားကာ ယခုနှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ ယခင်နှစ်ထက် တိုးတက်လာရာ လက်ရှိဘဏ္ဍာနှစ်အတွင်း ပင်လယ် ရေကြောင်းကုန်သွယ်မှုမှ ၂၆ ရာခိုင်နှုန်း၊ နယ်စပ်ကုန်သွယ်ရေးမှ ၇၆ ရာခိုင်နှုန်း ပိုမို တင်ပို့ခဲ့နိုင်ကြောင်းသိရသည်။

ယခင်က မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲတင်ပို့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိရာ ယခုနှစ်တွင် နိုင်ငံပေါင်း ၂၂ နိုင်ငံ ဈေးကွက် ပိုမိုရရှိခဲ့ပြီး ယခုနှစ်ထဲတွင် ဆန်နှင့် ဆန်ကွဲ အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယံ၊ ဘင်္ဂလားဒေ့ရှ်နှင့် မက်ဒါဂတ်စကားနိုင်ငံတို့ဖြစ်ကြောင်း၊ တရုတ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သို့ တင်ပို့မှုတွင် ယခင်နှစ် ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့ရုံသာမက ယခုဘဏ္ဍာနှစ်အတွက်လည်း ဆန်နှင့် ဆန်ကွဲ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)

# နိုင်ငံခြားသို့ တင်ပို့ရောင်းချမည့် သီးနှံများကို GAP စနစ်ဖြင့် အကောင်အထည်ဖော်နေ

**မင်းဘူး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးသီးနှံများကို နိုင်ငံခြားဈေးကွက် တင်ပို့ရောင်းချရန်အတွက် GAP စနစ်များအတိုင်း လိုက်နာစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


GAP စနစ်များအတိုင်း လိုက်နာစိုက်ပျိုးထားသော စိုက်ခင်းတစ်ခင်း

GAP ဆိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agicultural Practice) ကို ခေါ်ဆိုခြင်းဖြစ်ပြီး စတင်စိုက်ပျိုးသည့် အချိန်မှစ၍ စားသုံးသူလက်ဝယ်ရောက်ရှိသည့် အချိန်အထိ အဆင့်တိုင်းတွင် အစားအစာ ဘေးကင်းလုံခြုံစေရန် လိုက်နာရမည့်အချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

"GAP စနစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်မှသာ ဈေးကွက်ရရှိမှာဖြစ်ပါတယ်၊ စိုက်ခင်းတစ်ခုက အရည်အသွေး ကောင်းချင်လို့ ဓာတ်မြေဩဇာ လျှော့သုံးမယ်၊ ပိုးသတ်ဆေး စနစ်တကျသုံးမယ်၊ ဓာတ်ကြွင်း အာနိသင်နည်းပါးအောင် စနစ်တကျသုံးစွဲမယ်၊ စိုက်ပျိုးရေးပညာရှင်ပြောသလို စနစ်တကျ ထုပ်ပိုးပေမယ့် စီးပွားရေးလုပ်ငန်းရှင်လက်ထဲ ရောက်တဲ့အခါ သီးနှံပိုးကျမှာစိုးလို့ ပိုးမကျအောင် အဆိပ်ငွေ့နဲ့ပိုးသတ်တာကို လုပ်လိုက်ရင် ဓာတ်ကြွင်းအာနိသင်တွေကျန်သွားပြီ၊ဈေးကွက်ထဲရောက်မှ မသန့်ရှင်းတဲ့လက်နဲ့ ကိုင်တွယ်ထုပ်ပိုး လိုက်ရင်လည်း GAP မဟုတ်တော့ပါဘူး၊ အဆင့်တိုင်းမှာ စိုက်ပျိုးသူတင်မဟုတ်ဘဲ ထုပ်ပိုးသူ၊ လက်လီ လက်ကားရောင်းချသူ၊ စားသုံးသူလက်ထဲရောက်တဲ့အထိ အဆင့်တိုင်းကို စနစ်တကျလုပ်သွားဖို့လိုပါတယ်"ဟု မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

GAP စနစ်မှာ သီးနှံစတင်စိုက်ပျိုးချိန်မှစ၍ မှတ်တမ်း စာအုပ်ထားရှိရန် လိုအပ်ပြီး သီးနှံများရိတ်သိမ်းခြင်း၊ထုပ်ပိုးခြင်းနှင့် ထုပ်ပိုးပြီးသည်အထိ အဆင့်ဆင့်တွင် မှတ်တမ်းများ ထားရှိရမည်ဖြစ်ကြောင်း၊ အဆင့်တိုင်းတွင် သတ်မှတ်ထားသော စံချိန်၊စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးစီးမှူးက ထပ်မံရှင်းလင်းပြောကြားသည်။

ယခုနှစ်တွင် မင်းဘူးမြို့နယ်၌ အရည်အသွေးကောင်းနှမ်းများကို GAP နည်းစနစ်ဖြင့် ထုတ်လုပ်ခဲ့ပြီး ဂျပန်နိုင်ငံသို့ နှမ်းတင်း ၄၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း၊ လာမည့်ကာလများတွင် ပဲတီစိမ်းသီးနှံ ဧက ၆၀၀ ခန့်ကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်၍ ဥရောပနိုင်ငံ ဈေးကွက်များအထိ တင်ပို့နိုင်ရန် NGO အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မတ်ပဲဈေးကျသော်လည်း ဖြူးမြို့နယ်တွင် ပုံမှန်စိုက်ပျိုးထား

**ဖြူး ဒီဇင်ဘာ ၁၀**

မတ်ပဲဈေးနှုန်းကျနေသော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ကျောက်ကြီးနှင့် ဖြူးမြို့နယ်တို့၌ ယခုနှစ်တွင် မတ်ပဲများကို ယခင်နှစ်များအတိုင်း ပုံမှန်စိုက်ပျိုးခဲ့ကြကာ ဖြူးမြို့နယ်တစ်ခုတည်းတွင် မတ်ပဲအပါအဝင် ပဲမျိုးစုံစိုက်ဧက တစ်သိန်းခန့်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဖြူးမြို့နယ်အတွင်း စိုက်ပျိုးခဲ့သည့် ဆောင်းသီးထပ် မတ်ပဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ၍ မကြာမီ ရိတ်သိမ်းတော့မည်ဖြစ်ရာ တောင်သူများအနေဖြင့် မတ်ပဲများ ရိတ်သိမ်းပြီးစီးချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြကြောင်း ဒေသခံ မတ်ပဲစိုက်တောင်သူများထံမှ သိရသည်။ **ဖြူး-မြင့်ဦး**

# လယ်မြေဧက ၈၀၀ ကျော်တွင် စပါးများရိတ်သိမ်းရန် လုပ်သားအင်အား မလုံလောက်ဖြစ်နေ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ တောင်သူကြီး ဦးဝင်းနုပိုင်ဆိုင်သည့် လုဆန်းရေတွင်းကွင်းအတွင်း၌ မိုးစပါးဧက ၈၀၀ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ရိတ်သိမ်းချိန်တွင် လုပ်သားအင်အားမလုံလောက်သည့်အတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဒီလယ်ယာမြေတွေကို ၂၀၀၉ ခုနှစ်ကစတင်ပြီး မြေလွတ်မြေရိုင်းမှ လယ်ယာမြေအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်၊ စတင်အကောင်အထည်ဖော်ချိန်မှာ မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီအဖြစ် ရည်မှန်းပြီး ဧက ၁၀၀ ကနေ စတင်ခဲ့တာပါ၊ နောက်ပိုင်းမှာ နယ်မြေမတည်ငြိမ်တာကြောင့် လုပ်ငန်းရပ်ဆိုင်းထားရပြီး ၂၀၁၆ ခုနှစ်မှာ လယ်ယာမြေပြန်လည်ဖော်ထုတ်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းတွေနဲ့ မိုးစပါးဧက ၈၀၀ စိုက်ပျိုးခဲ့တာ ဖြစ်ထွန်းအောင်မြင်ခဲ့ပါတယ်၊ ပြည်နယ် အစိုးရကလည်း ပံ့ပိုးကူညီမှုတွေပေးပါတယ်၊ စပါးရိတ်သိမ်းချိန်ရောက်တဲ့အခါမှာတော့ စက်ယန္တရားတွေနဲ့ မလုံလောက်တဲ့အပြင် လုပ်သားအင်အားလည်း မလုံလောက်တဲ့အတွက် အခက်အခဲများ ကြုံတွေ့နေရပါတယ်"ဟု တောင်သူ ဦးဝင်းနုက ပြောသည်။

လက်ရှိအချိန်တွင် လယ်ယာမြေအတွင်း ရိတ်သိမ်းရန်ကျန်ရှိသည့် လယ်ယာမြေများ၌ လုပ်ကိုင်လိုသူများကို ထက်ဝက်စား(စပါးထွက်ရှိမှုအပေါ် တစ်ဝက်ယူ) စနစ်ဖြင့် ရိတ်သိမ်းခွင့်များပေးလျက်ရှိရာ ဆင်းရဲနွမ်းပါးသည့် တောင်သူများအနေဖြင့် လုပ်ကိုင်လိုပါက ဖုန်းနံပါတ်(၀၉၂၅၇၂၇၀၀၈၄၊ ၀၉၄၉၅၈၂၅၃၃)သို့ ဆက်သွယ်ပြီး လယ်ယာမြေလုပ်ကိုင်ခွင့်များ ရယူနိုင်ကြောင်း၊ လာမည့်နှစ် စပါးစိုက်ရာသီတွင်လည်း အဆိုပါကွင်းအတွင်း၌ မရှိနွမ်းပါးသည့် တောင်သူတစ်ဦးလျှင် လယ်ယာမြေ ၁၀ ဧကနှုန်းစီကို ထွန်စက်ဖြင့် ထွန်ယက်ပေးပြီး မျိုးစပါး၊ စားစရိတ်၊ ရိတ်သိမ်းခပါမကျန် စိုက်ထုတ်ပေးသွားမည်ကြောင်း အဆိုပါကွင်းပိုင်ရှင် တောင်သူဦးဝင်းနုထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပဲတီစိမ်း(GAP) တိုက်ရိုက်စက်ဖြင့် အစေ့ချ ပြသခြင်းနှင့် နွေစပါး(SRI) မျိုးစေ့ချ လက်တွေ့ပြသ

**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာနေ တောင်သူ ဦးသန်းထွန်းအောင်၏ ကွင်းအမှတ် ၁၁၃၁ (ခ)၊ ဦးပိုင် ၂၅/၂၊ လယ်မြေ ၁၆ ဒသမ ၀၀ တွင် ပဲတီစိမ်း၊ ရေဆင်း ၁၄ တိုက်ရိုက်စက်ဖြင့် အစေ့ချပြပွဲနှင့် တောင်သူဦးကုလား၏ ကွင်းအမှတ် ၁၁၃၁(က)၊ ဦးပိုင် ၂၅/၁၊ လယ်မြေ ၅ ဒသမ ၀၀ တွင် နွေစပါး (SRI) မျိုးစေ့ချပြသပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည်။



အခမ်းအနားသို့ ကဝမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသော တောင်သူများ ၈၂ ဦး တက်ရောက်သည်။

ပဲတီစိမ်း (GAP) စိုက်ပျိုးနည်းစနစ်နှင့် နွေစပါး (SRI) ပျိုးထောင်စိုက်ပျိုးမှုစနစ်အား လက်တွေ့ပြသမှုနှင့်ပတ်သက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလေးမြင့်က ရှင်းလင်းပြီး တောင်သူများ၏ မေးမြန်းမှုကို ဖြေကြားသည်။

ကဝမြို့နယ်အတွင်း ပဲတီစိမ်း ၁၄၉၃၉၈ ဧက စိုက်ပျိုးရန် လျာထားပြီး၊ (GAP) စနစ်ဖြင့် ၁၂၂၄၈ ဧကနှင့် နွေစပါး ၄၉၁၈ ဧက စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ပြည်တွင်းထွက် ငရုတ်သီးများတွင် မှိုပါဝင်၍ အိန္ဒိယ ငရုတ်သီးများ ရောင်းအားကောင်း

**မန္တလေး ဒီဇင်ဘာ ၁၀**

ပြည်တွင်းကထွက်သည့် ငရုတ်သီးများ ကင်ဆာရောဂါဖြစ်ပွားစေသော အယ်ဖာတောင်ဆန်ဟုခေါ်သည့် မှိုအဆိပ်များ ၆၀ ရာခိုင်နှုန်းကျော်ထိ ပါဝင်နေ၍ စားသုံးသူကာကွယ်ရေးဌာနက စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့်အတွက် ပြည်တွင်းက ငရုတ်များထက် အိန္ဒိယနိုင်ငံက ဝင်လာသည့် ငရုတ်များက ဈေးကွက်ထဲတွင် ပိုမိုအရောင်းသွက်နေသည်။

ငရုတ်များက ယာခင်းထဲမှ ခူးဆွတ်ချိန်ကနေ သယ်ယူအခြောက်လှန်းသည်အထိ ရိတ်သိမ်းလွန်အဆင့်တွင် အထားအသိုကြောင့် မှိုစွဲကပ်နိုင်၍ ၄၈ နာရီအတွင်း အခြောက်မခံရပါက မှိုစွဲကပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် ၄၈ နာရီအတွင်း အခြောက်ခံသည့်စနစ် အသုံးပြုပြီး အရည်အသွေးမီ ငရုတ်သီးနှံများ ထုတ်လုပ်ရန်လိုအပ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောသည်။

ငရုတ်တွင် မှိုအဆိပ်ပါဝင်မှုကို လျှော့ချစေနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစက်များကို တောင်သူအချို့က စမ်းသပ်လုပ်ဆောင်ခဲ့သော်လည်း ဈေးကွက်အခြေအနေနှင့် မကိုက်၍ အဆိုပါနည်းပညာကို အသုံးမပြုနိုင်သေးကြောင်း၊ အိန္ဒိယနိုင်ငံမှ ဝင်လာသည့် ငရုတ်သီးများတွင်လည်း အယ်ဖာတောင်ဆန်မှိုအဆိပ်များ မပါဝင်အောင် ဆေးတစ်မျိုးဖြင့် စိမ်ထားသည့်အတွက် ဓာတုဓာတ်ကြွင်းများ ကျန်ရှိနေနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

လက်ရှိတွင် အဆိုပါဓာတုဓာတ်ကြွင်းကို ကန့်သတ်ထားခြင်းမရှိသေးကြောင်း သိရသည်။ ဈေးကွက်ထဲတွင် မြန်မာငရုတ် တစ်ပိဿာကို ငွေကျပ် ၃၂၀၀ ဖြစ်ပြီး အိန္ဒိယငရုတ် တစ်ပိဿာကို ငွေကျပ် ၃၇၀၀ ဖြစ်သော်လည်း အိန္ဒိယငရုတ်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ထက်အောင်** (AMIA)

# မနောသုခ စပါးကောင်းကိုယ်စားပြု မိုးစပါးစံကွက်ရိတ်သိမ်း

**ပုသိမ် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆/B) တွန်ပလွန်ကွင်း ဦးပိုင်အမှတ် (၁၃/၁၀) တောင်သူ ဒေါစဲဝါး၏ မနောသုခ စပါးကောင်းကိုယ်စားပြု စပါးစိုက်ခင်း ဧရိယာ ၇ ဒသမ ၃၁ ဧကအတွင်း မိုးစပါးစံကွက် ရိတ်သိမ်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်အောင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန(ရုံးချုပ်) စာရင်းအင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ဒုတိယတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်အောင်ဝင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများ စုံညီစွာတက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခဲ့ရာ မနောသုခ စပါးကောင်းကိုယ်စားပြု စံကွက်တစ်ဧက အထွက်တင်း ၈၅ ဒသမ ၃၁ နှုန်း ထွက်ရှိကြောင်း သိရသည်။ **ပုသိမ် - လှကြည်**

# ရိတ်သိမ်းစက်များဖြင့် စပါးရိတ်သိမ်းခြင်းကြောင့် လယ်ယာလုပ်သားရှားပါးမှု အဆင်ပြေ

**တွံတေး ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ကျေးရွာများတွင် စပါးရိတ်သိမ်းချိန်၌ တောင်သူများကြုံတွေ့နေရသော အခက်အခဲဖြစ်သည့် လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက် MAPCO နှင့် လုပ်ငန်းရှင်များက စပါးရိတ်သိမ်းစက်များ ငှားရမ်းရိတ်သိမ်းပေးလျက်ရှိရာ တွံတေးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ရင့်မှည့်နေသော စပါးများကိုအချိန်မီ ရိတ်သိမ်းနိုင်ကြပြီဖြစ်ကြောင်း သိရသည်။



တွံတေးမြို့နယ်မှ စပါးစိုက်ခင်းများကို မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) မှ ရိတ်သိမ်းစက်များ၊ လုပ်ငန်းရှင်များ၏ စက်များဖြင့် အမြန်ရိတ်သိမ်းပြီး နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကာ ရိတ်သိမ်းပြီးလယ်ယာမြေများကို ထွန်စက်အငှားလိုက်ခြင်းကိုလည်း ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းရာတွင် တစ်ဧကလျှင် စက်ငှားရမ်းရိတ်သိမ်းခ ကျပ်လေးသောင်းဖြင့် ဆောင်ရွက်ပေးပြီး ထွန်ယက်ခြင်းကို တစ်ဧက တစ်လွှာလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် ထွန်ယက်ပေးကာ တောင်သူမောင်းချင်သလောက် အလွှာလိုက် ထွန်စက်မောင်းပေးကြောင်း MAPCO မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုရက်ပိုင်းတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့တွင် စပါးခင်းများ အနံ့ကျိုးကျခြင်း၊ လဲကျခြင်း၊ ရေစိုခြင်းများ ရှိနေသည့်အတွက် စက်ဖြင့်ရိတ်သိမ်းရာတွင် တောင်သူများ လေလွင့်ဆုံးရှုံးမှုမရှိအောင် အချိန်ယူပြီး ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ကြောင့် အချို့စိုက်ခင်းများတွင် စက်ဖြင့် ရိတ်သိမ်းသော်လည်း အလွယ်တကူ မရိတ်သိမ်းနိုင်ဘဲ အချိန်အနည်းငယ် ပိုမိုကြန့်ကြာမှုရှိကြောင်း MAPCOမှ ရိတ်သိမ်းစက်မောင်းနှင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် လယ်ယာလုပ်သားရှားပါးလာမှုကြောင့် တောင်သူအများစုမှာ စက်များကိုသာ အဓိကအားထားပြီး အသုံးပြုလာကြရသဖြင့် ရိတ်သိမ်းစက်၊ ထွန်စက်များ ငှားရမ်းပေးခြင်းမှာ စက်ငှားရမ်းပေးသည့် လုပ်ငန်းရှင်များရော၊ တောင်သူများကိုပါ အကျိုးစီးပွား ဖြစ်ထွန်း စေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**

# စိုက်ပျိုးရေးဗဟုသုတနှင့် အတွေ့အကြုံများကို သိရှိစေရန် စာတမ်းဖတ်ပွဲများပြုလုပ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လူငယ်စိုက်ပျိုးရေး ပညာရှင်လောင်းများအနေဖြင့် စိုက်ပျိုးရေးနှင့် ပက်သက်ဆက်နွယ်သော ပြင်ပဗဟုသုတကောင်းများနှင့် နိုင်ငံရပ်ခြား စိုက်ပျိုးရေးတက္ကသိုလ်များမှ ပညာရပ်ဆိုင်ရာ အတွေ့အကြုံ ကောင်းများကို သိရှိစေရန်ရည်ရွယ်ပြီး အပတ်စဉ် တနင်္လာနေ့တိုင်း စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

ဒီဇင်ဘာ ပထမပတ်က YPARD-Myanmar for Young Agronomists and Professionals ခေါင်းစဉ်ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆွစ်ဇာလန်နိုင်ငံတွင် ပါရဂူဘွဲ့ရရှိခဲ့ပြီးဖြစ်သော စိုက်ပျိုးရေးပညာရှင် ဒေါက်တာအောင်ထွန်းဦးက လူငယ်ပညာရှင်များအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာ အတွေ့အကြုံများ မျှဝေပေးနိုင်ရန်အတွက် ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် လူငယ်ပညာရှင်များအနေဖြင့် သိရှိသင့်သော စိုက်ပျိုးရေးနှင့်ပက်သက်သည့် သတင်းအချက်အလက်များ၊ ဆွစ်ဇာလန်နိုင်ငံရှိ တက္ကသိုလ်များတွင် ကျောင်းတက်လိုသော ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ဆုလျှောက်ထားရာတွင် လိုအပ်သော အကြောင်းအရာများ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များအကြောင်းကို ဒေါက်တာ အောင်ထွန်းဦးက ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးအကြံပေးခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ဆွာချောင်းတစ်လျှောက် ကြက်သွန်နီစိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်နိုင်

**ရေတာရှည် ဒီဇင်ဘာ ၁၀**

နေ့စဉ်စားသုံးလျက်ရှိသော ဟင်းအမယ်များ၌ မပါမဖြစ်အရေးပါသော သီးနှံဖြစ်သည့် ကြက်သွန်နီသည် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဒေသအလိုက် တစ်ပိုင်တစ်နိုင် တိုးချဲ့စိုက်ပျိုးနိုင်ပါက ဈေးနှုန်းကျဆင်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်မှုများရှိသည်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေနည်းချိန် သဲသောင်ပြင်များတွင် ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ဆွာချောင်းဆည်အောက်ဘက်ရှိ ဥယျာဉ်မှူး၊ သိုင်းဝ၊ ကြို့ပင်သာ၊ အမတ်ကြီးခုံ၊ စီပင်အေး၊ ကြို့ပင်ထိုက်၊ ဆွာမင်းလမ်း၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး အစရှိသော ကျေးရွာများရှိ ဒေသခံများအနေဖြင့် သဲသောင်များတွင် ကြက်သွန်များ စိုက်ပျိုးလျက်ရှိသည်။ ယခုစတင်စိုက်ပျိုးသည့် ကြက်သွန်နီစိုက်ခင်းများအနေဖြင့် တန်ခူးလ၌ ဥဖော်နိုင်မည်ဖြစ်ပြီး မိသားစုစားသုံးရန် အလုံအလောက် သိမ်းဆည်းထားနိုင်မည့်အပြင် ပြန်လည် ရောင်းချခြင်းဖြင့် အပိုဝင်ငွေများစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တောင်သူများ၏ ပြဿနာအခက်အခဲများ ဖြေရှင်းရန် အစိမ်းရောင်လမ်းအဖွဲ့နှင့် တောင်သူများ တွေ့ဆုံဆွေးနွေး

**ဆီဆိုင် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းမှ တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ နည်းပညာများ အလွယ်တကူရရှိနိုင်စေရေး ဆောင်ရွက်ပေးရန်နှင့် တောင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန်၊ သွားရေးလာရေးခက်ခဲသည့် နေရာဒေသများမှ တောင်သူများအနေဖြင့် အခက်အခဲ ပြဿနာများကို မိမိကိုယ်တိုင် ဖြေရှင်းနိုင်အောင် ဆောင်ရွက်ပေးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အစိမ်းရောင်လမ်း(Green Way) စိုက်ပျိုးရေးအခမဲ့ဖုန်းဆော့ဖ်ဝဲတို့ ပူးပေါင်း၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြတ်လေးဝင်းက အမှာစကားပြောကြားပြီး အစိမ်းရောင်လမ်းမှ Project မန်နေဂျာ ဒေါ်ယုဇနခိုင်က စိုက်ပျိုးရေးအခမဲ့ဖုန်းဆော့ဖ်ဝဲ (Application)တွင် ပါဝင်သည့် ဆောင်းပါးများ၊ စိုက်ပျိုးရေးနည်းပညာများ၊ မြေဆီလွှာ၊ ပိုးမွှားရောဂါ၊ တန်ဖိုးမြှင့်ထုတ်ကုန် စသည့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများနှင့် အထွေထွေ ဗဟုသုတများ၊ နေ့စဉ်သီးနှံဈေးနှုန်းများ၊ အမေးအဖြေကဏ္ဍ၊ မိုးလေဝသခန့်မှန်းချက်၊ သတင်းအခွင့်အလမ်း၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ စာအုပ်စင်၊ တီဗွီ ၊ ရေဒီယို အစီအစဉ်များအကြောင်း စသည်တို့ကို ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# နှစ် ၅၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းအမွေအနှစ် တောင်ငူကန်တော်ကြီး

**ဆောင်းပါး-တောင်ငူဒေးဒေးဖိုး၊** ဓာတ်ပုံ-သူရ(တောင်ငူ)

မဟာသီရိဇေယျသူရဘွဲ့ခံ တောင်ငူဘုရင် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူမင်းအဖြစ်သို့ ရောက်သည်။ ထို့နောက် ပုပ်ပဲချောင်းအနီးတွင် မြဝတီအမည်ဖြင့် နန်းမြို့တည်ကာ ယာယီနန်းဖြင့် စံမြန်းတော်မူသည်။ သက္ကရာဇ် ၈၅၃ ခုနှစ်တွင် ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ် ဆုံရာအနီးတွင် ဒွါရာဝတီမြို့တော်ကို တည်ဆောက်ကာ ထီးနန်းစိုက်ထူ၍ အာဏာစက်ဖြန့်မိုးတော်မူသည်။ ဒွါရာဝတီမြို့တော် ရွှေနန်းတွင် ဘုရင်မင်းကြီးညိုသည် သက္ကရာဇ် ၈၇၂ ခုနှစ်အထိ နှစ်ပေါင်း ၂၀ မျှ စံမြန်းခဲ့ကာ ထိုနှစ်များအတွင်း မင်းကြီးညို၏ ဘုန်းတန်ခိုးမှာ အံ့မခန်းကြီးမားလာခဲ့သည်။ လက်နက်နိုင်ငံ ကျယ်ပြန့်လာသည်နှင့်အမျှ မြို့တော်သို့ မှီတင်းခိုဝင်လာသူများ၊ ဆင်မြင်းလက်နက်များ၊ များပြားလာသောကြောင့် မြို့တော်မှာ ကျဉ်းမြောင်းလာသည်။ ဤသည်ပင်လျှင် ကေတုမတီ တောင်ငူမြို့တော်သစ် တည်ဆောက်ရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

ဘုရင်မင်းကြီးညိုသည် ကေတုမတီမြို့တော်သစ် တည်ရေးအတွက် ရဟန်းပညာရှိ၊ လူပညာရှိတို့နှင့် တိုင်ပင်ဆွေးနွေးတော်မူသည်။ မင်းဆရာတော်ကြီးများဖြစ်သော သီဟိုဠ်ဆရာတော်၊ လောကုတ္တရာဆရာတော်၊ တောင်ညိုဦးပဍ္ဍင်း၊ ကျက်ဖတိုင်-မွန်ဆရာတော်တို့ထံမှ အကြံဉာဏ်ချီးမြှင့်တော်မူခြင်းကိုလည်း ခံယူခဲ့လေသည်။

ထို့နောက် မြို့တော်သစ်တည်ရန်နေရာကို လက်ရှိ ဒွါရာဝတီမြို့တော်နှင့် မနီးမဝေးနေရာ၌ ရှာကြံစေသောအခါ ဒွါရာဝတီမြို့အထက် ပေါင်းလောင်းမြစ်(စစ်တောင်းမြစ်)၏ အနောက်ဘက်တွင် ဘူမိနက်သန် အောင်မြေမှန်အဖြစ် ပြန့်ပြူးကျယ်ဝန်းသည့် မြေနေရာတစ်ခုကို တွေ့ရသည်။ ယင်းနေရာတွင် ကေတုမတီ တောင်ငူမြို့တော်သစ်တည်ပြီး ကန်တော်ကြီး(ခေါ်) လေးကျွန်းကန်တော်(ခေါ်)ကြာအင်းကြီးကို မြို့တော်တွင်းသို့သွင်း၍တည်ရန် ဆုံးဖြတ်တော်မူသည်။

လေးကျွန်းကန်တော်ဟု ခေါ်ဆိုရခြင်းမှာ ငှက်ပျောကျွန်း၊ အုန်းကျွန်း၊ လိမ္မော်ကျွန်း၊ စံပယ်ကျွန်းဟူသော ကျွန်းကြီးလေးကျွန်း ပါဝင်သောကြောင့်ဖြစ်သည်။ ယင်းကြာအင်းကြီးတွင် ကြာမျိုးငါးပါးအစုံကိုလည်း စိုက်ပျိုးစေသည်။ ကြာအင်းကြီးပတ်လည်တွင် ပိန္နဲ၊ သရက်စသော သီးမျိုးဥယျာဉ်၊ စံပယ်၊ ကြက်ရှန်း စသော ပန်းမျိုးဥယျာဉ်တို့ကို စိုက်ပျိုးခဲ့သည်။ တောင်ငူဘုရင် မင်းကြီးညိုသည် အလွန် အမြော်အမြင်ကြီးစွာဖြင့် ဤကန်တော်ကြီးကို မြို့တွင်း၌ ထည့်သွင်း တည်ဆောက်ခဲ့ကြောင်း ရည်ရွယ်ချက်ကို နောက်ပိုင်းတွင်မှ ပိုမိုသိရှိလာခဲ့သည်။ ကေတုမတီတောင်ငူမြို့ကြီးကို ရန်သူများ အကြိမ်ကြိမ် ဝန်းရံပိတ်ဆို့တိုက်ခိုက်သော်လည်း မြို့တွင်း၌ ကန်တော်ကြီးကို ထည့်သွင်းတည်ဆောက်ထားသောကြောင့် မြို့တွင်းမှ ခုခံသူများသည် လူအတွက်သာမက ဆင်၊ မြင်း၊ ကျွဲ၊ နွားများအတွက် သောက်ရေနှင့် စိုက်ပျိုးရေးအတွက်ပါ ရေလုံလောက်အောင် ရရှိပြီး ကြံ့ကြံ့ခံ ခုခံနိုင်ခဲ့သည်။ ရေပိုလွှဲပေါက်ကိုပါ ကန်၏ အနောက်မြောက်ထောင့်တွင် ထားရှိခဲ့ပါသည်။

အဆိုပါ ကြာအင်းကြီးဟု ခေါ်ဆိုခဲ့သော ကန်ကြီးသည် ယခုနောက်ပိုင်းတွင် ကန်တော်ကြီး၊ မင်္ဂလာကန်တော်ကြီး၊ လေးကျွန်းကန်တော်ကြီး စသည့်အမည်တို့ဖြင့် ထင်ရှားလျက်ရှိသည်။ ကန်တော်ကြီးသည် စတုရန်းပုံရှိပြီး ရှေးဘုရင်များ ရေကစားရာ၊ လှေပွဲသဘင်များကျင်းပရာ နေရာလည်းဖြစ်ခဲ့သည်။



ကေတုမတီတောင်ငူမြို့၏ သမိုင်းဝင် ကန်တော်ကြီးသည် ဘုရင်မင်းကြီးညိုလက်ထက် ခရစ်နှစ် ၁၅၁၀မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၅၀၇ နှစ်ခန့် ရှိပြီဖြစ်သည်။ အဆိုပါ ကန်တော်ကြီး အမြဲသန့်ရှင်းသာယာလှပနေစေရေးအတွက် တောင်ငူမြို့သားဖြစ်သော CB ဘဏ်ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့နှင့် ညှိနှိုင်း၍ နှစ်ရှည်ငှားရမ်းစာချုပ် ချုပ်ဆိုခဲ့ပြီး ကန်တော်ကြီးအတွင်း အမှိုက်သရိုက်များ မကျရှိစေရေး၊ ကျွဲနွားများကြောင့် ကန်သန့်ရှင်းမှုကို မထိခိုက်စေရေးနှင့် ရေပြင်ကြီး ပကတိကြည်လင်သန့်ရှင်းကာ ဗေဒါပင်များ၊ ရေမြက်ရိုင်းများ မရှိရေးတို့အတွက် ကျပ်သိန်းချီ အကုန်ခံ၍ သံဆန်ခါ ကွန်ကရစ်တိုင်ဖြင့် ခြံစည်းရိုးကြီး ကာရံပေးခဲ့သည်။

ထို့အပြင် တောင်ငူမြို့သူမြို့သားများ အနားယူအပန်းဖြေရန်နှင့် ကျန်းမာရေးအတွက် နံနက်ခင်း အားကစားလေ့ကျင့်လမ်းလျှောက်ရန်အတွက် ကန်ပတ်လည်တွင် ကွန်ကရစ်လမ်းများ ခင်းပေးခြင်း၊ ကန်အတွင်း အပျော်စီးလှေငယ်များဖြင့် စီးနင်းအပန်းဖြေနိုင်ရန် ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်ပေးခဲ့သလို သဘာဝသစ်ပင်ကြီးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော် တောင်ငူဘုရင်မင်းကြီးညို လက်ထက်မှစ၍ ဉာဏ်ပညာအမြော်အမြင်ကြီးစွာဖြင့် တည်ဆောက်ပေးခဲ့သော သမိုင်း အမွေအနှစ်ဖြစ်သည့် တောင်ငူ ကန်တော်ကြီး ရေရှည်တည်တံ့ သန့်ရှင်းသာယာလှပရေးအတွက် တောင်ငူမြို့သူမြို့သားများနှင့် နောင်လာနောက်သား မျိုးဆက်သစ်များက အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


HONDA | NCX
HONDA
WAVE 100
295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
100% GENUINE
GENUINE
100% GENUINE
GL-AMMK
First, Fast & Forward
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။ (HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။


Nestlé
BEAR BRAND
Enriched
Malted Milk
ကြံ့ခိုင်ထက်မြက်
သာလွန်ခြင်းအတွက်
သံဓာတ်
NEW!
Nestlé
BEAR BRAND
Enriched
Malted Milk
Open Here
Net Weight: 20g
NutriStrong
Strong
Body & Brain
✓High Calcium
✓High Iron
NESTLÉ BEAR BRAND Enriched Malted Milk တွင်
သံဓာတ်ပိုမိုပါဝင်ခြင်း၊ ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း၊ ခန္ဓာကိုယ်အတွက်
လိုအပ်သော အခြားဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ခြင်းကြောင့်
ကြံ့ခိုင်ထက်မြက်သော မိသားစုများ ဖြစ်လာနိုင်ပါသည်။
အထုပ်သေး တစ်ထုပ်တွင် တစ်နေ့တာလိုအပ်သော သံဓာတ်ပမာဏ၏ သုံးပုံတစ်ပုံ ပါဝင်ပါသည်။


in Myanmar 2017
vietnamexpo
ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၁၇
မြန်မာနိုင်ငံတွင်ကျင်းပသော ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးပြပွဲ
၁၄-၁၇/၁၂/၂၀၁၇
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်
နံနက် (၉း၀၀) နာရီ မှ ညနေ (၅း၀၀) နာရီ
Made with Pride
VIETRADE


SAMSUNG
Samsung ချစ်သူများ အတွက်
X'Mas ပရိုမိုးရှင်း လက်ဆောင်
ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ အထိ
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Premium Backpack
Travel Mug
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်
Premium Backpack
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
Power Bank 10,400 mAh
Ring Stent
Call Center
01 2399 888
(Mon-Sun)
7AM to 11PM


၁မိနစ် ၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရှန်းရှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ်ဆိုလိုက်ပါ
ooredoo

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့
## ကြေညာချက်

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၅၀၀/-တန် အောင်ဘာလေသိန်းထီလက်မှတ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၂၀၁၈ဘဏ္ဍာရေးနှစ်၊၂၀၁၈ ခုနှစ်၊ ဧပြီလတွင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ်ဝယ်ယူရောင်းချလိုသူများ အနေဖြင့် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှအပကျန်ပြည်နယ်/တိုင်းဒေသကြီးများမှအောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့ နယ်ရှိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်းမူရင်း/မိတ္တူများ တင်ပြရမည်ဖြစ်ပါသည်။

(ဂ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၅.၁.၂၀၁၈)ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းသွားရန် ဖြစ်ပါသည်။

(ဃ) လစဉ်ဝယ်ယူခွင့်ရရှိသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၀)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ (Deposit) ကျပ် (၁၀၀) နှုန်းဖြင့် (၃)လစာ ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(င) ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းချမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း ပဋိညာဉ်စာချုပ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

(စ) အကြောင်းအမျိုးမျိုးကြောင့် ထီစာအုပ်များဆက်လက်ဝယ်ယူ ရောင်းချလိုခြင်း မရှိပါက အချိန်မီတင်ပြရမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေ (Deposit) များ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဆ) ထီစာအုပ်ဝယ်ယူရောင်းချသူများအနေဖြင့် ပဋိညာဉ်စာချုပ်ပါ သဘောတူညီချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး လေးစားလိုက်နာမှုမရှိပါက ပေးသွင်းထားသော အာမခံငွေ(Deposit)ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည် ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့်ထီစာအုပ်အရေအတွက်အားအတည်ပြုချက်ရရှိပါကသဘော တူညီချက်ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊အာမခံငွေပေးသွင်းခြင်း လုပ်ငန်းများကို ၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ နောက်ဆုံးထား၍အပြီး ဆောင်ရွက်ရပါမည်။

## ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိ ရပ်ကွက်၊ အထက (၅)မှ မကေဇာဦး ကျောင်းဝင်အမှတ်-၆၂၁၈ ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းဇော်ဦး ၈/ရစက(နိုင်)၁၃၂၇၇၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 4K/6060 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၆)၊ အကြီးစားစက်ရုံ(ဆင်တဲ)အတွက်
## Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၆) အကြီးစားစက်ရုံ(ဆင်တဲ) (လယ်ယာသုံးစက်နှင့်စက်ကိရိယာပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရန်) စက်ရုံနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အောက်ဖော်ပြပါအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| **အဆိုပြုလွှာထုတ်ပေးမည့်ရက်** | - | ၁၅-၁၂-၂၀၁၇ ရက် |
| **အဆိုပြုလွှာနောက်ဆုံးပေးပို့ရမည့်ရက်** | - | ၁၅-၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ |
| **အဆိုပြုလွှာထုတ်ပေး/ပေးပို့ရမည့်ဌာန** | - | စီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော် |
| **ဆက်သွယ်ရန်ဖုန်း** | - | ၀၆၇-၄၀၅၁၅၉၊ ၀၆၇-၄၀၅၃၂၂ |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၁-၁၂-၂၀၁၇ ရက် |
| ၃။ **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၁၂-၂၀၁၇ ရက် |
| ၄။ **တင်ဒါပိတ်မည့်အချိန်** | - | ၁၄း၀၀ နာရီ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ဟသ်ာတတက္ကသိုလ်
## (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဟသ်ာတ တက္ကသိုလ်မှ ၂၀၁၇ခုနှစ်အတွင်း အောက်ဖော်ပြပါ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဟသ်ာတတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**(က) (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၇-၁-၂၀၁၈ ရက်(စနေနေ့)(ပထမနေ့)**

**ပထမပိုင်းအစီအစဉ် နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | | (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ) |
| မဟာဘွဲ့ | (၂၀၁၀-အောင်) | (သင်္ချာ၊ ဘူမိဗေဒ) |
| ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့ | (၂၀၁၃-အောင်) | (မြန်မာစာ၊ ရူပဗေဒ) |

**ဒုတိယပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာဘွဲ့ | (၂၀၁၀-အောင်) | (သမိုင်း၊ ရုက္ခဗေဒ) |
| ဂုဏ်ထူးတန်းဘွဲ့ | (၂၀၁၂-အောင်) | (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ) |
| ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့ | (၂၀၁၃-အောင်) | (အင်္ဂလိပ်စာ၊ သတ္တဗေဒ) |

**(ခ) (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)(ဒုတိယနေ့)**

**တတိယပိုင်းအစီအစဉ် နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာဘွဲ့ | (၂၀၁၀-အောင်) | (ရူပဗေဒ) |
| ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့ | (၂၀၁၃-အောင်) | (သမိုင်း၊ သင်္ချာ) |

**စတုတ္ထပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာဘွဲ့ | (၂၀၁၀-အောင်) | (ပထဝီဝင်၊ သတ္တဗေဒ) |
| သိပ္ပံရိုးရိုးဘွဲ့ | (၂၀၁၃-အောင်) | (ဓာတုဗေဒ) |

**(ဂ) (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၁၈ရက်(တနင်္လာနေ့)(တတိယနေ့)**

**ပဉ္စမပိုင်းအစီအစဉ် နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာဘွဲ့ | (၂၀၁၀-အောင်) | (အင်္ဂလိပ်စာ၊ ဓာတုဗေဒ) |
| ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့ | (၂၀၁၃-အောင်) | (ပထဝီဝင်၊ ရုက္ခဗေဒ၊ ဘူမိဗေဒ) |

**အစမ်းလေ့ကျင့်ခြင်း**

| | |
|---|---|
| ၂၄-၁-၂၀၁၈ရက် | (ပထမနေ့ ပထမပိုင်းနှင့်ဒုတိယပိုင်းအစီအစဉ်)ကို နံနက် ၉း၀၀ နာရီ |
| ၂၄-၁-၂၀၁၈ ရက် | (ဒုတိယနေ့တတိယပိုင်းနှင့်စတုတ္ထပိုင်းအစီအစဉ်)ကို မွန်းလွဲ ၂း၀၀ နာရီ |
| ၂၅-၁-၂၀၁၈ ရက် | (တတိယနေ့ ပဉ္စမပိုင်းအစီအစဉ်)ကို နံနက် ၉း၀၀ နာရီ |

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါအစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၂၂-၁-၂၀၁၈ရက် နံနက် ၉း၀၀ နာရီမှစတင်၍ ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၄။ ဘွဲ့ရကျောင်းသား ကျောင်းသူများသည် ဟသ်ာတတက္ကသိုလ်၏(၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန်(သို့)အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၅။ လျှောက်ထားသူများသည် ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော(၂"×၁$\frac{၁}{၂}$") လက်မအရွယ်ဓာတ်ပုံ(၂)ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ယူဆောင်လာရန်နှင့် မိတ္တူပါ ယူဆောင်လာရန်)

၆။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ဟသ်ာတတက္ကသိုလ်ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၇။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးကို 'ပါမောက္ခချုပ် ဟသ်ာတ တက္ကသိုလ်'သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order ) ဖြင့် ပေးပို့နိုင်ပါသည်။ ပေးပို့လွှာ၏ အောက်ခြေတွင် 'ဘွဲ့နှင်းသဘင်ကြေး' ဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-ကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/-ကျပ်တိတိပေးသွင်းရမည်။

၉။ ဘွဲ့တက်ရောက်မည်ဟုလျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို **အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၀။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့ယူရန်လျှောက်ထားခြင်းမရှိခဲ့သူများသည် ယခု (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၄၄-၂၁၁၃၆၊ ၀၄၄-၂၁၅၄၄၊ ၂၁၅၄၉ လိုင်းခွဲ-၂၁၄၊ ၂၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(စောစတီးဖင်း)**
**မော်ကွန်းထိန်း**
**ဟသ်ာတတက္ကသိုလ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်မဇိုင် ၁၁/သတန(နိုင်)၀၅၂၁၇၆ ၏ သားဖြစ်သူ မောင်ချိုတူး ၁၁/သတန(နိုင်)၀၅၃၃၄၀ သည် မိခင်နှင့်ညီအစ်ကိုမောင်နှမတို့အား အကြိမ်ကြိမ်အခါခါစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဒေါ်မဇိုင် ၁၁/သတန(နိုင်)၀၅၂၁၇၆**

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသည့် အရက်၊ ဘီယာ၊ ဝိုင်အမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း

# အသိပေးကြေညာခြင်း

* အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။
* သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော အရက်၊ ဘီယာ၊ ဝိုင်အမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါအထူးကုန်စည်များကို အထူးကုန်စည်ခွန် ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-
  - လက်ဝယ်ထားရှိရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည် တန်ဖိုး၏ ၁၀၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
  - ဖမ်းဆီးရမိသောအထူးကုန်စည်များသည် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည် ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည် တန်ဖိုး၏ ၅၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် အရက်၊ ဘီယာ၊ ဝိုင်အမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ်သိမ်းဆည်းရန် ဈေးကွက်အတွင်း ရောင်တခင်ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
* သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် အရက်၊ ဘီယာ၊ ဝိုင်အမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်းမပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၄)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)တွင် တပ်ဆင်အသုံးပြုရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း 250 KVA Transformer (၁)လုံး ဝယ်ယူလိုပါသည်။ (၄င်းအပြင် အဆိုပါ Transformer မှ နှစ်ထပ်ရုံးအဆောက်အအုံသို့ မြေအောက်လိုင်းကြိုး သွယ်တန်းခြင်းလုပ်ငန်းအပါအဝင်) အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၇ရက် ၁၀း၀၀နာရီ
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၅-၁-၂၀၁၈ရက် မွန်းလွဲ ၂း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၉-၁-၂၀၁၈ရက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါဝယ်ယူတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၄)၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါပုံစံများအား ပင်စင်ဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၁၀၄၄၇တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ ထုတ်လုပ်ပြီးယူရီးယားဓာတ်မြေသြဇာများနှင့် (၁)လအတွင်း ထပ်မံထွက်ရှိမည့် ယူရီးယားဓာတ်မြေသြဇာ စုစုပေါင်း ၅၀၀၀တန်(တန်ငါးထောင်) ခန့်အား တစ်လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၇ရက်မှ၅-၁-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၅-၁-၂၀၁၈ရက်(သောကြာနေ့) ၁၂း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၅-၁-၂၀၁၈ရက်၊ ၁၃း၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

---

### အမည်ပြောင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ အကျဉ်းဦးစီးဌာနနေ (ဘ) ဦးမောင်အေးသာ၏သမီး မမျိုးသန်းကြွယ် ၁၁/စတန(နိုင်)၀၈၅၂၈၃ အား မကြည်ကြည်ဆန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

---

### အမည်ပြောင်း

မုဒုံမြို့နယ်၊ အထက (ကလော့သော့) ပဉ္စမတန်းမှ ဦးချစ်လွန်း၏သမီး မကေသီထောအား မငြိမ်းချမ်းခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မငြိမ်းချမ်းခင်**

---

### မအူပင်တက္ကသိုလ်
### (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ မအူပင်တက္ကသိုလ် (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ဘွဲ့နှင်းသဘင်နေ့ -၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့)**

(က) နံနက်ပိုင်း (နံနက် ၉နာရီ)
- ဂုဏ်ထူးတန်းဘွဲ့ (အထူးပြုအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့(မြန်မာစာ၊ အင်္ဂလိပ်စာ၊ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)

(ခ) နေ့လယ်ပိုင်း(မွန်းလွဲ ၂နာရီ)
- မဟာသုတေသနဘွဲ့ (အထူးပြုအားလုံး)
- မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ (အထူးပြုအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့(ပထဝီဝင်၊ သမိုင်း ဓာတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ)

**အစမ်းလေ့ကျင့်ခြင်းနေ့ - ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)**
**- နံနက် (၉)နာရီ (နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ဘွဲ့တက်ရောက်ယူမည့်သူများအားလုံး)**

၂။ မအူပင်တက္ကသိုလ် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ မဟာသုတေသနဘွဲ့၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ ဂုဏ်ထူးတန်းဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ ရိုးရိုးဘွဲ့(ဝိဇ္ဇာ/သိပ္ပံ)စာမေးပွဲအောင်မြင်ခဲ့သူများ လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို မအူပင်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဘသင်ဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း-မိတ္တူ)နှင့် နောက်ဆုံးနှစ်ကျောင်းသားကတ်(မူရင်း-မိတ္တူ)တင်ပြတောင်းယူလျက် လွန်ခဲ့သောသုံးလအတွင်းရိုက်ကူးထားသောဓာတ်ပုံ (၂"×၁ $\frac{၁}{၂}$"အရွယ်) (၂)ပုံပူးတွဲ၍ လျှောက်ထားရပါ မည်။

၄။ ဘွဲ့တက်ရောက်ယူမည့်သူများသည် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရပါမည်။

၅။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးကို ပါမောက္ခချုပ် မအူပင်တက္ကသိုလ်သို့လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်သည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ်စသည်တို့ကို တိကျစွာဖော်ပြရမည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာ တင်သွင်းခြင်းကို ၁၄-၁၂-၂၀၁၇ ရက် (ကြာသပတေးနေ့)မှ စတင်ရယူ၍ ၂၉-၁၂-၂၀၁၇ရက် (သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

၇။ ဘွဲ့တက်ရောက်ယူမည်ဟုလျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီတွင် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။

၉။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့်မဆီလျော်သော ဝတ်စားဆင်ယင်မှုဖြင့် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မအူပင်တက္ကသိုလ် မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနဖုန်းနံပါတ်-၀၄၅-၃၀၁၄၀၊ ၀၉-၄၂၀၀၅၈၀၃၉၊ ၀၉-၄၅၁၂၃၆၇၁၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၁။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်ပါသည်။

**မော်ကွန်းထိန်း**
**မအူပင်တက္ကသိုလ်**

---

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### <u>အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း</u>

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၄/မမ/CME | အင်းစိန်နယ်မြေအတွက် 315 KVA နှင့် 500 KVA Transformer အပါအဝင် ဆက်စပ်လျှပ်စစ်ပစ္စည်း(၅၈)မျိုး |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၆ .၁၂ .၂၀၁၇ (အင်္ဂါနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၁.၁၂.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

---

### မြန်မာ့သစ်လုပ်ငန်း
### ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီ
- ၁၉-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၀၂၂)တန်
- ကျွန်းခွဲသား(၂၄၅)တန်
- အင်-ကညင်/အင်ကြင်း/ထောက်ကြန့် စကားဝါ၊ နှော (၂၇၂၂)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် - Ph;01-528764, E-mail;marketing 1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

# အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၅(ခ) နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀(က) (၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရောင်းရငွေနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူထံမှ တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကျသင့်ငွေပေးချေချိန်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထားသည့်ပြေစာကို စားသုံးသူထံသို့ ထုတ်ပေးရမည်ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါစားသောက်ဆိုင်များသည် ကျသင့်ငွေပေးချေချိန်တွင် စားသုံးသူများသို့ အခွန်အမှတ်တံဆိပ်အပြည့်အဝ ကပ်နှိပ်ထားသော ပြေစာများကို ထုတ်ပေးရန် တတိယအကြိမ်ပျက်ကွက်ခဲ့ခြင်းကြောင့် တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)အရ ဒဏ်ကြေးပေးဆောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစားသောက်ဆိုင်များအနေဖြင့် ထပ်မံပျက်ကွက်ကြောင်း အများပြည်သူမှ တိုင်ကြားလာပါက (သို့မဟုတ်) စိစစ်တွေ့ရှိပါက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၃(င)အရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စားသောက်ဆိုင်အမည် | လိပ်စာ | မှတ်ချက် |
|---|---|---|---|
| ၁ | Beautiful KTV | စီ/၇၊ မင်းရာဇာအိမ်ရာ၊ ရောဝဏ်လမ်း၊ သာကေတမြို့နယ် | |
| ၂ | ရွှေယုန်လေးစားသောက်ဆိုင် | ၉၂၇၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | |
| ၃ | သပြေရိပ်စားဖွယ်စုံ | ပြည်လမ်း(ဘောလုံးကွင်း)ဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | |

၃။ သို့ဖြစ်ပါ၍ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝရရှိရေးအတွက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပေးနိုင်ရန်နှင့် စားသုံးသူပြည်သူများမှလည်း ပြေစာအမှတ်တံဆိပ်အပြည့်အဝ ကပ်နှိပ်ထားသောပြေစာများကို တောင်းယူခြင်းဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)
## ဖုန်း-၀၉-၇၃၂၅၄၈၃၅

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို (၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန်ပျက်ကွက်နေပါသဖြင့် အဆိုပါ အသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသောကြောင့် မိမိတို့ပေးသွင်းရန်ကျန်ရှိနေသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး မပျက်မကွက်ပေးသွင်းကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**ရန်ကုန်ဂေါက်အသင်း**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉၄/၂၄၉၁၀ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### လမ်းတံတားဌာန
### ကတ္တရာအရည်ပြည့် (၆၀/၇၀) နှင့် အသင့်ကျို ကတ္တရာအရည်ပြည့် (၆၀/၇၀) ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ကတ္တရာအရည်ပြည့် (၆၀/၇၀) နှင့် အသင့်ကျို ကတ္တရာအရည်ပြည့် (၆၀/၇၀)များ ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၇ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း ကျောင်းသူ မမျိုးသန္တာနွယ်၏ဖခင် ဦးကျော်မင်းနိုင်၏အမည်မှန်မှာ ဦးကျော်မင်းလှိုင် ၉/ရမသ(နိုင်)၁၅၆၁၄၈ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်း ကျောင်းသား မောင်အောင်ခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဦး ၉/ရမသ(နိုင်)၀၀၂၅၆၆ နှင့် မိခင်အမည်မှန်မှာ ဒေါ်ယုယုနွယ် ၉/ရမသ(နိုင်)၀၀၀၂၀၇ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### နမ့်စန်မြို့နယ်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဒေါ်အိစန္ဒာထွေး **နှင့်** ဦးလှထွန်းအောင်

**တရားလို** **တရားပြိုင်**

အိမ်အမှတ် ၆၀၊ အမှတ်(၂) ကျေးရွာအုပ်စု၊ နမ့်စန်မြို့နေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးလှထွန်းအောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက် (၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းမောင်မောင်)**
**မြို့နယ်တရားသူကြီး**
**နမ့်စန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကလေးမြို့နယ်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၈

ဒုတိယတပ်ကြပ်အောင်နိုင် **နှင့်** မစန်းမြင့်ကြူ

**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းမြို့၊ မာဆားစုပေါင်းမြေစာပုံကျေးရွာနေ မစန်းမြင့်ကြူ (ဘ)ဦးမောင်ငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျိုးထောင်းလျှန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

## မော်လမြိုင်တက္ကသိုလ်
## (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန် ကြေညာချက်

မော်လမြိုင်တက္ကသိုလ်မှ အောက်ဖော်ပြပါပညာသင်နှစ်များ၏ သင်တန်းနှစ်အသီးသီးအတွက် (ဘွဲ့)စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများသည် မော်လမြိုင်တက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။ ဘွဲ့နှင်းသဘင်ကို ၁၃-၂-၂၀၁၈ ရက်နှင့် ၁၄-၂-၂၀၁၈ ရက်များတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၁၁-၁၂-၂၀၁၇ ရက်မှစ၍ မော်လမြိုင်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူလျက် တင်သွင်းလျှောက်ထားနိုင်ကြပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၁၂-၂၀၁၇ ရက်ဖြစ်ပါသည်။

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။

၂။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)နှင့် မဟာဥပဒေ(ဘွဲ့)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။

၃။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မဟာသုတေသန(ဘွဲ့)အောင်မြင်ပြီးသူများ။

၄။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(အဏ္ဏဝါသိပ္ပံ)အောင်မြင်ပြီးသူများ။

**ဘွဲ့နှင်းသဘင်တက်ရောက်ကြေး** - ကျပ် ၁၅၀၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ/-)

**ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး** - ကျပ် ၁၀၀၀၀/- (ကျပ်တစ်ထောင်တိတိ/-)

**မှတ်ချက်။** (က) လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် သုံးလအတွင်း နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံ(သုံးပုံ)ပူးတွဲ၍ လျှောက်ထားကြရမည်။

(ခ) အခြားသောပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့ကြေးများကို မိမိတို့ကိုယ်တိုင် မော်လမြိုင်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ တိုက်ရိုက်ပေးသွင်းနိုင်ပါသည်။

(ဃ) မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာ၊ ဘူမိဗေဒနှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်များဖြင့် ဘွဲ့စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) (ဧည့်) နိုင်ငံသားလက်မှတ်(သို့) နိုင်ငံသား(ပြု) လက်မှတ်မူရင်းတင်ပြ၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။

(င) ရပ်ဝေးမှ လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်သာ ပေးပို့မည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်/တက္ကသိုလ်စသည်များကို တိကျစွာ ဖော်ပြရမည်။

(စ) အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနစိတ် ဖုန်း-၀၅၇-၂၄၆၃၇၊ ၀၅၇-၂၇၁၅၃ တွင် စုံစမ်းနိုင်ပါသည်။

(ဆ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်နှင့် ကျင်းပမည့်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

**(သန်းသန်းအေး)**
**ဌာနမှူး(သင်တန်းရေးရာ)**
**မော်လမြိုင်တက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ငွေးပင်ဇင်ကျေးရွာနေ မသီတာငြိမ်းနွဲ့ Bsc.Sport နှင့် မအိငယ်စိုး တက္ကသိုလ်ဝင်တန်းတို့၏ဖခင် ဦးကျော်စိုး ၈/စလန(နိုင်)၀၄၇၁၃၂ နှင့် ဦးလှစိုးတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးကျော်စိုး (ခ)ဦးလှစိုး**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အလက အလယ်စု ပဉ္စမတန်းမှ မမြဖူးသွယ်၏ ဖခင်အမည်မှန်မှာ ဦးမြသိန်း ၁၄/ဟသတ(နိုင်)၀၃၆၁၄၄ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### မန္တလေးခရိုင်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၇၉

ဦးဝင်းမောင်ဌေး **နှင့်** ဗိုလ်ကြီးမောင်မောင်သန်း

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အမှတ်(၂)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနေ ဗိုလ်ကြီးမောင်မောင်သန်း (ကြည်း-၀၆၀၀၉) ၁၃/တကန(နိုင်)၁၀၆၅၂၃ (ဘ-ဦးကျော်အေး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝင်းမောင်ဌေးမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၅)၊ ဦးပိုင်အမှတ်(၉) မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၅ ရက် (၂၂-၁၂-၂၀၁၇) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## (၁၃)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု ဆရာကန်တော့ပွဲ
## ကျင်းပရေးအတွက် အလှူငွေထည့်ဝင်နိုင်ရန် နိုးဆော်လွှာ

၁။ ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီမှုအသင်းက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု သက်ကြီးဝါကြီး ဆရာကန်တော့ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **နေ့ရက်** - ၆-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့)

(ခ) **အချိန်** - နံနက် ၉ နာရီ

(ဂ) **နေရာ** - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

